# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

**ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)**


၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၁၉)


# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဥရောပသမဂ္ဂအဖွဲ့ရုံး သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ



တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဥရောပသမဂ္ဂအဖွဲ့ရုံး သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံစဉ်

**နေပြည်တော် ဩဂုတ် ၁၇**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဥရောပသမဂ္ဂအဖွဲ့ရုံး သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု အခြေအနေများနှင့် မြန်မာ- EU ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဦးအောင်ရွှေ၏ စျာပန အခမ်းအနား တက်ရောက်


စာ » ၃


## ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ငါးနိုင်ငံမှ ပြည်ဝင်ခွင့်ဗီဇာမလိုဘဲ သွားရောက်ဆေးကုသနိုင်

**နေပြည်တော် ဩဂုတ် ၁၇**

ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ သွားရောက်ဆေးကုသလိုသူများအနေဖြင့် ပြည်ဝင်ခွင့်ဗီဇာ မလိုအပ်ဘဲ ရက်ပေါင်း ၉၀ နေထိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆေးကုသမှုခံယူရန်အတွက် ထိုင်းနိုင်ငံရှိ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ဆောင်မှုပေးရေးဌာနမှ အသိအမှတ်ပြုထားသော ဆေးရုံ ၁၆၀ စာရင်းနှင့် ဆေးကုသမှုခံယူသူများမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆေးကုသမှုခံယူသူများသည် စာရင်းတွင်ပါဝင်သည့် ကုသလိုသောဆေးရုံသို့ ဆက်သွယ်၍ ရက်ချိန်းရယူကာ ဆေးကုသရန် နေထိုင်ခွင့် ရက်ပေါင်း ၉၀ ရရှိရေး


*စာမျက်နှာ ၃ ကော်လံ ၁* ◆





မြန်မာ့အလင်း

# ကြိုဆိုရမည့် အကြံပြုချက်များ

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးသည် အရေးကြီးသော ကိစ္စရပ်တစ်ခု ဖြစ်ပါသည်။ ဖြစ်နိုင်ခြေရှိသော ပို့ကုန်အမယ်သစ်များ၌ ငါးအပါအဝင် ရေထွက်ကုန်များလည်း ပါဝင်ပါသည်။ ဤကဲ့သို့ ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့ရာ၌ အဆိုပါ ပို့ကုန်အမယ်သစ်များအတွက် ဈေးကွက်ရရှိရေးသည် အရေးကြီးသော အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ သို့ဖြစ်၍ ပို့ကုန်အလိုက် ဖြစ်နိုင်ခြေရှိသော ဈေးကွက်သတ်မှတ်ရေးကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ တစ်နည်းဆိုသော် ဈေးကွက်ရွေးချယ်ရေးကို မှန်မှန်ကန်ကန်ပြုလုပ်ရမည် ဖြစ်ပါသည်။

အဆိုပါ သဘောကို မြန်မာ့ငါးမွေးမြူရေးလုပ်ငန်းအခြေအနေနှင့် ထင်ဟပ်၍ တင်ပြလိုပါသည်။ မြန်မာ့ငါးမွေးမြူရေးလုပ်ငန်းရှင်တို့သည် မြန်မာ့ငါးပို့ကုန်တို့ကို ဥရောပသမဂ္ဂသို့ တင်ပို့ရန် ကြိုးပမ်းလျက်ရှိပါသည်။ ဥရောပသမဂ္ဂသည် ဝယ်နိုင်အားကြီးမား၍ ကျယ်ပြန့်သော ဈေးကွက်ဖြစ်နေခြင်းကြောင့် ယခုကဲ့သို့ ကြိုးပမ်းနေခြင်း ဖြစ်ပါသည်။ သို့သော် ဥရောပသမဂ္ဂ၏ အရည်အသွေးစံနှုန်းသတ်မှတ်ချက် မြင့်မားမှုကြောင့် ပစ္စုပ္ပန်အခြေအနေ၌ မြန်မာ့ငါးမွေးမြူရေးလုပ်ငန်းရှင်တို့ ရင်ဆိုင်ကျော်ဖြတ်ရမည့် အခက်အခဲများစွာရှိနေပါသည်။ အချက်အလက် ကိန်းဂဏန်းအရ တင်ပြရပါက မြန်မာ့ရေထွက်ကုန်တင်ပို့မှု၏ နှစ်ရာခိုင်နှုန်းကိုသာ ဥရောပသမဂ္ဂသို့ တင်ပို့နေခြင်းဖြစ်ပါသည်။

မြန်မာ့ရေထွက်ကုန်တင်ပို့မှု၏ ကျန်သော ၉၈ ရာခိုင်နှုန်းကို အာရှဈေးကွက်သို့သာ တင်ပို့နေခြင်းဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ မြန်မာ့ရေထွက်ပို့ကုန်အများစုကို တရုတ်၊ ထိုင်း၊ စင်ကာပူနှင့် မလေးရှား နိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ပါသည်။ ဤပကတိအနေအထားကို ထင်ဟပ်လျက် ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံအဖွဲ့ (**United Nations Conference on Trade and Development UNCTAD**) က မြန်မာ့ငါးမွေးမြူရေးလုပ်ငန်းရှင်တို့အနေဖြင့် အာရှနိုင်ငံများကို ပစ်မှတ်ထား၍ အာရှနိုင်ငံများအကြိုက် ငါးများ မွေးမြူတင်ပို့ရန် အကြံပြုခြင်းသည် သင့်မြတ်လျော်ကန်သော အကြံပြုချက်ဖြစ်ပါသည်။

ဖြစ်နိုင်ခြေရှိသောဈေးကွက်ကို ရွေးချယ်ပြီးစီးပါက အဆိုပါ ဈေးကွက်ဖွံ့ဖြိုးလာရေးအတွက် သက်ဆိုင်ရာလုပ်ငန်းရှင်တို့က ကြိုးပမ်းအားထုတ်မှုအရပ်ရပ်ကို ပြုလုပ်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ကလည်း ဖြစ်သင့်ဖြစ်ထိုက်သည့် ပံ့ပိုးမှုတို့ကို ဖြည့်ဆည်းပေးရမည်ဖြစ်ပါသည်။ မြန်မာ့ငါးမွေးမြူရေးလုပ်ငန်းရှင်တို့ လိုအပ်လျက်ရှိသော မျိုးသားပေါက် အလုံအလောက်ရရှိရေးအပါအဝင် တခြားသောနည်းပညာဆိုင်ရာ လိုအပ်ချက်တို့ ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်က ဦးဆောင်မှုဝါဒချမှတ် အကောင်အထည်ဖော်သွားရမည်ဖြစ်ပါသည်။ သုတေသနလုပ်ငန်းတို့ကို မြေတောင်မြှောက်ဖွံ့ဖြိုးစေမည့် ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်နှင့် ပညာရပ်ဆိုင်ရာသင်တန်းတို့ကိုလည်း နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။ ခြုံ၍ တင်ပြရပါက ငါးလုပ်ငန်းပို့ကုန်များ ကုန်သွယ်ရေး၊ စီမံခန့်ခွဲမှုနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ အကြံပြုချက်များသည် တိုင်းပြည်၏ ပကတိအခြေအနေကို ထင်ဟပ်လျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

၁၈-၈-၂၀၁၇(သောကြာနေ့)

နံနက်ပိုင်း

| | | |
|---|---|---|
| ၆း၀၀ | - | **မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်** |
| ၇း၀၀ | - | Breakfast News |
| ၈း၃၅ | - | **မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း** |
| ၉း၀၅ | - | မျက်မှောက်ရေးရာအဖြဖြာ |
| ၁၄း၁၅ | - | (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ (အမျိုးသား) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(မြန်မာအသင်း နှင့် ဘရူနိုင်းအသင်း)** |

ညပိုင်း

| | | |
|---|---|---|
| ၁၆း၃၅ | - | World of Innovations |
| ၁၈း၂၀ | - | **သိမှတ်စေချင် အာဆီယံတစ်ခွင်** |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | **မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင် သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း** |
| | - | **(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအစီအစဉ်** |

# ဆီတင်သင်္ဘောသားများ အမြင့်ဆုံးလစာရရှိသော်လည်း စွန့်စားရမှုများရှိနေ

**ရန်ကုန် ဩဂုတ် ၁၇**

မြန်မာနိုင်ငံမှ Tanker သင်္ဘောလိုက်သော သင်္ဘောသားများအနေဖြင့် အခြားသင်္ဘောသားများထက် လစာပိုမိုရရှိနေသော်လည်း သတ်မှတ်ထားသော အထူးသင်တန်းများ တက်ရောက်ထားရန်လိုအပ်ကြောင်း ဆီတင်သင်္ဘောသားများ အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

"မြန်မာနိုင်ငံကို ဆီတင်သင်္ဘောဝင်ရောက်မှုမှာ တစ်ရက်ကို သုံးစင်းလောက်ရှိနေပါတယ်။ ဒီအချိန်မှာ ဆီတင်သင်္ဘောတွေမှာလိုက်တဲ့ သင်္ဘောသားလိုအပ်ချက်ကလည်း များပြားလာသလို ဒီသင်္ဘောတွေမှာ လိုအပ်တဲ့အရည်အချင်းတွေက သာမန်သင်္ဘောသားတွေနဲ့ မတူပါဘူး။ ဆီတင်သင်္ဘောတွေမှာ သင်္ဘောသားတစ်ယောက်ရဲ့ သတ်မှတ်အရည်အချင်းတွေ၊ သင်တန်းလက်မှတ်တွေရှိရမယ့်အပြင် Tanker သင်္ဘောနဲ့ ပတ်သက်တဲ့ အထူးသင်တန်းတွေကိုလည်း တက်ရောက်ထားရမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ သင်္ဘောသားအသင်းဥက္ကဋ္ဌဟောင်း ဦးဝင်းငွေက ပြောသည်။

ဆီတင်သင်္ဘောများပေါ်တွင် တွေ့ကြုံရလေ့ရှိသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ဆီတင်သင်္ဘောသားများ၏ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ် ၁၅ ရက်က ရန်ကုန်မြို့ ပက်(ခ်)ရွိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် Tanker သင်္ဘောလိုက်နေသော သင်္ဘောသားအရာရှိများ တက်ရောက်ခဲ့ပြီး သင်္ဘောပေါ်တွင်ဖြစ်ပွားတတ်သော မတော်တဆပေါက်ကွဲမှုများ၊ မီးလောင်မှုများ၊ ဘေးအန္တရာယ်ဖြစ်မှုများအပေါ် အပြန်အလှန် အတွေ့အကြုံဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှ Tanker သင်္ဘောလိုက်နေသည့် သင်္ဘောသား ၅၀၀၀ ခန့်ရှိကြောင်း၊ မြန်မာသင်္ဘောသားများအနေဖြင့် Tanker သင်္ဘောများပေါ်တွင် လစာပိုမိုရရှိနေသော်လည်း စွန့်စားရမှုများပြီး သင်္ဘောလိုက်ရန် နည်းပါးလာကြောင်း သိရသည်။

Tanker သင်္ဘောများပေါ်တွင် အမြင့်ဆုံး သင်္ဘောကပ္ပတိန်၏လစာမှာ ဒေါ်လာ ၁၀၀၀၀ ခန့်၊ Chief Engineer ဒေါ်လာ ၈၆၀၀၊ Second Officer ဒေါ်လာ ၄၆၀၀၊ Third Officer ဒေါ်လာ ၃၅၀၀၊ Pump man ဒေါ်လာ ၁၅၅၀ နှင့် အနိမ့်ဆုံးအဆင့် ဒေါ်လာ ၁၃၇၀ ခန့် ရရှိကြောင်း၊ သင်္ဘောပေါ်သို့ စတင်တက်ရောက်သည့် သင်္ဘောသားအဆင့်ပင်လျှင် Tanker သင်္ဘောလိုက်သော သင်္ဘောသားမှာ ဒေါ်လာ ၈၇၀ ခန့် ရရှိနေကြောင်း အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-အေးကေလင်း**

ထင်သာမြင်သာပြုပြင်စရာ

# လယ်သမားများအသုံးပြုနေသည့် ကန်ညီနောင်ပြန်လည်ပြုပြင်ပေးရန် လိုအပ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နံ့သာကျေးရွာအုပ်စု အောင်းကုန်းကျေးရွာနှင့် အင်ပင်ကျေးရွာရှိ တောင်သူလယ်သမားအများစု မိုးစပါးများစိုက်ပျိုးလုပ်ကိုင်သည့်အခါ စိုက်ရေ၊ အောင်ရေ အဓိက အားအထားရဆုံးဖြစ်သည့် လယ်ယာမြေ ဧကတစ်ထောင်ကျော်ကို ရေယူသွင်းနေသည့် ကန်ညီနောင်အား ပြန်လည်ပြုပြင်ပေးရန် လိုအပ်နေကြောင်း သိရသည်။

"မိုးစပါးစိုက်တဲ့အခါမှာ အားထားရတဲ့ ကန်ညီနောင်ကြီးကို ပြုပြင်သင့်တယ်။ ဘာကြောင့်လဲဆိုတော့ မြက်ပင်တွေထူထပ်လာတဲ့အခါမှာ ကန်ဟာ တိမ်ကောတာ မြန်လာမယ်။ နောက်ပြီး ကန်နယ်နိမိတ်ကို လယ်ယာမြေတွေ တိုးချဲ့လာမယ်"ဟု လယ်သမားတစ်ဦးက ပြောကြားသည်။

ကန်ညီနောင်ကြီးသည် ယခင်ကကန်အကျယ် ဧက ၆၀ ဝန်းကျင်ရှိသော်လည်း ကန်ဇရိယာများကို စနစ်တကျသတ်မှတ်ထားခြင်းမရှိသောကြောင့် ဧက ၃၀ ဝန်းကျင် ခန့်သာရှိတော့ကြောင်း၊ ယခုအခါ မြက်ပင်များထူထပ်ကာ ရေပြင်မမြင်ရဘဲ ရှိနေသောကြောင့် ပြန်လည်ပြုပြင်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။



**သန်းမောင်လေး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၇-၈-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၇ ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၀ ·၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၈၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၂ |
| တရုတ် | တစ်ယွမ် | ၂၀၃ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ ·၇ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ဦးအောင်ရွှေ၏ ဈာပနအခမ်းအနား တက်ရောက်

**ရန်ကုန် ဩဂုတ် ၁၇**

သံအမတ်ကြီး(အငြိမ်းစား)၊ ဗိုလ်မှူးချုပ်ဟောင်း၊ စည်သူ၊ သရေစည်သူ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမအဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း အသက် ၁၀၁ နှစ်ရှိ ဦးအောင်ရွှေ၏ ဈာပနအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ရေဝေး သုသာန်၌ ပြုလုပ်သည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဦးအောင်ရွှေသည် ဩဂုတ် ၁၃ ရက် ညပိုင်းက ရန်ကုန်မြို့ရှိ ဝိတိုရိယ ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သဖြင့် ယနေ့နံနက်ပိုင်းတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ကာ အရိုးပြာကို ဂူသွင်းခဲ့သည်။

ဦးအောင်ရွှေ၏ဈာပနသို့ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မိသားစုဝင်များ လိုက်ပါပို့ဆောင်ခဲ့ကြသည်။

အဆိုပါ ဈာပနအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ဂုဏ်ပြုအမှတ်တရစကား ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဂျင်မီတို့က ဂုဏ်ပြုအမှတ်တရစကားပြောကြားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင် ဒေါက်တာမျိုးညွန့်က ဦးအောင်ရွှေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ဖတ်ကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူးအဖွဲ့ဝင် ဦးညဏ်ဝင်းက ဂါရဝပြုအမိန့်ပြန်တမ်း ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။

**သတင်း - မင်းသစ်(MNA)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဦးအောင်ရွှေ၏ ဈာပနအခမ်းအနားသို့ တက်ရောက်ကြစဉ် (သတင်းစဉ်)



## နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဗြိတိန်သံရုံးတို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ဗြိတိန်သံရုံးတို့ပူးပေါင်း၍ "Workshop on Striking a Right Balance between Freedom of Expression and Hate Speech" အမည်ရှိ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက်တွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးကျော်ထွန်းနှင့် ရန်ကုန်မြို့ရှိ ဗြိတိန်သံရုံး၏ သံရုံးယာယီတာဝန်ခံ Mr.David Hall တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လွတ်လပ်စွာပြောဆိုမှု၊ အမုန်းစကားကာကွယ်တားဆီးမှုတို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာစံနှုန်းများ၊ အမုန်းစကားကာကွယ်တားဆီးရေးအတွက် နိုင်ငံများ၌ ပြည်တွင်းဥပဒေပြုဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်လေ့လာရေးကော်မတီ (JMC – S) (ရှမ်း)အဖွဲ့က လွိုင်လင်မြို့နယ် ကျူယုံးကျေးရွာ၌ ဒေသခံများနှင့် တွေ့ဆုံ

**လွိုင်လင် ဩဂုတ် ၁၇**

ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်လေ့လာရေးကော်မတီ (JMC-S) (ရှမ်း)ဥက္ကဋ္ဌ ဗိုလ်ချုပ် သန်းလှိုင်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၇ နံနက် ၈ နာရီခွဲက လွိုင်လင်မြို့နယ် ကျူယုံးကျေးရွာ ဘုန်းကြီးကျောင်းတွင် ကျေးလက်နေပြည်သူများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်လေ့လာရေးကော်မတီ (JMC-S) (ရှမ်း)ဥက္ကဋ္ဌ ဗိုလ်ချုပ် သန်းလှိုင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် JMC-S (ရှမ်း) ဒုတိယဥက္ကဋ္ဌ - ၂ ဦးဝင်းတင့်က အမှာစကားပြောကြားသည်။ ထို့နောက် JMC-S(ရှမ်း) အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က JMC ၏ လုပ်ငန်းစဉ်များကို လည်းကောင်း၊ ရဲမှူးချုပ် အောင်အောင်က NCA / CoC နှင့် တိုင်ကြားမှုဆိုင်ရာများကို လည်းကောင်း၊ ခွန်စိုးထွန်းအောင်က အရပ်သားပြည်သူများနှင့် ပတ်သက်၍ နှစ်ဖက်တပ်ဖွဲ့များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းဆိုင်ရာများကို လည်းကောင်း ပရိုဂျက်တာများဖြင့် အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ JMC-S (ရှမ်း) အတွင်းရေးမှူး - ၂ ဒုတိယဗိုလ်မှူးကြီး လင်းထင်ကျော်က ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စစ်ဘက်ကျင့်ဝတ်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် JMC –U အဖွဲ့ဝင် ဦးစိုင်းမျိုးသန့်က NCA ဆိုင်ရာ သိသင့်သိထိုက်သည့် အချက်များကို ရှမ်းဘာသာဖြင့် ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်လေ့လာရေး ကော်မတီ (JMC-S) (ရှမ်း)ဥက္ကဋ္ဌ ဗိုလ်ချုပ် သန်းလှိုင်က နိဂုံးချုပ်အမှာစကား ပြောကြားကာ လူထုတွေ့ဆုံပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ လူထုတွေ့ဆုံပွဲသို့ လွိုင်လင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းနှင့် လွိုင်လင်-ပင်လုံရှိ ဌာနဆိုင်ရာများနှင့် ကျေးလက်နေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မိုးလွင်ဦး (လွိုင်လင်)**



◆ *ရှေ့ဖုံးမှ*

အတည်ပြုစာအတွက် လူနာနှင့် လူနာရှင်တို့၏ အချက်အလက်များကို ပေးပို့ပေးရမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ရက်ပေါင်း ၉၀ ပြည့်ဝင်ဗီဇာ မလိုအပ်ဘဲ နေထိုင်ဆေးကုသခွင့်ရရှိရေးအတွက် လူနာနှင့် လူနာရှင်တို့သည် ဆေးရုံမှ အတည်ပြုစာနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဆေးရုံ ၁၆၀ စာရင်းနှင့် အသေးစိတ်လျှောက်ထားပုံတို့ပါရှိသည့် ထုတ်ပြန်ချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ တရားဝင်လူမှုမီဒီယာတွင်လည်း ဖော်ပြထားသည်။ **ရှင်မင်း**


# မြန်မာနိုင်ငံနှင့် EU တို့အကြား ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်နိုင်ခဲ့မှုအခြေအနေများဆွေးနွေး

**နေပြည်တော်  ဩဂုတ်  ၁၇**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့(EU)တို့အကြားနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်နိုင်ခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာများနှင့် တပ်မတော်၏ ပြုပြင်ပြောင်းလဲမှုများအပေါ် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာတို့ တွေ့ဆုံဆွေးနွေးစဉ်**
(သတင်းစဉ်)

## မိတ္ထီလာ၌ လိန်တောကြိုးပြင်ကာကွယ်တောသတ်မှတ်နိုင်ရေး ဆောင်ရွက်

**မိတ္ထီလာ ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လိန်တောကျေးရွာအုပ်စုအနီး၌ တည်ရှိသည့် သစ်တောမြေကို လိန်တောကြိုးပြင်တောအဖြစ် သတ်မှတ်နိုင်ရေးအတွက် သစ်တောကြေးတိုင်ပုံစံ-၁ အား ကျေးရွာဒေသခံများသိရှိနားလည်နိုင်ရေးအတွက် ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်



ဦးဘထွန်းနှင့် ဝန်ထမ်းများက သွားရောက်အသိပညာပေး ရှင်းလင်းပြောကြားကြောင်း သိရသည်။

လိန်တောကျေးရွာအုပ်စု ကျောင်းရာကန်ကျေးရွာ လူငယ်အားမာန်စာကြည့်တိုက်အတွင်း ကျေးရွာဒေသခံများနှင့် တွေ့ဆုံပြီး မိတ္ထီလာမြို့အတွင်း လိန်တောကျေးရွာအုပ်စုအနီး တည်ရှိသည့် သစ်တောမြေအား လိန်တောကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်နိုင်ရန်အတွက် သစ်တောကြေးတိုင်ပုံစံ (၁)အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အမိန့်ကြော်ငြာစာအမှတ် ၉၉/၂၀၁၇ အရ ခန့်အပ်ထားသည့် ကြေးတိုင်အရာရှိက ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း၊ သစ်တောကြေးတိုင်ပုံစံ-၁ ထုတ်ပြန်ပြီးနောက် အဆိုပါမြေအား ကြိုးပြင်ကာကွယ်တောအဖြစ် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ အပြီးသတ်အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းမပြုမီ အချိန်အတွင်း သစ်တောကြေးတိုင်အရာရှိနှင့် ၎င်းအား ဆက်ခံသူ၏ ခွင့်ပြုချက်မှတစ်ပါး အဆိုပါမြေနေရာပေါ်၌ အိမ်ရာသစ်ဆောက်လုပ်ခြင်း၊ စိုက်ခင်းတည်ထောင်ခြင်း၊ တောင်ယာစိုက်ပျိုးရန်မှအပ လယ်ယာစိုက်ပျိုးရန်နှင့် အခြားကိစ္စတစ်စုံတစ်ရာအတွက် တောခုတ်ထွင်ရှင်းလင်းခြင်း၊ ရောင်းဝယ်ဖောက်ကားရန်အတွက် သစ်ပင်ခုတ်လှဲခြင်းတို့ ပြုလုပ်ခွင့်မပြုကြောင်း၊ သို့သော် ကြိုးပြင်ကာကွယ်တောအဖြစ် အပြီးသတ် မသတ်မှတ်မီကာလအတွင်း ထိုမြေပေါ်၌ တောင်ယာစိုက်ပျိုးလေ့ရှိသူအား တရားသဖြင့် တောခုတ်ထွင်ရှင်းလင်းခြင်းကိုမူ တားမြစ်မည်မဟုတ်ကြောင်း၊ သတ်မှတ်မြေနေရာနှင့် ယင်းနေရာမှ သစ်တောထွက်ပစ္စည်းပေါ်တွင် စိတ်ဝင်စားသူများသည် ဆိုင်ရာဆိုင်ခွင့်ရရှိရေးအတွက် အရေးဆိုခြင်း၊ တောင်ယာစိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိရန် အရေးဆိုခြင်း စသည်တို့ကို အောက်တိုဘာ ၃၁ ရက်မတိုင်မီ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနများသို့ စာဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း တင်သွင်းလျှောက်ထားနိုင်ကြောင်း တောအုပ်ဦးဘထွန်းနှင့် ဝန်ထမ်းများက အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

လိန်တောကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်မည့် လိန်တောအဆိုပြု ကြိုးပြင်ကာကွယ်တော အကျယ်အဝန်းမှာ ၆၅ ဧက (၀ ဒသမ ၁၀ စတုရန်းမိုင်)ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ကျန်းမာပျော်ရွှင်သော ဒုတိယအကြိမ် မိနစ် ၂၀ ထမင်းချိုင့် အမြန်ထည့် စိန်ခေါ်ပွဲကြီးကျင်းပ

**ရန်ကုန်  ဩဂုတ်  ၁၇**

ဒုတိယအကြိမ်မြောက် “ Super Flash Lunch Box Competition” မိနစ် ၂၀ ထမင်းချိုင့် အမြန်ထည့်စိန်ခေါ်ပွဲကြီးကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပကြောင်း မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း (MRA)မှ သိရသည်။

“ဒီနေ့ ပြိုင်ပွဲကတော့ မိနစ် ၂၀ အတွင်း ထမင်း/ဟင်းတွေကို အမြန်ချက်ပြုတ်ပြီး ထမင်းချိုင့်ထည့်နိုင်အောင် ဆောင်ရွက်တဲ့ပြိုင်ပွဲပါ။ အဓိကကတော့ အိမ်ရှင်မတွေအနေနဲ့ ကိုယ့်ရဲ့ကျောင်းသွား၊ အလုပ်သွား သားသမီးတွေကို သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝတဲ့ထမင်းဟင်းတွေကို အမြန်ချက်ပြုတ်ထည့်ပေးနိုင်အောင် ဆောင်ရွက်နိုင်စေဖို့ ကျင်းပတာပါ။ ပြိုင်ပွဲဝင်တွေရဲ့ချက်ပြုတ်ယှဉ်ပြိုင်မှုကို နည်းစနစ်ပိုင်းမှန်ကန်မှု ရှိ/မရှိ ဒိုင်တွေကလိုက်ကြည့်နေပြီး ချက်ပြုတ်ပြီးတဲ့အပေါ်မှာ အရသာမှန်ကန်မှု၊ ကောင်းမွန်မှုတွေကိုကြည့်ပြီး အမှတ်ပေးသွားမှာပါ။ ယနေ့ခေတ်မှာ အသင့်စား အစားအစာတွေကလည်း ပေါ်ထွက်နေတယ်။ ဒီအပေါ်မှာ သန့်ရှင်းသပ်ရပ်ပြီး အရသာရှိတဲ့ အစားအစာတွေဖြစ်ပေါ်လာအောင် လျင်မြန်စွာဖန်တီးနိုင်ဖို့ ရည်ရွယ်တာလည်း ပါပါတယ်”ဟု မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ (၂)ဦးမြတ်ဆွေမြင့်က ပြောသည်။

ပြိုင်ပွဲဝင်များနှင့် ပြပွဲလာရောက်အားပေးကြည့်ရှုသော ပရိသတ်များအနေဖြင့် သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝသော ထမင်းချိုင့်ကို အချိန်တိုအတွင်း ပြင်ဆင်လာနိုင်ခြင်း၊ တစ်နေ့တာအတွက် ကျန်းမာပျော်ရွှင်၍ တန်ဖိုးရှိသော လူမှုဘဝအချိန်များကို ရရှိပိုင်ဆိုင်နိုင်စေခြင်း၊ မြို့ပြလူနေမှုအဆင့်အတန်းများ တိုးတက်ပြောင်းလဲလာမှုအပေါ် နေ့စဉ်နှင့်အမျှ လုပ်ငန်းခွင်ဝင်နေရသော ဝန်ထမ်းများ၊ ကာယဉာဏလုပ်သားများ၏ နေ့လယ်စာထမင်းချိုင့်ကို အိမ်မှမထွက်မီ ပြင်ဆင်ထုပ်ပိုးရခြင်းအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေခြင်း၊ လွယ်ကူလျင်မြန်သောပုံစံဖြင့် ပြောင်းလဲပြင်ဆင်ထုပ်ပိုးနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက ကျင်းပခြင်းဖြစ်



ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များသည် ဟိုတယ်၊ စားသောက်ဆိုင်၊ ချိုင့်ဆွဲပို့ဆောင်ရေးလုပ်ငန်းများနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော ချက်ပြုတ်ရေးဝန်ထမ်းများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သိရသည်။ ပြိုင်ပွဲတွင် ယခင်နှစ်ပြိုင်ပွဲများအတိုင်း ပြိုင်ပွဲဝင်ဦးရေ စုစုပေါင်း ၁၆ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ကနဦး ၁၆ ဦး အဆင့်ရွေးချယ်ကာ Quarter Final၊ Semi Final၊ Final ဟူ၍ အဆင့်လေးဆင့်ခွဲ၍ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ နှစ်ဦးထိပ်တိုက်တွေ့ဆုံယှဉ်ပြိုင်စေပြီး ၎င်းတို့နှစ်ဦးအနက်မှ တစ်ဦးကို ရွေးချယ်မည် ဖြစ်သည်။ နောက်ဆုံးအဆင့်တွင် ပထမနှင့် ဒုတိယဆုနှစ်ဦး ရွေးချယ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုငွေကျပ် ငါးသိန်းနှင့် ဂုဏ်ပြုဆုတံဆိပ်၊ ဒုတိယဆုရရှိသူအား ဆုငွေကျပ် သုံးသိန်းနှင့် ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အချက်အပြုတ်ပြိုင်

**လွိုင်လင်  ဩဂုတ်  ၁၇**

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်ခရိုင်နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အချက်အပြုတ်ပြိုင်ပွဲကို ဩဂုတ်လဒုတိယပတ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ချက်ပြုတ်ပြီး အစားအစာများကို အကဲဖြတ်အမှတ်ပေးဒိုင်များက စစ်ဆေးမေးမြန်းကြပြီး စံပြမိခင်ဆုပေးပွဲနှင့် အချက်အပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ကျင်းပရာ အချက်အပြုတ်ပြိုင်ပွဲတွင် ဆုရရှိသူများက လွိုင်လင်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် အဖွဲ့ဝင်များ၊ လွိုင်လင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားမှု၊ သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးအောင်၏ ကြီးကြပ်မှုဖြင့် သထုံမြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်ဦးဆောင်သော မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးယာဉ်သည် ဩဂုတ် ၁၆ ရက်က နောင်ကုလားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား မူးယစ်ဆေးဝါးအသိပညာပေးဟောပြောစဉ်**  နန္ဒကျော်စွာ

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  ဩဂုတ် ၁၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**(မိုး/ဇလ)**

# မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံး ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

**မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်း Maha Land Business Centre ရှိ အမှတ်(၅၆) ၅-လွှာ၌ ကျင်းပသည်။**



ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် စင်ကာပူနိုင်ငံအခြေစိုက် မက္ကဆီကိုသံရုံးမှ သံအမတ်ကြီး H.E. Mr. Nathan Wolf တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် သံအမတ်ကြီး H.E. Mr. Nathan Wolf နှင့် မက္ကဆီကို ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးစစ်တိုင်းအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက ကောင်စစ်ဝန်ရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ညပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံး ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ Melia Yangon Hotel ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ သံအမတ်ကြီး H.E. Mr. Nathan Wolf နှင့် မက္ကဆီကို ဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဦးစစ်တိုင်းအောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သံအမတ်ကြီး H.E. Mr. Nathan Wolf က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးတို့အား အမှတ်တရလက်ဆောင် ပေးအပ်သည်။

မြန်မာနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၇၆ ခုနှစ်မှ စတင်ခဲ့ကြောင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ရန်အပြင် မြန်မာနိုင်ငံရှိ မက္ကဆီကိုနိုင်ငံသားများကို ကူညီစောင့်ရှောက်ပေးရန်နှင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် မက္ကဆီကိုနိုင်ငံသားများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကို ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးယန္တရားဆိုင်ရာ ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ အိမ်ရှင်အဖြစ်လက်ခံ၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ-ကိုရီးယား အစီအစဉ်စီမံခန့်ခွဲမှုအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး ယန္တရားဆိုင်ရာ ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။**(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲအား အာဆီယံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး H.E. Suh, Jeong-in နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူတို့က အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၇၁ ဦးတက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများအတွက် စီမံကိန်းအဆိုပြုလွှာရေးဆွဲခြင်း၊ ထိရောက်စွာ အကောင်အထည်ဖော်ခြင်းနှင့် စီမံကိန်းပြီးစီးခြင်းဆိုင်ရာ လုပ်ငန်းများအပေါ် နည်းလမ်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ကိုရီးယားသမ္မတနိုင်ငံက အထောက်အပံ့ပေးမည့် စီမံကိန်းများကို ပိုမိုသိရှိနိုင်စေရေးအတွက် အလေ့အကျင့်ကောင်းများ ရှင်းလင်းဖော်ထုတ်ခြင်းနှင့် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအောက်မှ အကောင်အထည်ဖော်မည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရာတွင် ထိရောက်မှုရှိစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းမှယာဉ်များ အမြန်ဆုံးဖယ်ရှားပေးရန် စည်ပင်မှ မေတ္တာရပ်ခံချက်ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၁၇**

ဩဂုတ် ၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းရှိ သီရိမင်္ဂလာဈေးဟောင်း (ယခုသီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်း)အား အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ကြောင်း ကြော်ငြာတစ်ခု ပါရှိလာခဲ့သည်။

ထို့အပြင် ယင်းနေ့ညနေ ၃ နာရီခန့်တွင် စည်ပင်ဝန်ထမ်းများက ယာဉ်ရောင်းဝယ်ရေးအဆောက်အအုံအတွင်း စည်ပင်အခွန်ဌာနက ဩဂုတ် ၁၆ ရက်စွဲဖြင့် ထုတ်ပြန်ထားသော မေတ္တာရပ်ခံချက်စာများကို လိုက်လံကပ်ခဲ့ကြသည်။

စာပါအချက်မှာ “စခန်းဖွင့်ထားသည့် အဆောက်အအုံမှာ အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ပြီးဖြစ်ပါသဖြင့် စခန်းအား ဩဂုတ် ၁၇ ရက်တွင် ပိတ်သိမ်းလိုက်ပါသည်။ မိမိတို့အစီအစဉ်ဖြင့် ယာဉ်များကို စခန်းအတွင်းမှ အမြန်ဆုံးဖယ်ရှားပေးပါရန် မေတ္တာရပ်ခံပါသည်”ဟု ဖော်ပြထားသည်။

ထပ်မံ၍ ဖော်ပြထားသည်မှာ “ယာဉ်ရပ်နားရန် အခက်အခဲရှိပါက လှိုင်၊ သံသုမာ၊ အောင်မင်္ဂလာအဝေးပြေးကွင်းနှင့် ယာဉ်ရပ်နားကွင်း အမှတ်(၃)တို့တွင် နေရာလစ်လပ်မှုအပေါ်မူတည်၍ သွားရောက်ရပ်နားနိုင်ကြောင်း”ဖြစ်သည်။

မော်တော်ယာဉ်ရောင်းဝယ်ရေးအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးအောင်သန်းဝင်းက “သူတို့ထုတ်တဲ့မေတ္တာရပ်ခံစာက မပီပြင်ဘူး၊ စာအမှတ် ထုတ်ပြန်သူရဲ့အမည်နာမ၊ ရာထူးမပါဘူး၊ နောက်သတင်းစာမှာ ကြော်ငြာပါပြီး ညနေ ၃ နာရီမှာ စာကပ်တာ၊ နောက်နေ့ ၁၇ ရက်မှာ ဖယ်ရှားပေးပါဆိုတော့ မြန်ဆန်လွန်းအားကြီးတယ်၊ ကြိုတင်စာပို့သင့်တယ်”ဟု ဆိုသည်။

ထို့နောက် “တကယ်လို့ မဖြစ်မနေပြောင်းပေးရမယ်ဆိုလည်း ပြောင်းပေးရမှာပေါ့။ အခုလို အပေါ်က အင်္ဂတေလေးကွာကျရုံနဲ့လောက်တော့ အန္တရာယ်ရှိအဆောက်အအုံအဖြစ် ကြေညာပြီး ချက်ချင်းအမြန်ပြောင်းခိုင်းတာကိုတော့ ပြန်စဉ်းစားသင့်ပါတယ်။ ကျွန်တော်တို့ကို အချိန်ပေးပါ။ နောက် အန္တရာယ်ရှိအဆောက်အအုံ ဟုတ်မဟုတ်ကို ကျွမ်းကျင် တဲ့ပညာရှင်တွေနဲ့ တိတိကျကျ ပြန်စစ်ဆေးပေးစေချင်ပါတယ်။ ပြင်သင့်တဲ့နေရာပြင်ပေါ့၊ နောက် ဒဂုံတောင်မြို့နယ် မောင်းမကန်လမ်းမှာ နေရာချထားပေးထားတာရှိတယ်။ အခုတစ်နှစ်နဲ့ နှစ်လကျော်ပြီ။ အကောင် အထည်မပေါ်သေးဘူး၊ ကျွန်တော်တို့မှာ ယာဉ်ရပ်နားစခန်း ၂၁ ခုရှိတယ်၊ ယာဉ်အစီးရေ ၃၀၀၀ လောက်အတွက် တစ်ပေါင်း တည်း ဖြစ်စေချင်ပါတယ်”ဟု ရှင်းပြသည်။

ယာဉ်ရောင်းဝယ်ရေးစခန်းမှ ဦးကျော်နိုင်က “အင်္ဂတေသားအနည်းငယ်လောက်ကွာကျရုံနဲ့ အန္တရာယ်ရှိအဆောက်အအုံအဖြစ် ချက်ချင်းကြီး ကြေညာတာကတော့ ပွင့်လင်းမြင်သာမှုမရှိဘူးထင်တယ်။ အင်္ဂတေသားတွေ ဘာလို့ကွာရသလဲဆိုရင် အပေါ်ထပ်မှာ စည်ပင်ကငှားထားတဲ့ ကုမ္ပဏီတွေ၊ Showroom တွေ ရှိတယ်။ ဘိလပ်မြေနဲ့ ကြွေပြားတွေထားတဲ့ ဂိုဒေါင်တွေ ရှိတယ်၊(၁၀)တန်ကားတွေ နေ့စဉ်အဝင်၊အထွက်ရှိတယ်။ နောက် အပေါ်ထပ်အခန်းတွေပြင်ဖို့ အုတ်၊ သဲကျောက်ကားတွေ အတက်အဆင်းရှိတယ်။ အဲဒီအလေးချိန်ကြောင့် ကွာကျတာ၊ နောက် ဆောက်ထားတာ နှစ် ၂၀ ဝန်းကျင်ပဲ ရှိသေးတယ်၊ ဒါဆို စဆောက်ကတည်းက စစ်ဆေးမှုတွေ လျော့နည်းခဲ့လို့ပေါ့”ဟု သုံးသပ်ပြောသည်။

ယာဉ်ရောင်းဝယ်ရေးအကျိုးဆောင်များ၏ လူမှုရေးအသင်းအဖွဲ့ (ရန်ကုန်)ဥက္ကဋ္ဌ ဦးတင်မောင်ကျော်က “ကျွန်တော်တို့အဖွဲ့အနေနဲ့ မြို့တော်ဝန်ဆီကို အချိန်အတိုင်းအတာနဲ့ အဆင်ပြေမယ့်နေရာတစ်ခု စီစဉ်ပေးဖို့ မေတ္တာရပ်ခံစာကို ဒီမနက်ပဲ သွားတင်ထားပါတယ်။ သူတို့ပြောတဲ့ ယာဉ်ရပ်နားစခန်းအဟောင်းတွေက သူ့နေရာနဲ့သူ ပြည့်နေပါပြီ။ ကျွန်တော်တို့စခန်းမှာက အစီး ၆၀၀ ကျော် ၇၀၀ လောက်ရှိတာ ချက်ချင်းကြီးပြောင်းဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး”ဟု ဆိုသည်။

ဩဂုတ် ၁၆ ရက် ညက ယာဉ်ရပ်နားစခန်းဝင်းအတွင်း၌ ရှိသော ယာဉ်အစီးရေ ၈၀ ရာခိုင်နှုန်းခန့်မှာ လုံးဝပြန်လည်ထွက်ခွာခြင်းမရှိဘဲ ရပ်နားထားခဲ့ကြသည်။ ယာဉ်ရောင်းဝယ်သူတစ်ဦးက “ကျွန်တော်တို့ကားတွေထွက်ပြီး ပြန်မဝင်ရမှာစိုးတဲ့အတွက် ကားတွေကို ညက ဒီအတိုင်းပဲ ရပ်ထားခဲ့ကြတယ်”ဟု ဆိုသည်။



ကြည့်မြင်တိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းက “ဒီကိစ္စက အားချင်း ချက်ချင်း အမြန်လုပ်လို့မရဘူး၊ ဒီနေ့ပဲ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနဲ့တွေ့ပြီး သက်ဆိုင်ရာတွေနဲ့ အဆင်ပြေအောင် ညှိနှိုင်းပေးပါ့မယ်၊ ကိုယ့်ဘက်ကတော့ ဥပဒေစည်းကမ်းနဲ့အညီ ဆောင်ရွက်တောင်းဆိုဖို့ပဲလိုပါတယ်”ဟု ဖုန်းဖြင့်ဆက်သွယ်မှုအပေါ် ပြန်လည်ပြောကြားပေးခဲ့သည်။

ယာဉ်ရောင်းဝယ်ရေးစခန်းကွပ်ကဲမှုရုံး၌ တွေ့ခဲ့ရသည့် မြို့တော်စည်ပင်အခွန်ဌာနမှ လက်ထောက်ဌာနမှူး ဦးရန်ငြိမ်းချမ်းက “အဆောက်အအုံကို အန္တရာယ်ရှိ အဆောက်အအုံအဖြစ် ကြေညာထားတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အသိပေးတာပဲရှိပါတယ်။ အန္တရာယ်ဖြစ်လာမှာစိုးတဲ့အတွက် သူတို့ကိုထွက်သွားကြပါလို့လည်း မောင်းမထုတ်ပါဘူး၊ နေပါလို့လည်း မပြောပါဘူး။ လက်ရှိအနေအထားအရ မီးပြတ်ခြင်း၊ ရေဖြတ်ခြင်း လုံးဝမပြုပါဘူး၊ မေတ္တာရပ်ခံချက်စာသဘောအရ ၁၇ ရက်မှာ စခန်းပိတ်သိမ်းမှာ ဖြစ်ပါတယ်။ နောက်စခန်းဝင်ကြေး ယာဉ်တစ်စီးကို ငွေကျပ် ၂၀၀ လည်း ဒီနေ့ကစပြီး မကောက်ရတော့ဘူး၊ ဆိုင်းဘုတ်တွေတောင် ဖြုတ်သိမ်းလိုက်ပါပြီ။ ကျွန်တော်တို့အနေနဲ့ကတော့ ဝန်ထမ်းဖြစ်တဲ့အတွက် အထက်လူကြီးတွေရဲ့ ညွှန်ကြားမှုအတိုင်း ဆောင်ရွက်ရတာဖြစ်ပါတယ်”ဟု ရှင်းပြသည်။

သီရိမင်္ဂလာဈေးဟောင်းကို ၁၉၉၆ ခုနှစ်က တည်ဆောက်ခဲ့ပြီး အောက်ထပ်တွင် ကုန်စိမ်းဒိုင်များရှိသည်။ ပထမထပ်တွင် ငါးပိငါးခြောက်၊ ကုန်ခြောက်၊ အထည်ဆိုင်၊ စားသောက်ဆိုင်များ ဖွင့်လှစ်ပေးထားခြင်းဖြစ်သည်။ အတက်အထပ်တွင် စားသောက်ဆိုင်၊ ကုမ္ပဏီရုံးခန်းများ ရှိခဲ့သည်။

ထို့နောက် ယာဉ်ကြောကျပ်မှုကို အကြောင်းပြ၍ လှိုင်မြို့နယ် သီရိမင်္ဂလာဈေးသစ်သို့ ပြောင်းရွှေ့သွားခဲ့သည်။ တစ်ဖန် ဟံသာဝတီကားပွဲစားတန်းအား ဖျက်သိမ်းပြီးလွန်ခဲ့သော လေးနှစ်က သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းအဖြစ် ပြောင်းလဲဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# YBS ၏ ဆင့်ကဲပြောင်းလဲမှုနှင့် စိန်ခေါ်မှုများ

**သတင်းဆောင်းပါး - မင်းသစ်(MNA)၊ ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ - မင်းဇော်**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)၏ ကြီးကြပ်မှုဖြင့် Yangon Bus Service (YBS) စနစ်ကို ယခုနှစ်ဇန်နဝါရီ ၁၆ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် သက်တမ်းအားဖြင့် ခုနစ်လတာ ကာလအတွင်း ရောက်ရှိလာပြီဖြစ်သည်။

ယခင်ကမူ ရန်ကုန်မြို့၏ ခရီးသည်သယ်ယူပို့ဆောင်ရေးကဏ္ဍကို မော်တော်ယာဉ်လိုင်း ပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မ.ထ.သ)က နှစ်ပေါင်း ၅၀ ကျော်ကြာ တာဝန်ယူဆောင်ရွက်ခဲ့သည်။

YBS စနစ်၏ ပြောင်းလဲမှု ကြားကာလတွင် ခရီးသွားပြည်သူများအတွက် အခက်အခဲများ၊ စိန်ခေါ်မှုများလည်း ရှိခဲ့သည်။

ပထမအဆင့်အနေဖြင့် ယခင်ယာဉ်လိုင်းပေါင်း ၃၅၀ ကျော် ပါဝင်သော ယာဉ်လိုင်းစနစ်ကို ဖျက်သိမ်းပြီး ယာဉ်လိုင်းပေါင်း ၉၀ ကျော်ဖြင့် YBS ယာဉ်လမ်းကြောင်း စနစ်သစ်ကို စတင်ပြေးဆွဲခဲ့သည်။

"YBS စနစ်ကို ပြောင်းလဲပြီးနောက်ပိုင်းမှာတော့ တစ်ဦးချင်းပိုင်ကနေ အများပိုင် ကုမ္ပဏီဖြစ်အောင် ဖွဲ့စည်းခဲ့ပါတယ်။ ရှုပ်ထွေးနေတဲ့ လမ်းကြောင်းတွေကို ရှင်းလင်းလွယ်ကူတဲ့ လမ်းကြောင်းတွေဖြစ်အောင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုနဲ့ ပြောင်းလဲခဲ့ပါတယ်။ အခက်အခဲဆုံးကဏ္ဍတစ်ခုကို ပြည်သူတွေပူးပေါင်းပါဝင်မှုနဲ့ ကျော်ဖြတ်နိုင်ခဲ့ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ပြောသည်။

ဒုတိယပြောင်းလဲမှုအနေဖြင့် ယခင် (မ.ထ.သ) လက်ထက်ကတည်းက ပြေးဆွဲနေသော ခေတ်နှင့်လျော်ညီမှုမရှိသည့် ယာဉ်အို/ယာဉ်ဟောင်းများ၊ ကြံ့ခိုင်ရေးမကောင်းသည့် ယာဉ်များနေရာတွင် ပြည်သူလူထုအတွက် လုံခြုံစိတ်ချရသော ခေတ်မီယာဉ်သစ်ကြီးများဖြင့် အစားထိုးပြေးဆွဲခဲ့သည်။

ယခုလတ်တလော ကာလတွင် YBS ယာဉ်လိုင်းတချို့တွင် ငွေပေးချေမှုစနစ်ကို ယာဉ်အကူများမထားရှိတော့ဘဲ ခရီးသည်ကိုယ်တိုင် ယာဉ်စီးခထည့်ရသော Cash Box စနစ်ကို ကျင့်သုံးခဲ့သည်။ အဆိုပါ ကာလတွင်လည်း အခက်အခဲနှင့် စိန်ခေါ်မှုများလည်း ရှိနေပြန်သည်။

လှိုင်သာယာမြို့နယ်နေ ကိုမင်းသူကမူ ယာဉ်နောက်လိုက်ပါသည့် ယာဉ်များရှိနေသေးကြောင်းနှင့် ယာဉ်နောက်လိုက်မပါသည့်ယာဉ်များကလည်း ပုံမှန်လမ်းကြောင်း မဟုတ်ပါကမှတ်တိုင်ဆင်းရန် အခက်အခဲရှိနေသေးကြောင်းဆိုသည်။

ထို့အပြင် ခရီးသည်များအနေဖြင့် YBS စီးနင်းရာတွင် ယာဉ်စီးနင်းခကျသင့်ငွေကျပ်အကြွေကို ကိုယ်တိုင် Cash Box ထဲသို့ထည့်ရသည့်အတွက် ငွေအကြွေအခက်အခဲရှိနေကြောင်း သိရသည်။

YBS စီးခရီးသည် ကိုတင်ထွဋ်ပိုင်က "တချို့ယာဉ်နောက်လိုက်တွေရဲ့ရိုင်းပျမှုတွေကို မခံစားရတော့ဘူး။ စိတ်ချမ်းသာမှုတော့ ရပါတယ်။ ဒါပေမယ့် ယာဉ်စီးခအကြွေမရှိလို့ တစ်ခါတလေ ငွေကျပ် ၅၀၀ တန်ထည့်စီးခဲ့ရတာမျိုးလည်း ရှိပါတယ်။ အစိုးရအနေနဲ့ကတော့ မကြာခင်ကတ်စနစ်ကို ဖော်ဆောင် တော့မယ်လို့ ပြောတယ်။ အဲဒီမတိုင်မီကြားမှာ ခရီးသည်တွေ အဆင်ပြေအောင် ငွေအကြွေပြဿနာကို အမိက ထား ဖြေရှင်း ပေးသင့်ပါတယ်။ အခု ကားစီးဖို့အကြွေမရှိရင် အကြွေရဖို့ တစ်ခုခုဝယ်ရတယ်။ အဲဒီတော့ ကျွန်တော်တို့အတွက် အပိုငွေကကုန်နေတာပါ။ ပြောင်းလဲမှုကိုတော့ လက်ခံပါတယ်။ ပြည်သူတွေ အဆင်ပြေနိုင်အောင် လုပ်ပေးဖို့လိုပါတယ်"ဟု ပြောသည်။

YBS - ၂၁ ယာဉ်လိုင်းပိုင်ရှင် ဦးတရုတ်လေးကလည်း "လတ်တလောမှာ စပယ်ယာတွေရဲ့ နေရာမှာ Cash Box တွေကိုအစားထိုးပြီးတော့ ငွေထည့်တဲ့စနစ်ကို ကျင့်သုံးနေပါတယ်။ အခက်အခဲအနေနဲ့ကတော့ ငွေအကြွေပြဿနာကြုံတွေ့နေရတယ်"ဟု ပြောသည်။

သို့တစေ YRTA က ခရီးသည်များ ယာဉ်စီးခပေးချေရာတွင် လက်ရှိကြုံတွေ့နေရသည့် ငွေအကြွေပြဿနာကို ပြေလည်စေရန် Yangon Bus Service (YBS)တွင် ပြေးဆွဲနေသည့် ကုမ္ပဏီများအနေဖြင့် လူစည်ကားရာ ကားမှတ်တိုင်များတွင် အကြွေများလဲလှယ်ပေးရန် ညွှန်ကြားထားကြောင်း YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ဆိုသည်။

"နှစ်ပေါင်းများစွာ ယာဉ်နောက်လိုက် စပယ်ယာတွေရဲ့ အကူအညီနဲ့ မောင်းလာတဲ့အတွက် ဒီအချိန်မှာ တစ်ယောက်တည်းမောင်းရတဲ့အခါ အနည်းငယ်အခက်အခဲ ရှိပါတယ်။ နောက်တစ်ခုကတော့ ယာဉ်ရဲ့အခက်အခဲပါ။ ရှေ့တက် နောက်ဆင်းတံခါးနှစ်ပေါက်ပါတဲ့ ယာဉ်တွေကျတော့ အဆင်ပြေတယ်။ တချို့မူလ လက်ကျန်ယာဉ်တွေကျတော့ တံခါးတစ်ပေါက်ထဲပါတဲ့အတွက် အဆင်မပြေဘူး။ ဒါ့ကြောင့် ယာဉ်အကူတစ်ယောက်ထားပေးနေရတဲ့ အခက်အခဲမျိုးတွေရှိပါတယ်"ဟု ယာဉ်လိုင်းပိုင်ရှင် ဦးတရုတ်လေးက ဆိုသည်။

ယနေ့ YBS ယာဉ်လိုင်းတွင် ယာဉ်လိုင်း ၉၁ လိုင်းက ယာဉ်အစီးရေ ၃၇၂၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော်လည်း ယာဉ်အစီးရေ ၁၆၀၀ ကျော်မှာ ယာဉ်အို/ယာဉ်ဟောင်းများဖြစ်နေသည့်အတွက် ခရီးသည်များ အဆင် ပြေချောမွေ့စွာစီးနိုင်ရန် ယာဉ်သစ်များဖြင့်လဲလှယ်ရန် စီစဉ်နေကြောင်း YRTA က သိရသည်။

YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်ကမူ "ကားသစ်တွေက အစီး ၈၀၀ ရှိတယ်။ ယာဉ်အို/ယာဉ်ဟောင်းတွေနေရာမှာ ကားသစ်တွေနဲ့ တဖြည်းဖြည်းချင်း လဲလှယ်သွားမယ်"ဟု ပြောသည်။



"အခုက အများပိုင်မဟုတ်ဘဲ ကိုယ်ရကိုယ်ယူဖြစ်နေတယ်။ ဘုံစနစ်ပြောင်းဖို့ပြောတယ်၊ ဘုံစနစ်လုပ်တဲ့သူလည်းရှိတယ်။ ကိုယ်ရကိုယ်ယူလည်းရှိနေတယ်။ တစ်ဦးချင်းပိုင်ကို ဖျက်မှ ကိုယ်ရကိုယ်ယူစနစ်ပျက်မှာ"ဟု ၎င်းက သုံးသပ်ပြောကြားသည်။

စနစ်တစ်ခုပြောင်းလဲရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကလည်း အရွေ့တစ်ခုကို မြန်နှုန်းမြင့်ပြောင်းလဲနိုင်စေသည်။ သို့သော် အချို့ခရီးသွား ပြည်သူများ၏ စည်းကမ်း မပြည့်ဝမှုကလည်း YBS ယာဉ်မောင်းများကို အခက်အခဲတွေ့စေသည်။

"အခု ယာဉ်နောက်လိုက် မပါတဲ့အတွက် ပိုပြီးအာရုံစိုက်ရတာပေါ့။ ယာဉ်စီးခထည့်ဖို့အတွက်ကိုလည်း ခရီးသည်တွေကို နှိုးဆော်နေရတယ်။ တချို့ကလည်း သိသိကြီးနဲ့ မထည့်တာမျိုးတွေရှိတယ်။ တချို့ကျတော့ ပိုက်ဆံအစုတ်တွေ ထည့်တာရှိသလို ငွေ ၂၀ တန်၊ ၅၀ တန်တွေ ထည့်သွားတာမျိုးရှိတယ်။ စားကြွင်းစားကျန် အမှိုက်တွေကို ယာဉ်ပေါ်မှာထားခဲ့တာမျိုးတွေလည်းရှိတယ်။ ဒီလိုလုပ်ရပ်တွေက မဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ဘက်က စည်းကမ်းလိုက်နာသလို ခရီးသည်တွေဘက်ကလည်း စည်းကမ်းလိုက်နာစေချင်ပါတယ်။ ငွေကြေး မထည့်တာမျိုးကိုတော့ ရုံးဆင်း၊ ရုံးတက် လူစည်ကားတဲ့အချိန်တွေမှာ အမြဲတွေ့နေရတယ်။ ယာဉ်စီးခငွေအကြွေ အခက်အခဲရှိတဲ့သူတွေကို ခရီးသည်အချင်းချင်းစောင့်ပြီး လဲခိုင်းရပါတယ်" ဟု YBS-၂၃ ယာဉ်မောင်း ကိုမင်းမင်းက ယာဉ်မောင်းများ၏ အခက်အခဲနှင့် စိန်ခေါ်မှုကို ဖွင့်ဟပြောကြားသည်။

"အရင်တုန်းကဆိုရင် ယာဉ်စီးခကို ပုံသေမဟုတ်ဘဲနဲ့ တောင်းတာမျိုးတွေ ရှိတယ်။ အခုကတော့ ပုံသေစနစ်နဲ့ဆိုတော့ ပိုကောင်းပါတယ်။ ပုံးထဲထည့်ရတယ်ဆိုတော့ စနစ်တကျ စည်းကမ်းလည်းရှိတာပေါ့၊ ဒါပေမယ့် ယာဉ်စီးခ အကြွေအခက်အခဲတော့ ရှိပါတယ်။ ကိုယ်သွားရမယ့် လမ်းကြောင်းကို ချိန်ဆပြီးတော့ အကြွေကိုဖြတ်ထားရတာပေါ့။ လခစားဝန်ထမ်းတွေအနေနဲ့ လခထုတ်ရက်တွေမှာ အကြွေလေးတွေပါထည့်ပေးရင် ဒီကြုံတွေ့နေရတဲ့ အခက်အခဲကို တစ်ဖက် တစ်လမ်းက ဖြေရှင်းနိုင်မယ်လို့မြင်ပါတယ်"ဟု လှိုင်သာယာမြို့နယ်နေ ခရီးသည် ကိုချမ်းငြိမ်းက ပြောသည်။

ကတ်စနစ်မကျင့်သုံးမီ ကြားကာလတွင် နိုင်ငံအတွင်း လည်ပတ်နေသည့် ငွေအကြွေများစွာက YBS စနစ်ထဲသို့ စုပြုံစီးဝင်နေမှုကလည်း ငွေကြေးစီးဆင်းမှုအပေါ် ရိုက်ခတ်မှုများလည်း ရှိနိုင်သည်။

သို့သော် YBS စနစ်၏ တတိယအဆင့် ပြောင်းလဲမှုလုပ်ငန်းစဉ်အဖြစ် ယာဉ်စီးခကျသင့်ငွေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ကတ်စနစ်ဖြင့် ပေးချေခြင်းကို စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း ဩဂုတ် ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ပြုလုပ်သည့် YRTA နှင့် Y angon Payment Services (YPS)၏ ကတ်စနစ်ဖြင့် ငွေပေးချေမှုလုပ်ငန်းဝန်ဆောင်မှုအတွက် တင်ဒါတင်သွင်းမည့် ကုမ္ပဏီများအား ရှင်းလင်းပွဲတွင် ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ပြောကြားခဲ့သည်။

"ကတ်စနစ်လုပ်လိုက်တဲ့အတွက် အကြွေမရှိတာတွေ၊ အကြွေမအမ်းနိုင်တာတွေလည်း ခရီးသွားပြည်သူတွေ ကြုံတွေ့ရတော့မှာမဟုတ်ဘူး"ဟု ၎င်းက ဆိုသည်။

လတ်တလောအနေဖြင့်မူ YBS ယာဉ်များတွင် စီးနင်းသည့်ခရီးသည်များက ပေးချေသည့်ငွေအကြွေများကို ရောဝတီဘဏ်က နေ့စဉ်သိမ်းဆည်းစိစစ်ပေးလျက်ရှိကာ ခရီးသွားပြည်သူများ အခက်အခဲမရှိစေရန် ယာဉ်ပိုင်ရှင်များလက်ထဲသို့ ပြန်လည်ပေးအပ်ခဲ့ပြီး ခရီးသွားပြည်သူများအား ငွေအကြွေလဲလှယ်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

"မ.ထ.သ ကနေ YBS ကိုပြောင်းတဲ့အခါ စနစ်တစ်ခုလုံးတင် ပြင်ရမှာမဟုတ်ဘူး၊ ပါဝင်ပတ်သက်တဲ့သူတွေလည်း ပြင်ရမယ်။ ယာဉ်ပိုင်ရှင်တွေ၊ ယာဉ်နောက်လိုက်တွေ၊ ယာဉ်မောင်းတွေကိုလည်းပြင်ရမယ်။ ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်ဖို့လိုတယ်" ဟု YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

ထို့ကြောင့် YBS စနစ်၏ ဆင့်ကဲပြောင်းလဲမှုနှင့်အတူ ကြားကာလအတွင်း ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဖြေရှင်းမှသာ အများပြည်သူတို့၏အကျိုးကို အမှန်တကယ်သယ်ပိုးရွက်ဆောင်နိုင်မည့် YBS စနစ်ကြီးတစ်ရပ် ဖြစ်ပေါ်လာပေလိမ့်မည်။

## ထိုင်း-မြန်မာ ရုပ်ရှင်လုပ်ငန်းဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၇**

မြန်မာနိုင်ငံ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ရုပ်ရှင်စက်မှုနည်းပညာနှင့်စက်ပစ္စည်းအကြောင်းအရာများ ရှင်းလင်းပြသဆွေးနွေးရန်အတွက် ထိုင်းနိုင်ငံမှရုပ်ရှင်လုပ်ငန်းထုတ်လုပ်သူများ၊ ပညာရှင်များသည် ထိုင်း-မြန်မာရုပ်ရှင်လုပ်ငန်းဆွေးနွေးပွဲ Thai Films Delegation to Myanmar ကိုမြန်မာနိုင်ငံ၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ထိုင်း-မြန်မာလုပ်ငန်းရှင်ဆွေးနွေးပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း Novotel Max Yangon Hotel ၌ ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်သွယ်မြှင့်တင်မှုဗဟိုဌာနမှ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံရှိ ထိပ်တန်းရုပ်ရှင်လုပ်ငန်းများ၊ TV Channel များနှင့်ဖျော်ဖြေရေးကုမ္ပဏီကြီး ၁၄ ခုမှ ၎င်းတို့၏လုပ်ငန်းနှင့်ဝန်ဆောင်မှုတို့ကို မြန်မာပြည်အတွင်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်းစီးပွားဖက်များထံ မိတ်ဆက်တင်ပြပြီး လက်တွဲဆောင်ရွက်မှုများ ဆွေးနွေးလုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ထိုင်း-မြန်မာ ရုပ်ရှင်လုပ်ငန်းဆွေးနွေးပွဲတက်ရောက်လိုသူများသည် ဖုန်း ၀၁ -၃၉၂၅၇၉၊ ၃၉၂၅၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၃၄၉)

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် အေးသာယာ-နောင်အင်လမ်း တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး



**တောင်ကြီး ဩဂုတ် ၁၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးတို့နှင့်အတူ ဩဂုတ် ၁၅ ရက်က တောင်ကြီးမြို့နယ် အေးသာယာ-နောင်အင်လမ်းခွဲ ကားလမ်းတိုးချဲ့မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ရေနုတ်မြောင်းတူးဖော်နေမှု၊ နောင်အင်ရေထွက်၊ အေးသာယာကားကြီးကွင်း တိုးချဲ့ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်းကို ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ပါက ပြည်သူများဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်

**နေပြည်တော် ဩဂုတ် ၁၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၈ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပစဉ်

**တိုးချဲ့ပြင်ဆင်**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ် နှာဟရိန်(က) ကျေးရွာအုပ်စုအား ရပ်ကွက် (၂)ရပ်ကွက် ပါဝင်သော နှာဟရိန်မြို့အဖြစ်လည်းကောင်း၊ မင်းတပ်ခရိုင် မင်းတပ်မြို့နယ် မတူပီအိမ်နူးကျေးရွာအုပ်စုအား ရပ်ကွက် (၄) ရပ်ကွက် ပါဝင်သော မတူပီအိမ်နူးမြို့အဖြစ်လည်းကောင်း၊ ဟားခါးခရိုင် ဟားခါးမြို့နယ်ရှိ ရပ်ကွက် (၆) ရပ်ကွက်ကို ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ရပ်ကွက် (၂)ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်းတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်ရှိ ထင်းစင်ကျေးရွာအုပ်စုရှိ တိန်းကယား(မြန်မာ) ကျေးရွာနှင့် တိန်းကယား (ချင်းရွာ)တို့ကို ကျေးရွာနှစ်ရွာ စုစည်းပြီး တိန်းကယားကျေးရွာအုပ်စုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်က မှတ်တမ်းတင်သည်။

**ဥပဒေကြမ်းတစ်ရပ် ရေးဆွဲ**

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ၁၉၉၀ ပြည့်နှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၁၁ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၁၄ ခုနှစ်တွင် စတုတ္ထအကြိမ်ပြင်ဆင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ထပ်မံပြင်ဆင်ခဲ့ပါကြောင်း၊ ယခုတင်ပြသည့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပယ်ဖျက်ခြင်း ၁၇ ရပ်၊ စကားရပ်အစားထိုးခြင်းခုနစ်ရပ်နှင့် အစားထိုးပြင်ဆင်ခြင်း ၁၀ ရပ်ပါဝင်ပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်လိုခြင်း၏ အကြောင်းအရင်းများမှာ ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် တန်ဖိုးဖြည့်အခွန်စနစ်သို့ မကြာမီကာလအတွင်း ဥပဒေရေးဆွဲပြောင်းလဲဆောင်ရွက်ကျင့်သုံးရန်ရှိခြင်း၊ အခွန်စနစ် ထိရောက်ကောင်းမွန်စေပြီး ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေရှိစေရန်အတွက် အခွန်စီမံခန့်ခွဲမှုနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းကျင့်သုံးနိုင်ရန် ဥပဒေကြမ်းတစ်ရပ် ရေးဆွဲဆောင်ရွက်လျက်ရှိခြင်းတို့ကို အထောက်အကူဖြစ်စေရန်ဖြစ်ပါကြောင်း။

**အခွန်ဆိုင်ရာ မက်လုံးပေးမှုများ**

ထို့ပြင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် တပ်ရိုက်သည့်ဒဏ်သည် ထိရောက်ဟန့်တားနိုင်သည့် ပြစ်ဒဏ်ဖြစ်ရေး၊ ပျက်ကွက်မှုအမျိုးအစားအလိုက် သင့်လျော်သည့် ဒဏ်တပ်ရိုက်မှုဖြစ်ရေး၊ ဥပဒေပြဋ္ဌာန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အခွန်ဆိုင်ရာ မက်လုံးပေးမှုများအဖြစ် ချီးမြှင့်မှုများပြုလုပ်နိုင်ရန် လုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြဋ္ဌာန်းပေးနိုင်ရေးတို့အတွက် ပြင်ဆင်လိုခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

**အကြံပြုချက်များရယူ**

ဆက်လက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခွန်အယူခံခုံဥပဒေကြမ်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဇူလိုင်လ ပထမ(မူကြမ်း)မှ ပဉ္စမ(မူကြမ်း) အထိ အဆင့်ဆင့်ရေးဆွဲပြုစုခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဆက်စပ်ဌာနများနှင့် ညှိနှိုင်းအစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ကာ အကြံပြုချက်များကိုလည်း ရယူဆောင်ရွက်ခဲ့ပါကြောင်း။

**ဥပဒေအရပေးဆောင်ရမည်**

ဥပဒေကြမ်း၌ နိုင်ငံတော်က ဥပဒေနှင့်အညီ အခွန်စည်းကြပ်ကောက်ခံရာတွင် စွမ်းဆောင်ရည်မြင့်မားသော အခွန်စီမံခန့်ခွဲမှုဖြစ်စေရန်နှင့် အခွန်ထမ်းများ၏ ယုံကြည်ကိုးစားမှုကိုရရှိရန်၊ နိုင်ငံသားနှင့် အခွန်ထမ်းများသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရာ၌ တန်းတူညီမျှမှုနှင့် တရားမျှတမှုအခွင့်အရေး ရရှိရန်နှင့် နိုင်ငံသားနှင့် အခွန်ထမ်းတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆပ်ရာ၌ ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရန်ဆိုသည့် ရည်ရွယ်ချက်ပါဝင်ပါကြောင်း။

ယခု ဥပဒေကြမ်းကို ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ပါက ပြည်သူများဥပဒေပါ အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားနိုင်စေရန် တင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

# ညအချိန် မုံရွာမြို့လမ်းမများနှင့် အဓိကနေရာများ လျှပ်စစ်မီးများလင်းထိန်ရေး ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်အလိုက် ရန်ပုံငွေထည့်သွင်းဆောင်ရွက်မည်



**မုံရွာ ဩဂုတ် ၁၇**

မုံရွာမြို့ ညဉ့်အချိန်သွားလာကြရသော ပြည်သူများအတွက် လူသတ်မှု၊ လုယက်မှု အကြမ်းဖက်ခံရမှု၊ ခိုးမှုစသည့် မတော်တဆ ထိခိုက်သေဆုံးမှုများ လျော့နည်းကျဆင်းပပျောက်စေရန်နှင့် သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်ရန်အတွက် လမ်းများနှင့် အထိမ်းအမှတ်နေရာများ ညအချိန်မီးလင်းရေးအတွက် ဩဂုတ် ၁၇ ရက်က ကျင်းပသော မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မုံရွာမြို့နယ်အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အမာကြည်က မေးမြန်းခဲ့သည်။

"မုံရွာမြို့ရဲ့လမ်းများနဲ့ အထိမ်းအမှတ်နေရာတွေမှာ ညအချိန် ရာသီမရွေး မီးလင်းနိုင်ဖို့အတွက် သက်ဆိုင်ရာဌာနတွေက လိုအပ်တာတွေကို ဘယ်အချိန်ကာလကစတင်ပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးမယ်ကို မေးဖြစ်ပါတယ်။ မုံရွာမြို့ဟာတိုင်းအစိုးရရုံးစိုက်ရာမြို့ဖြစ်သလို တိုင်းလွှတ်တော်တည်ရာလည်းဖြစ်တဲ့အပြင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးတွေ တက္ကသိုလ်ဒီဂရီကောလိပ်တွေ၊ သင်တန်းကျောင်းတွေ၊ စက်မှုဇုန်နဲ့ ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်း ပို့ဆောင်ရေးတွေဖြစ်ထွန်းလာတာနဲ့အညီ လူအမျိုးမျိုး နေ့ည ရာသီမရွေး သွားလာနေကြပါတယ်။ တိုင်းအစိုးရအဖွဲ့ဟာ မုံရွာမြို့သာယာလှပရေးနဲ့ ရေရှည်တည်တံ့တဲ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို စီမံချက်ကိုးရပ်နဲ့ အထူးအလေးထားဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် မုံရွာမြို့ရဲ့ အဓိကလမ်းမကြီးတွေမှာ ခေတ်မီဖြူစင်ကြည်လင်တဲ့လျှပ်စစ်မီးတွေ အထိမ်းအမှတ်နေရာတွေမှာ မီးရောင်စုံတွေ ရပ်ကွက်ထဲကလမ်းတွေမှာ တာရှည်ခံလျှပ်စစ်မီးတွေ တပ်ဆင်ပေးဖို့ အဆိုပြုတင်ပြထားပါတယ်" ဟု ဒေါ်အမာကြည်က ပြောသည်။

အဆိုပါ ကြယ်ပွင့်ပြမေးခွန်းကို စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွှန့်ဝင်းက ပြန်လည်ဖြေကြားရာတွင် မြို့နယ်အသီးသီးတွင်ရှိသော စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လမ်းမီးများတပ်ဆင်ခြင်း အဆိုပါ လမ်းမီးအခွန်အခများ ကောက်ခံခြင်းလုပ်ငန်းများကို စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ရခြင်းဖြစ်ပြီး အားကောင်းကာ ဖြူစင်ကြည်လင်သည့် လျှပ်စစ်မီးများကို အထိမ်းအမှတ်နေရာများ အဓိကလမ်းမကြီးများတွင် ထွန်းညှိပေးရမည်ဆိုလျှင် ဝန်အားပိုမြင့်မည်ဖြစ်သည့်အတွက် လမ်းမီးထရန်စဖော်မာများကို ထပ်မံတိုးချဲ့တပ်ဆင်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ထိုသို့ဆောင်ရွက်နိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေထည့်သွင်းကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရန် စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပခုက္ကူခရိုင်၌ မြစ်ရေတင်ခများ ပိုမိုတောင်းခံပါက တိုင်ကြားနိုင်



**ပခုက္ကူ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့နယ်များတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မိုးသီးနှံ ဧက ၉၇၀၀ ခန့်အတွက် မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးရေများပေးဝေ၍ စိုက်ပျိုးရန်လျာထားကြောင်းနှင့် မြစ်ရေတင်ခများကို သတ်မှတ်နှုန်းထားများထက် ပိုမိုတောင်းခံပါက တောင်သူများအနေဖြင့် တိုင်ကြားနိုင်ကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပြောသည်။

ပခုက္ကူခရိုင်အတွင်း မြစ်ရေတင်ကြီး ၁၄ ခုရှိပြီး ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေတင် လေးခု၊ ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်ရေတင် ခုနစ်ခု၊ ဆိပ်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ရေတင် တစ်ခု၊ ပေါက်မြို့နယ်တွင် ယောချောင်းရေတင် နှစ်ခုတို့ဖြစ်သည်။ အဆိုပါ မြစ်ရေတင်ကြီးများမှာ ပင်မရေတင်စခန်း အမြင့်ပေမှတစ်ဆင့် သတ်မှတ်ထားသည့် ရေတင်ကန်များအရောက် (ဒေသအခေါ်)ရေခေါ်မြောင်းမကြီးများမှတစ်ဆင့် စိုက်ပျိုးတောင်သူများထံ စိုက်ပျိုးရေ ဖြန့်ဝေပေးနေခြင်းဖြစ်သည်။ မြစ်ရေတင်ကြီးများမှ စိုက်ပျိုးရေပေးဝေနိုင်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်က မိုးသီးနှံလျာထားဧက ၇၄၁၁ ဧကအနက် ၆၆၁၄ ဧကအတွက် စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

"စိုက်ပျိုးရေတင်ခကောက်ခံမှုနှုန်းထားများဟာ နိုင်ငံတော်က သတ်မှတ်ထားတဲ့နှုန်းထားများအတိုင်း နွေစပါး ငွေကျပ် ၉၀၀၀၊ မိုးစပါး ငွေကျပ် ၆၀၀၀ နှင့် အခြားသီးနှံ ငွေကျပ် ၃၀၀၀ ဖြစ်ပြီး သတ်မှတ်နှုန်းထားများထက် ပိုမိုကောက်ခံပါက တောင်သူများအနေဖြင့် လာရောက်တိုင်ကြားနိုင်ပါတယ်။ တောင်သူများဘက်ကလည်း ရေတင်ခကောက်ခံမှုကို တိတိကျကျ ပေးဆောင်စေလိုပါတယ်။ လျှပ်စစ်မြစ်ရေတင်များဖြစ်ခြင်းကြောင့် တစ်ခါတစ်လေ လျှပ်စစ်မီးအခက်အခဲဖြစ်တာကိုလည်း တောင်သူများအနေဖြင့် နားလည်ပေးစေချင်ပါတယ်"ဟု ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ပခုက္ကူခရိုင်အတွင်းမှာ စိုက်ပျိုးမြေယာ စီမံကိန်းဧကမှာ ၃၈၀၇၀ ရှိသော်လည်း စိုက်ပျိုးနိုင်သည့် စိစစ်ဧကမှာ ၂၁၂၆၀ သာရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း စပါးအပါအဝင် မိုးသီးနှံ ၉၇၀၁ ဧကအတွက် စိုက်ပျိုးရေပေးဝေရန် လျာထားကြောင်း၊ ပခုက္ကူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေခြင်းအပြင် သောက်သုံးရေရှားပါးသော ကျေးရွာအုပ်စုများတွင် စက်ရေတွင်းနှင့် ရေတွင်းရေကန်များ တူးဖော်ပေးခြင်းကိုလည်း ဆောင်ရွက်လျက်ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ရေနစ်မြုပ်ကျေးရွာများသို့ ထောက်ပံ့

**ဖန်းမော် ဩဂုတ် ၁၇** - ကချင်ပြည်နယ် ရွှေကူမြို့၌ ရွှေကူမြို့နယ်လုံးဆိုင်ရာ နာမှုကူညီရေးအသင်း၊ သွေးလှူရှင်များအသင်းနှင့် ယုံကြည်ရာပရဟိတလူငယ်အသင်းတို့ပူးပေါင်း၍ ဩဂုတ် ၁၆ ရက်က ရေနစ်မြုပ်သည့် ဆိပ်သာကျေးရွာမှ အိမ်ထောင်စုဝင်များအတွက် ရေသန့်ဘူးကြီး ၆၀၊ ဆန် ၁၀ အိတ်၊ ခေါက်ဆွဲခြောက်ထုပ် ၃၀၀၊ အိုင်အိုဒင်းဆား ပိဿာ ၆၀ တို့ကို ပေးအပ်လှူဒါန်းရာ ရပ်မိရပ်ဖများက လက်ခံရယူခဲ့သည်။ ဆက်လက်၍ တောင်ချောင်ကျေးရွာအတွက် ရေသန့်ဘူးကြီး ၃၀၊ ဆန် ငါးအိတ်၊ ခေါက်ဆွဲခြောက်ထုပ် ၁၅၀၊ အိုင်အိုဒင်းဆား ပိဿာ ၃၀ တို့ကို ရေနစ်မြုပ်သည့် အိမ်ထောင်စုဝင်များအတွက် ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက လက်ခံရယူကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာဆောင်ရွက်ချက်များ သတင်းစာရှင်းလင်းပွဲ ဟားခါး၌ကျင်းပ

ဟားခါး ဩဂုတ် ၁၇

**ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။**

သတင်းစာရှင်းလင်းပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က အမှာစကားပြောကြားရာ၌ မိမိတို့ ချင်းပြည်နယ်အစိုးရအဖွဲ့သည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်သည်နှင့်အညီ အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်သူများထံ အစီရင်ခံတင်ပြရမည့်တာဝန်ရှိသည့်အတွက် ယခုလို မီဒီယာများဖိတ်ကြားပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးမြှင့်တင်ရေး၊ လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြို့ပြဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူများ အလုပ်လက်မဲ့လျော့နည်းပြီး ဆင်းရဲမှုလျော့ကျလာစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးနိုင်ရေး၊ ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အပံ့များ တိုးတက်ရရှိရေး၊ နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်နိုင်ရေးနှင့် ချင်းပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေးစသည့် ရည်မှန်းချက်များ ထားရှိကာ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူနှင့် သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် ပြည်နယ်ဝန်ကြီးများက ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းကြသည်။

ထို့နောက် တက်ရောက်လာကြသော ချင်းပြည်နယ်အခြေစိုက် သတင်းဌာနများနှင့် ပြည်နယ်ပြင်ပအခြေစိုက် သတင်းဌာန ၁၂ ခုမှ သတင်းမီဒီယာများက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက် )**

## Miss Myanmar International 2017 သရဖူအလှမယ် စဝ်ယွန်းဝတီဦး နှင့် Title ဆုရှင် အလှမယ်များအား ဆုချီးမြှင့်ကာ မီဒီယာမိတ်ဆက်

**ရန်ကုန် ဩဂုတ် ၁၇**

မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ရွေးချယ်ထားသော Miss Myanmar International 2017 သရဖူအလှမယ် စဝ်ယွန်းဝတီဦးနှင့် Title ဆုရှင်အလှမယ်ငါးဦးတို့၏ ဆုချီးမြှင့်ပွဲနှင့် မီဒီယာမိတ်ဆက်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel (Yangon Ballroom) တွင် ကျင်းပသည်။

"Miss Myanmar International 2017 ပြိုင်ပွဲမှ နိုင်ငံကိုယ်စားပြုသရဖူရသွားတဲ့ အလှမယ် စဝ်ယွန်းဝတီဦးဟာ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ နိုဝင်ဘာ ၁၄ ရက်တွင် ကျင်းပသွားမယ့် Miss International 2017 ပြိုင်ပွဲကြီးကို အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့နဲ့ အမြင့်ဆုံးသရဖူဆွတ်ခူးနိုင်ဖို့ အခုအခါမှာ အင်္ဂလိပ်စာလေ့ကျင့်ပေးမှုတွေ၊ ဖက်ရှင်ဒီဇိုင်းလေ့ကျင့်မှုတွေအပြင် ဂျပန်နိုင်ငံမှာ သွားပြိုင်ရမှာမို့ ဂျပန်စာတွေနဲ့ ဂျပန်ရိုးရာဓလေ့ ဝတ်စားဆင်ယင်နေထိုင်မှုတွေ၊ ခန္ဓာကိုယ်အလှပိုင်းဆိုင်ရာလေ့ကျင့်မှုတွေ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ဖျော်ဖြေမှုမှာလည်း မြန်မာ့ရိုးရာဓလေ့ စည်းနဲ့ဝါး ဖျော်ဖြေမှုတွေနဲ့ တင်ဆက်သွားပါမယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ Miss Myanmar International 2017 ပြိုင်ပွဲကြီးရဲ့ 1st Runner Up နဲ့ 2nd Runner Up အလှမယ်တွေအပြင် Title Up Winner အလှမယ်တွေကိုလည်း အနုပညာလောကမှာ ဖြတ်သန်းနိုင်ဖို့ ကျွန်တော်တို့ Stellar Seven အနေနဲ့ အနီးကပ်ပံ့ပိုးပေးသွားမှာပါ"ဟု Stellar Seven Entertainment မှ Artic Management Director ကိုစည်သူဟိန်းက ပြောသည်။

ထိုနေ့ပွဲတွင် တက်ရောက်လာကြသော Miss Myanmar International 2017 ၏ အကဲဖြတ်ဒိုင်လူကြီးများနှင့် ပြိုင်ပွဲကြီးအား ကြီးမှူးကျင်းပသော Stellar Seven Entertainment မှ တာဝန်ရှိသူများက ပြိုင်ပွဲအကြောင်းနှင့် မိတ်ဆက်စကားများ ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲတွင် Winner ဆုရှင် အလှမယ် စဝ်ယွန်းဝတီဦးအား ငွေကျပ်သိန်း ၁၀၀၊ 1st Runner Up ဆုရှင် အလှမယ် ထွန်းပုလဲရတနာအား ငွေကျပ်သိန်း ၆၀၊ 2nd Runner Up ဆုရှင်အလှမယ် အိကေဇင်သန့်အား ငွေကျပ်သိန်း ၄၀၊ Miss Congeniality ဆုရှင်အလှမယ် စိုးရတနာထွန်းအား ငွေကျပ်ငါးသိန်း၊ Miss Popular ဆုရှင် အလှမယ် မိုးသဥ္ဇာလွင်အား Blue Ocean မှ ငွေကျပ်ငါးသိန်း၊ Miss Photogenic ဆုရှင် အလှမယ် မေလီစံအောင်အား Myanmar Awba မှ ငွေကျပ် ၁၀ သိန်းအား Stellar Seven Entertainment မှ တာဝန်ရှိသူများက ဆုများအားပေးအပ်ချီးမြှင့်သည်။



Miss Myanmar International 2017 ရွေးချယ်ခံရသော အလှမယ်လေးများအား တွေ့ရစဉ်

ဆုချီးမြှင့်ပွဲအပြီးတွင် တက်ရောက်လာကြသော သတင်းမီဒီယာများ၏ သိလိုသည့်မေးမြန်းချက်များအား Miss Myanmar International 2017 ပြိုင်ပွဲကြီးမှ ရွေးချယ်ခံရသော အလှမယ်ခြောက်ဦးနှင့် ပြိုင်ပွဲကြီးမှူးကျင်းပသော Stellar Seven Entertainment မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မောင်တောမြို့ ဌာနဆိုင်ရာများ၏ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မောင်တော ဩဂုတ် ၁၇**

မောင်တောမြို့ ဌာနဆိုင်ရာများ၏ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြင့်က ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်က မီးသတ်တပ်ဖွဲ့၏လုပ်ငန်းစဉ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ရဲနိုင်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး မူးယစ်အထူးတပ်ဖွဲ့ တပ်ဖွဲ့(၄၆) မှ ရဲအုပ် အောင်ကျော်ဦးက မူးယစ်ဆေးဝါးအန္တရာယ်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ဆိုးကျိုးများကို အသိပညာပေးဟောပြောသည်။

ယင်းနောက် မောင်တောခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုးလွင်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးပြီး လူကုန်ကူးမှုကာကွယ်တားဆီးရေးရဲတပ်ဖွဲ့မှ ရဲအုပ်စံမင်းက လူကုန်ကူးမှုကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များကို အသိပညာပေးဟောပြောသည်။ ယင်းနောက် ဌာနဆိုင်ရာများမှ အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသားကျောင်းသူများအားပေးဝေပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြင့်က နိဂုံးချုပ်စကားပြောကြားသည်။

**သတင်း-မျိုးသူဟိန်း**
**ဓာတ်ပုံ-အောင်ကျော်စိန်**
**(ခရိုင် ပြန်/ဆက်)**

## ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြော



**ကောလင်း ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီက မြို့ပေါ်ရှိ ကိုယ်ဝန်ဆောင်မိခင်များကို ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် ကလေးငယ်များကို အာဟာရတိုက်ကျွေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမိုးဆွေက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကျော့မေခိုင်က ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးသူငယ်များအား အာဟာရများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**အေးအေးမြင့် (ပြန်/ဆက်)**

❊ *ကျော့ဖုံးမှ*

ပြည်တွင်းလိုအပ်ချက်အရ ပြည်ပမှ မှာယူတင်သွင်းနေရသော မော်တော်ယာဉ်များအား တည်ငြိမ်သောမူဝါဒတစ်ခု ချမှတ်ဆောင်ရွက်သင့်သည့်အကြောင်းနှင့် ပတ်သက်၍ "မော်တော်ယာဉ်တင်သွင်းတဲ့မူဝါဒကို ပြောရမယ်ဆိုရင် အရင်အစိုးရလက်ထက်မှာ မပြောင်းဘူးလို့ ပြောခဲ့တဲ့အချိန်မှာတောင် ခုနစ်ခါ၊ ရှစ်ခါလောက်ပြောင်းခဲ့တယ်။ လက်ရှိအစိုးရအနေနဲ့လည်း မော်တော်ယာဉ်တင်သွင်းတဲ့ မူဝါဒကို တည်ငြိမ်တဲ့မူဝါဒတစ်ခု မချမှတ်နိုင်သေးဘူးပေါ့။ အဲဒါကျတော့ ကျွန်တော်တို့ မော်တော်ကား တင်သွင်းရောင်းချသူတွေအနေနဲ့က ဈေးကွက်မတည်မငြိမ်ဖြစ်တာကို ကြုံနေရတာပေါ့။ ဈေးကွက်မတည်ငြိမ်တော့ ဝယ်သူလည်း အဆင်မပြေဘူး။ ရောင်းချတဲ့သူလည်း အဆင်မပြေဘူး။ အဲ့ဒါကြောင့် မူဝါဒလေးတစ်ခုကို ငါးနှစ်တန်သည်၊ ၁၀ နှစ်တန်သည်ဆိုတဲ့ တည်ငြိမ်တဲ့မူဝါဒလေးတစ်ခု ရှိစေချင်ပါတယ်" ဟု ကိုမျိုးမင်းသူက သူ၏အမြင်ကို ပြောသည်။

မော်တော်ကားဈေးကွက်အတွင်း ကားဈေးနှုန်း ပြန်လည်ဦးမော့လာခြင်းအကြောင်းကို မော်တော်ယာဉ်အရောင်းအဝယ်ပြုလုပ်နေသူ တစ်ဦးဖြစ်သည့် ကိုမိုးကျော်က "ကားဈေးမာတာတော့ မဟုတ်ပါဘူး။ ကားတင်သွင်းတဲ့ ကုန်ကျစရိတ်တွေမြင့်လာတာပေါ့။ အချို့ကျတော့လည်း နောက်ထပ်မသွင်းနိုင်ဘူး။ ဒါ့ကြောင့် ရှိတဲ့ကားလေးတွေကို နည်းနည်းတင်ရောင်းကြတယ်ပေါ့။ ငွေဈေးတက်သွားတာတို့၊ ဂျပန်မှာ ယန်းဈေးတက်တာတို့ နောက်ဒီမှာ အခွန်ကဘယ်လိုပေါ့လေ၊ အဲ့ဒီလို အကြောင်းလေးတွေကြောင့် စလစ်ဈေးက ဈေးတက်လာတဲ့ အခါကျတော့ သွင်းတဲ့လူက လက်ရှိဈေးကွက်ထဲမှာ ရောင်းတဲ့ဈေးနဲ့မကိုက်ဘူး။ သွင်းတဲ့လူမကိုက်တဲ့အခါကျတော့ ရှိတဲ့ကားတွေကိုပဲ နည်းနည်းလေး ဈေးတင်ရောင်းတယ်။ အဲ့ဒီလိုမျိုးလေးဖြစ်သွားတာပါ။ အဝယ်တွေလိုက်လာလို့ ဈေးတက်တာမဟုတ်ပါဘူး"ဟု ရှင်းပြသည်။

နယ်ဝယ်လက်၊ ရန်ကုန်ဝယ်လက်နှင့် ကားဝယ်လိုအားများအကြောင်းကို ၎င်းက"နယ်ဝယ်လက်တွေအနေနဲ့က အင်ဂျင်ပါဝါ 2 .0 လောက်ပဲ ကြိုက်ကြတယ်။ တောင်တက်၊ တောင်ဆင်းရတယ်၊ ဟိုင်းဝေးသွားရတယ်၊ အဲကွန်းနိုင်တဲ့ကားကို ပိုပြီးစီးကြတယ်။ ကျွန်တော်တို့ 0 .3 ကားလေးတွေက မြို့တွင်းကားလေးတွေပေါ့။ ရန်ကုန်အနေအထားနဲ့က ယာဉ်ကြောက ကျပ်တည်းနေတယ်။ လုံးဝမသွင်းနဲ့၊ ပိတ်လိုက်မယ်ဆိုရင်လည်း ကားဈေးက အလွန်ကြီးတော့ ထောင်တက်မသွားတော့ဘူး။ ဝယ်လိုအားနဲ့ရောင်းလိုအားမှာ ရန်ကုန်က လူတော်တော်များများမှာ ကားက ရှိနေကြပြီ။ ရန်ကုန်၊ မန္တလေးတို့လို မြို့ကြီးတွေမှာတော့ ကားလိုအပ်ချက်ရှိတယ်။ အဲဒီမြို့ကြီးတွေမှာလည်း ကားတော်တော်များများက ရောက်နေကြပြီ။ YBS တွေလို ကားကောင်းကောင်း၊ အဲကွန်းကောင်းကောင်းနဲ့ ဝင်လာတဲ့အခါကျတော့ ကားကျပ်ပေမယ့်လည်း အေးအေးချမ်းချမ်းစီးရတယ်လေ။ အခုဆိုရင် မြို့ထဲသွားရင် ကိုယ်ပိုင်ကားနဲ့မသွားချင်ဘူး။ ဘာကြောင့်လဲဆိုရင် ကားရပ်ဖို့က အဆင်မပြေဘူး။ YBS ရှိတယ်ဆိုရင် YBS ပဲ စီးသွားတော့တယ်။ အဲဒီလိုကားတွေ များများစားစား ရှိသွားမယ်ဆိုရင် ကိုယ်ပိုင်စီးတဲ့ကားတွေနည်းလာမယ်လို့ ကျွန်တော်မြင်တယ်"ဟု မော်တော်ယာဉ်ဝယ်လိုအားအကြောင်းကို ရှင်းပြခဲ့သည်။



# နယ်စပ်ရေးရာဝန်ကြီးဌာနက တနိုင်းနှင့် နမ္မတူဒေသရှိ ခေတ္တတိမ်းရှောင်မိသားစုများအား ဆန်၊ ဆီ၊ ဆား၊ ပဲများထောက်ပံ့

**နေပြည်တော် ဩဂုတ် ၁၇**
နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် ကချင်ပြည်နယ် တနိုင်းဒေသအတွင်း နယ်မြေလုံခြုံရေး အခြေအနေအရ စခန်းအသီးသီးသို့ ခေတ္တတိမ်းရှောင်နေထိုင်ကြသော တိုင်းရင်းသား မိသားစုဝင်များအတွက် ငွေကျပ် ၅၈ သိန်း တန်ဖိုးရှိ ရိက္ခာဆန်၊ ဆီ၊ ဆား၊ ပဲများကို ယနေ့ညနေပိုင်းတွင် တနိုင်းဒေသမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ဩဂုတ် ၁၅ရက်၌ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေး ရုံးခွဲ (လားရှိုး)မှ ဒေသကြီးကြပ်ရေးမှူး ဦးမောင်မောင်နိုင်သည် နမ္မတူမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်တို့နှင့်အတူ နမ္မတူဒေသရှိ နယ်မြေလုံခြုံရေးအခြေအနေအရ ခေတ္တတိမ်းရှောင်နေထိုင်ကြသည့် စခန်းများဖြစ်သော ရွှေမြင်သာဘုန်းတော်ကြီးကျောင်း (ကြူဆော့)စခန်း၊ လီဆူးဘုရားရှိခိုးကျောင်းစခန်း၊ ကချင်နှစ်ချင်း ဘုရားရှိခိုးကျောင်းစခန်းတို့သို့ သွားရောက်၍ ရိက္ခာဆန်၊ ဆီ၊ ဆား၊ ပဲများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**(သတင်းစဉ်)**

# ဓာတ်ရောင်ခြည်ပေးနည်းပညာအသုံးချ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၇**
ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ကျင်းပသော ဓာတ်ရောင်ခြည်ပေးနည်းပညာ အသုံးချ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဓာတ်ရောင်ခြည်ပေးနည်းပညာ အသုံးပြုမှုသည် ကမ္ဘာ့နိုင်ငံအများအပြားတွင် ကျယ်ပြန့်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး အစားအစာနှင့် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများ၊ အဆင့်မြင့်ပစ္စည်းများ ကဏ္ဍတို့တွင် စီးပွားဖြစ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများတွင်လည်း ဓာတ်ရောင်ခြည်ပေး နည်းပညာများကို သုတေသနနှင့် နည်းပညာဖွံ့ဖြိုးမှုများမှတစ်ဆင့် စီးပွားဖြစ်လုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားဖြစ်လုပ်ငန်းဆောင်ရွက်မှုများ၏ သတင်းအချက်အလက်၊ ဗဟုသုတနှင့် လုပ်ငန်းအတွေ့အကြုံများကို လက်ကမ်းမျှဝေဆွေးနွေးတင်ပြခြင်းဖြင့် နိုင်ငံအတွင်းဓာတ်ရောင်ခြည်ပေး နည်းပညာများ ပိုမိုအသုံးပြုနိုင်ရေးအတွက် အထောက်အပံ့ဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဓာတ်ရောင်ခြည်ပေး နည်းပညာအသုံးချခြင်းဆိုင်ရာတို့ကို ကျယ်ပြန့်ထိရောက်စွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရပြီး ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အသင်းဝင်များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသတွင်း နည်းပညာကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# တိုက်ပွဲရှောင်စခန်းနေပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

**မြစ်ကြီးနား ဩဂုတ် ၁၇**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားမှုဖြင့် ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက တိုက်ပွဲရှောင်စခန်းနေပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို မိုးကောင်းမြို့နယ် နမ္မတီးမြို့ လမ်းခွကျေးရွာ နှစ်ချင်းအသင်းတော်ဘုရားကျောင်းတွင် ဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်း၌ ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်စိုးက ထောက်ပံ့ပစ္စည်း ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုက်ပွဲရှောင်စခန်းနေ ပြည်သူများကို စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများနှင့် အားပေးစကားပြောကြားခဲ့သည်။

နှစ်ချင်းဘုရားကျောင်းတွင် ဖွင့်လှစ်ထားသော ယာယီတိုက်ပွဲရှောင်စခန်းနေ အိမ်ထောင်စု ၁၂၃ စု၊ လူဦးရေ ၅၉၈ ဦးအတွက် ကလေးဖိနပ်အရန် ၁၀၀၊ ကျောင်းဝတ်အင်္ကျီ အထည် ၅၀ ၊ အားကစားအင်္ကျီအထည် ၅၀၊ ကျောပိုးအိတ် ၅၀၊ မိုးကာအထည် ၅၀၊ အာဟာရ မုန့်မျိုးစုံတို့ကို တိုက်ပွဲရှောင်စခန်း သိက္ခာတော်ရဆရာတော် ဦးလဖိုင်နှင့် တိုက်ပွဲရှောင်ပြည်သူများထံ ဦးအောင်စိုးက ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ လမ်းခွကျေးရွာ ကက်သလစ်ဘုရားကျောင်းတွင် ဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်းနေ အိမ်ထောင်စု ၁၂၀ စု၊ လူဦးရေ ၅၅၂ ဦးတွက် ပစ္စည်းများသွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပြီး ကာလတန်ဖိုးငွေကျပ် ၁၅ သိန်းကျော်ရှိကြောင်း သိရသည်။

မိုးကောင်းမြို့နယ် နမ္မတီးမြို့နယ်အတွင်း ကဆုန်းကျေးရွာအနီးတွင် ဩဂုတ် ၁၁ ရက်က တပ်မတော်နှင့် KIA/KIO တို့ကြား တိုက်ပွဲများဖြစ်ပွားမှုကြောင့်ဇွပ်မိုင်ကျေးရွာ၊ ကဆုန်းကျေးရွာ နှစ်ရွာမှ ပြည်သူတစ်ထောင်ကျော်သည် အဆိုပါ တိုက်ပွဲရှောင်စခန်းနှစ်ခုသို့ နေရပ်စွန့်ပစ်ပြီး ပြောင်းရွှေ့နေထိုင်လာခြင်းဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ချင်းတွင်းမြစ်ရေတက်မှုကြောင့် ရေဘေးရှောင်ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက စားသောက်ကုန်များလှူဒါန်း

**ခန္တီး ဩဂုတ် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ဩဂုတ် ၁၅ ရက်က ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကာ ခန္တီးမြို့ရှိ ကျေးရွာ ၁၆ ရွာ၊ ရပ်ကွက်သုံးခုမှ အိမ်ထောင်စု ၅၄၅ စု စုစုပေါင်း လူဦးရေ ၂၅၀၀ သည် နေအိမ်များမှ စွန့်ခွာပြီး ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရာ အဆိုပါ ရေဘေးရှောင်ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ဆန်အိတ် ၆၀၀၊ ဆီ ၁၅ ပီပါ၊ ဆားပိသာချိန် ၅၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၃၀၀၀၀ ကို ရေဘေးရှောင်စခန်းများအထိ ဖောင်ဒေးရှင်းအဖွဲ့ဝင်များက သွားရောက် လှူဒါန်းခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် ဆင်းရဲနွမ်းပါးသည့် ပြည်သူများ၏ ဘဝများအားမြှင့်တင်နိုင်ရေးအတွက် လူမှုအကျိုးပြုလုပ်ငန်းများ ရေရှည်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်း၊ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရန် ဆောင်ရွက်ခြင်း၊ လူငယ်များအတွက် ပညာရေးပံ့ပိုးခြင်း၊ လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းဟူ၍ လုပ်ငန်းစဉ်(၅)ရပ် ချမှတ်၍ စနစ်တကျဆောင်ရွက်လျက်ရှိပြီး စတင်ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ ယနေ့အထိ နိုင်ငံတော်နှင့်ပြည်သူအတွက် စုစုပေါင်း ငွေကျပ် ၁၂၈ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**




# ဘီလပ်မြေစက်ရုံစီမံကိန်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်လေ့လာဆန်းစစ်ခဲ့မှုများပြည်သူလူထုသို့ချပြ

**မော်လမြိုင် ဩဂုတ် ၁၇**
မော်လမြိုင် ဘီလပ်မြေကုမ္ပဏီလီမိတက် MCL ၏ ကျိုက်မရောဘီလပ်မြေစက်ရုံ စီမံကိန်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်လေ့လာဆန်းစစ်ခဲ့မှုအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ အများပြည်သူလူထုသို့ ချပြရှင်းလင်းပွဲကို မော်လမြိုင်မြို့ ရာမညဟိုတယ်၌ ဩဂုတ် ၁၇ရက်ကပြုလုပ်ခဲ့ရာ လက်ရှိအသုံးပြုနေသည့် ကျောက်မီးသွေးအသုံးပြုမှုကို လျှော့ချပေးရန်၊ စက်ရုံ၌အသုံးပြုသည့် သုံးရေအတွက် စက်ရုံနှင့်အတ္တရံမြစ်သို့ ဖောက်လုပ်ထားသည့် တူးမြောင်းသည် မြစ်ကြောင်းပြောင်းလဲမှုအပါအဝင် မြစ်အတွင်း ဂေဟစနစ်ကိုပါ ထိခိုက်နိုင်သဖြင့် ပြန်ပြင်ပေးရန် ဒေသခံများက တောင်းဆိုခဲ့ကြသည်။

အမေရိကန်ဒေါ်လာသန်း ၄၀၀ ရင်းနှီးမြှုပ်နှံမှုဖြင့် ထိုင်းနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်နှင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်တို့ အကျိုးတူပိုင်ဆိုင်သော MCL ဘီလပ်မြေစက်ရုံကို ကျိုက်မရောမြို့နယ်၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် မေလတွင် စက်ရုံစမ်းသပ်လည်ပတ်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် ဧပြီလမှ စတင်ကာ တစ်နေ့လျှင် တန်ချိန် ၅၀၀၀ ထုတ်စီးပွားဖြစ်လုပ်ငန်း လည်ပတ်လျက်ရှိသည်။

"လျှပ်စစ်ဓာတ်အားအတွက် နိုင်ငံတော်က ပေးမယ့်လျှပ်စစ်ကို အသုံးပြုချင်ပါတယ်။ စွမ်းအင်ပြည့်ရဖို့ တည်ငြိမ်လျှပ်စစ်ရဖို့တော့ လိုပါတယ်။ ကျောက်မီးသွေးမှ ကျောက်မီးသွေးဖြစ်နေတာတော့မဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂သန်းအသုံးပြုပေးထားပါတယ်။ တည်ဆောက်ရေးကာလ ၂၀၁၄ ခုနှစ်မှာ ကျပ် ၁၁၈ သန်း၊ ၂၀၁၅ ခုနှစ်မှာ ကျပ် ၂၈၈ သန်း၊ ၂၀၁၆ ခုနှစ်မှာ ကျပ် ၂၂၇၂ သန်း နိုင်ငံတော်ကို အခွန်ပေးဆောင်ထားပြီး ၂၀၁၇ ခုနှစ်အတွက်လည်း ကျပ် ၈၂၀၉ သန်း အခွန်ပေးဆောင်ဖို့ လျာထားပါတယ်။ ဒေသခံတွေအတွက်လည်း အလုပ်အကိုင်ရရှိမှုအတွက် စက်ရုံမှာ အလုပ်ခန့်ပေးထားတာတွေလည်းရှိပါတယ်" ဟု MCL စက်ရုံမှ အမှုဆောင်အရာရှိ ဦးဇော်လွင်ဦးက ရှင်းပြသည်။



ဘီလပ်မြေစက်ရုံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ကျောက်မီးသွေးအသုံးပြုကာ ၂၀ မဂ္ဂါဝပ် ထွက်ရှိသော ဓာတ်အားပေးစက်ရုံနှစ်ခုကို တည်ဆောက်လည်ပတ်လျက်ရှိနေသဖြင့် နောင်တစ်ချိန်တွင် ဒေသနေပြည်သူများ သာဆုံးရှုံးခံစားကြရမည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ ရှိလာနိုင်သဖြင့် ကျောက်မီးသွေးအသုံးပြုမှုဆန့်ကျင်သည့် လူထုဆန္ဒဖော်ထုတ်မှုကို ဒေသခံပြည်သူများက နှစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။

"ဒေသဖွံ့ဖြိုးရေးအတွက် နားမလည်လို့ ဆန့်ကျင်တာတော့မဟုတ်ပါဘူး။ နိုင်ငံတကာမှာကျောက်မီးသွေးသုံးတာရှိပေမယ့် ကျောက်မီးသွေးကြောင့်ထွက်တဲ့ ညစ်ညမ်းမှုတွေကို ၁၀၀ ရာခိုင်နှုန်း သန့်စင်ပေးနိုင်တဲ့နည်းပညာ မရှိသေးဘူးလို့ သိရပါတယ်။ ရလာတဲ့ဆိုးကျိုးတွေကို ဒေသခံတွေပဲ ခံစားရမှာပါ။ လတ်တလော ဘာမှမဖြစ်သေးပေမယ့် နောင် ၁၀နှစ်၊ ၁၅နှစ်မှာ ဘယ်လိုအကျိုးဆက်တွေဖြစ်လာမလဲ။ ကျောက်မီးသွေးကနေ ၄၀ မဂ္ဂါဝပ် ထုတ်သုံးနေတယ်။ အားလုံးမဟုတ်တောင် ၂၀ မဂ္ဂါဝပ် တစ်လုံး လျှော့ချပေးလို့ မရဘူးလား။ တဖြည်းဖြည်းချင်းဖြေလျှော့ပေးပါ"ဟု အဆိုပါ ရှင်းလင်းပွဲသို့ တက်ရောက်လာသည့် ကျိုက်မရောဒေသခံဖြစ်သည့် နိုင်ရဲဇော်က ပြောသည်။

အဆိုပါရှင်းလင်းပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအေးဇံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်း၊ သဘာဝပတ်ဝန်းကျင်လေ့လာရေး ပညာရှင်များ၊ အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံများနှင့် မီဒီယာများ တက်ရောက်ခဲ့ကြသည်။

အစိုးရအဆက်ဆက်အနေဖြင့် မိမိတို့၏ သဘာဝပတ်ဝန်းကျင်အခြေအနေများကို ပိုကောင်းသော သဘာဝပတ်ဝန်းကျင်အဖြစ် ချန်ထားရန် တာဝန်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သည်လည်း စွမ်းအင်သည် အဓိက လိုအပ်ချက်ဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက်သည် အယူဝါဒတစ်ခုတည်းကို မလွှတ်တမ်းဆုပ်ကိုင်ထားခြင်းသည် ဒီမိုကရေစီမဟုတ်ပါကြောင်း၊ လူအများဆန္ဒကိုလိုက်လျောပြီး လူနည်းစု၏ အကျိုးစီးပွားကိုလည်း အလေးထားခြင်းသည်သာ ဒီမိုကရေစီဖြစ်ပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အဆိုပါ ရှင်းလင်းပွဲအမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

## နိုင်ငံတစ်ဝန်းတွင် ရာသီတုပ်ကွေးရောဂါလက္ခဏာဖြင့် ပြသသူ ၇၂၅ ဦးရှိပြီး ဓာတ်ခွဲအတည်ပြု H1N1 ဖြစ်ပွားသူ ၂၇၇ ဦး၊ ဓာတ်ခွဲအတည်ပြုသေဆုံးသူ ၂၇ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတစ်ဝန်းတွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူ ၇၂၅ ဦးရှိပြီး Influenza A(H1N1)pdm09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၂၇၇ ဦးရှိကာ ဓာတ်ခွဲအတည်ပြု သေဆုံးသူ ၂၇ ဦးရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရှိရသည်။

ဩဂုတ် ၁၆ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီအထိ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) သံသယလူနာ ၃၈ ဦးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွင် H1N1 ပိုးတွေ့လူနာ ၁၅ ဦးတွေ့ရှိခဲ့ရပြီး ထပ်မံသေဆုံးသူလူနာ တစ်ဦးရှိသဖြင့် ဇူလိုင် ၂၀ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင် ရောဂါလက္ခဏာဖြင့် ပြသသူဦးရေ | Influenza A(H1N1) pdm09 ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူဦးရေ | ဓာတ်ခွဲ အတည်ပြု သေဆုံးသူ ဦးရေ |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၀ | ၀ | ၀ |
| ၂ | ကယားပြည်နယ် | ၀ | ၀ | ၀ |
| ၃ | ကရင်ပြည်နယ် | ၁၃ | ၉ | ၁ |
| ၄ | ချင်းပြည်နယ် | ၆၆ | ၁၃ | ၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၀ | ၁၄ | ၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂၁ | ၁၅ | ၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၂ | ၃၇ | ၃ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂၁ | ၁၃ | ၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၇ | ၁၅ | ၁ |
| ၁၀ | မွန်ပြည်နယ် | ၁၁ | ၆ | ၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၈ | ၃ | ၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၃၅ | ၈၂ | ၇ |
| ၁၃ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၁၄ | ၁၀ | ၀ |
| ၁၄ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၆ | ၃ | ၀ |
| ၁၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၁၁ | ၃ | ၀ |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၇၉ | ၃၇ | ၁၁ |
| ၁၇ | နေပြည်တော် | ၂၁ | ၁၇ | ၀ |
| | **စုစုပေါင်း** | **၇၂၅** | **၂၇၇** | **၂၇** |

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့အထိသေဆုံးသူ စုစုပေါင်း ၁၉ ဦးရှိကြောင်း သိရသည်။

ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ) တွင် H1N1 ပိုးတွေ့ အတွင်းလူနာ ငါးဦး၊ အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၆၀ စုစုပေါင်း ၆၅ ဦး ဆက်လက်ဆေးဝါးကုသမှု ခံယူလျက်ရှိပြီး အများစုမှာ ရောဂါသက်သာလျက်ရှိကြောင်း။

ယနေ့ H1N1 ပိုးတွေ့လူနာ ၁၅ ဦးအနက် တစ်အိမ်တည်းအတူနေမိသားစုဝင် လေးဦးတွင် H1N1 ပိုး စမ်းသပ်တွေ့ရှိရသဖြင့် အတူနေထိုင်သူများအကြားတွင် ရောဂါပိုးကူးစက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော နှိုးဆော်ချက်များအတိုင်း အထူးအလေးဂရုပြုလိုက်နာကြပါရန် လိုအပ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ FluNet Website တွင် ဖော်ပြထားချက်အရ ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၅ ရက်အထိ ခုနစ်လခန့်ကာလအတွင်း အရှေ့တောင်အာရှဒေသနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၏ သတင်းပေးပို့ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားမှုအခြေအနေမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၁၂၀၆၀၊ အိန္ဒိယနိုင်ငံတွင် ၁၃၁၈ ဦး၊ နီပေါနိုင်ငံတွင် ၄၈၀၊ သီရိလင်္ကာနိုင်ငံတွင် ၃၇၃ ဦး၊ မော်လ်ဒိုက်နိုင်ငံတွင် ၂၈၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၇၄ ဦး၊ ထိုင်းနိုင်ငံတွင် ၁၀၉ ဦး၊ မလေးရှားနိုင်ငံတွင် ၅၉ ဦး၊ ဘူတန်နိုင်ငံတွင် ၄၈ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံတွင် နှစ်ဦးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသဖြင့် ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေဖြင့် မြန်မာနိုင်ငံတွင်သာမက နယ်နိမိတ်ချင်းထိစပ်နေသောနိုင်ငံများနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအနက် အများစုတွင် အမျိုးအစားတူ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေသည့် ကာလဖြစ်သည်ဟု သုံးသပ်ရကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်နေသူများတွင် H1N1 ပိုးတွေ့ လူနာများသာမက ပိုးမတွေ့လူနာများအား လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါ ကုသရေးလမ်းညွှန်မှုများအတိုင်း ထိရောက်သောကုသမှုများရရှိရန် အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

## (H1N1) အတည်ပြုသူ ၈၁ ဦးနှင့် သေဆုံးသူ ခုနစ်ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သတင်းထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၃၂၃ ဦး၊ Seasonal Influenza A (H1N1) pdm 09 virus ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၈၁ ဦးနှင့် သေဆုံးသူ ခုနစ်ဦးရှိကြောင်း၊ ယနေ့ နံနက် ၇ နာရီသတင်းအရ အထူးကုဆေးရုံကြီး (ဝေဘာဂီ) တွင် ဆေးရုံတက်ရောက်ကုသနေသော လူနာလေးဦး ရှိပြီး ဩဂုတ် ၁၆ ရက်တွင် ဆေးရုံဆင်းလူနာ တစ်ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



## မြဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် H1N1 သံသယရှိ လူနာသုံးဦး ဆေးကုသမှုခံယူနေ ဓာတ်ခွဲအတည်ပြုအဖြေမရသေးသော်လည်း ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်

**မြဝတီ ဩဂုတ် ၁၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပြင်းထန်အဆုတ်ရောင်ရောဂါလက္ခဏာဖြင့် ကိုးလအရွယ် ကလေးငယ်တစ်ဦး ရောက်ရှိလာရာ အဆိုပါကလေးအား RDT ဖြင့် စမ်းသပ်စစ်ဆေးခဲ့ရာ Influenza Type B-positive ထွက်ရှိခဲ့ပြီး အဆိုပါ ကလေး၏ မိသားစုများအား ထပ်မံစစ်ဆေးခဲ့ရာ ကလေး၏ မိခင်နှင့် အစ်ကိုဝမ်းကွဲတို့တွင်ပါ positive ထပ်မံထွက်ရှိခဲ့သည့်အတွက် လူနာသုံးဦး ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကာ ရန်ကုန်မြို့မှ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာန၏ အဖြေမရရှိသေးသော်လည်း ကျန်းမာရေးတိုးတက်ကောင်းမွန်လျက်ရှိကြောင်း ယနေ့ နံနက် ၉ နာရီက ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ သီတာစိုးက သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး ပြောကြားချက်အရ သိရသည်။

ဒေါက်တာသီတာစိုးက "အခုလက်ရှိဆေးရုံမှာ ဩဂုတ် ၁၄ ရက်က အမှတ် (၄)ရပ်ကွက် ကျောက်လုံးကြီးအနောက်ဘက်က ကိုးလအရွယ်ရှိတဲ့ကလေး ပြင်းထန်အဆုတ်ရောင်ရောဂါလက္ခဏာနဲ့ဆေးရုံရောက်လာတယ်၊ ရာသီတုပ်ကွေးဖြစ်နေတဲ့ အချိန်ဆိုတော့ RDT နဲ့ စစ်တယ်၊ အဖြေက Influenza Type B-positive ထွက်ပါတယ်၊ အဲ့တော့ သူ့မိသားစုတွေကို ကျွန်မတို့က စစ်ဖို့လိုလာပြီ ၊ အဲ့ဒီတော့ ကလေးရဲ့အမေနဲ့ ကလေးရဲ့ အစ်ကိုဝမ်းကွဲမှာ positive ထပ်ထွက်ပါတယ်၊ ပိုပြီးတိကျတဲ့အဖြေရဖို့အတွက် ရန်ကုန်မှာရှိတဲ့ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနကို စစ်ဆေးဖို့အတွက် ပေးပို့ထားပါတယ်၊ အဖြေကတော့ တစ်ရက်၊ နှစ်ရက်ဆို သိရမှာပါ၊ သူတို့သုံးဦးစလုံးကို ဆေးရုံမှာ သီးသန့်အခန်းနဲ့ ကြပ်ကြပ်မတ်မတ်ကုသဆောင်ရွက်ပေး လျက်ရှိပါတယ်၊ ရောဂါအခြေအနေက ပိုမိုပြီးတော့ တိုးတက်ကောင်းမွန်လျက်ရှိပါတယ်၊ စိုးရိမ်စရာတော့ မရှိပါဘူး" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "အခု ကျွန်မတို့က မဲဆောက်မြို့နဲ့ နယ်နိမိတ်ချင်း ထိစပ်နေတာဆိုတော့ လူဦးရေဝင်ထွက်သွားလာမှုတွေများတယ်၊ ကျွန်မတို့ ကျန်းမာရေးဌာနအနေနဲ့က နယ်စပ်ဖြတ်ကျော်တံတားကနေပြီး ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုတဲ့လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်၊ အခုလက်ရှိကတော့ ရာသီတုပ်ကွေး H1N1 ပေါ့၊ ဒါတွေနဲ့ ပတ်သက်ပြီး ဒီအမှတ် (၁) ချစ်ကြည်ရေးတံတားမှာရောနေရပ်ပြန် မြန်မာအလုပ်သမားတွေ လက်ခံတဲ့ စခန်းမှာပါ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်၊ အဲ့ဒီမှာတော့ ပြန်ဝင်လာတဲ့ထဲမှာ နိုင်ငံခြားသားရော မြန်မာနိုင်ငံသားပါ ရောဂါတွေ့ရှိတာ မရှိသေးပါဘူး"ဟု ပြောသည်။

"အလားတူပါပဲ ကျွန်မတို့အနေနဲ့ ဒီရောဂါနဲ့ ပတ်သက်ပြီး အသိပညာပေးဟောပြောပွဲတွေကို မြို့ပေါ်ရော ကျေးရွာတွေမှာပါ ဆောင်ရွက်လျက်ရှိပါတယ်၊ အဓိက ကတော့ ကြိုတင်ကာကွယ်ရေးက ပိုပြီးအရေးကြီးပါတယ်၊ ဒီရောဂါနဲ့ ပတ်သက်ပြီး အများကြီးစိုးရိမ်လွန်ကဲစရာ မလိုပါဘူး၊ ဒါပေမယ့် ပေါ့ဆလို့တော့ မရပါဘူး၊ အခုလက်ရှိ ဆေးဝါးကုသနေသူလူနာသုံးဦးရဲ့အဖြေကိုသိရှိပါကလည်း ချက်ချင်းထုတ်ပြန်ပေးသွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**



ဖြူးမြို့နယ် ဇေယျဝတီမြို့ နယ်မြေရဲစခန်းတွင် H1N1 တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၇ ရက်က စခန်းရုံးခန်းမ၌ ပြုလုပ်ရာ ဇေယျဝတီတိုက်နယ်ဆေးရုံမှ တာဝန်ရှိသူ ဆရာဝန်နှင့် ဇေယျဝတီ ရဲစခန်းမှူး ရဲအုပ် မြင့်ဟန်တို့က H1N1 ရောဂါနှင့်ပတ်သက်၍ ရှောင်ရန်၊ ဆောင်ရန် အချက်များကို အသိပညာပေး ရှင်းလင်းဟောပြောစဉ်
ဖြူး-မြင့်ဦး

## H1N1 သံသယရှိကလေးငယ် ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှဆင်း

**သန်လျင် ဩဂုတ် ၁၇**

ရာသီတုပ်ကွေးရောဂါ (H1N1) လက္ခဏာ သံသယဖြင့် ရန်ကုန်ကလေးဆေးရုံကြီး၌ ဩဂုတ် ၁ ရက်မှစ၍ တက်ရောက်ကုသခဲ့ရသော သန်လျင်မြို့နယ်မှ အသက် တစ်နှစ် ရှစ်လအရွယ် ကလေးငယ်တစ်ဦးမှာ ကျန်းမာရေးကောင်းမွန်လာ၍ ဆေးရုံမှ ပြန်ဆင်းပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးငယ်မှာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်း ကျေးရွာအုပ်စုနေ ဦးအောင်အောင်နှင့် ဒေါ်ကြည်ဝင်းတို့၏ သားသမီးငါးဦးအနက်မှ မောင်ဖိုးသောကြာဖြစ်ပြီး H1N1 သံသယဖြင့် ရန်ကုန်ကလေးဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူခဲ့ရကာ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသဖြင့် ဩဂုတ် ၁၆ ရက်က ဆေးရုံမှ ဆင်းခွင့်ရခြင်းဖြစ်သည်။ အဆိုပါ ကလေးငယ်မှာ ယခုအခါ နေအိမ်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ပြီး ကလေးငယ်အပါအဝင် မိသားစုဝင် ခုနစ်ဦး စလုံးမှာ ကျန်းမာပျော်ရွှင်လျက်ရှိနေသည်ကို တွေ့ရသည်။

**သက်ခိုင် (သန်လျင်)**

## ဧရာဝတီတံတား(ထီးချိုင့်)ချဉ်းကပ်လမ်းပေါ် ရေကျော်နေ၍ သွားလာရေးအဆင်ပြေစေရန် ယာယီလမ်းဖောက်လုပ်



**ထီးချိုင့် ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဧရာဝတီတံတား(ထီးချိုင့်) ချဉ်းကပ်လမ်း ထီးချိုင့်ဘက်အပိုင်းတွင် လမ်းရေကျော်လျက်ရှိရာ အဝေးပြေးယာဉ်များနှင့် မြို့နယ်တွင်း ခရီးသွားပြည်သူများ အခက်အခဲရှိနေကြောင်း သိရသည်။ **(ယာပုံ)**

"ချဉ်းကပ်လမ်းပေါ် ရေကျော်တာ ဩဂုတ် ၁၅ ရက်ကစပြီး နှစ်ပေလောက်ရှိပါတယ်။ ယာဉ်ကြီးတွေကတော့ မောင်းလို့ ရပါတယ်။ ယာဉ်ငယ်လေးတွေကတော့ မောင်းလို့မရဘူး။ အင်ဂျင်ထဲ ရေဝင်မှာ ကြောက်ပြီး မမောင်းကြဘူး။ စက်လှေနဲ့တင်ပြီး ကူးကြတယ်။ ကားသေးတစ်စီးကို ငွေကျပ် သုံးထောင်နဲ့ ပို့ပေးတယ်။ ဒီနေ့မှစပို့တာ တွေ့ရပါတယ်။ ထွန်စက်နောက်တွဲပေါ် တင်ပြီးတော့လည်း ကူးကြတယ်။ ခရီးတွင်ကျယ်မှုတော့မရှိပါဘူး"ဟု ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ ရေကျော်နေမှုအပေါ် ခရီးသွားပြည်သူများ အဆင်ပြေစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဇင်လင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြေရှင်၏ ကူညီမှုဖြင့် ကားလမ်းမကျောက်စေတီကျောင်းတိုက်သို့ ဖြတ်လမ်း ဖောက်လုပ်ပေးမှုကြောင့် ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာ သွားလာနိုင်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မော်လိုက်မြို့တွင် မြေနိမ့်ပိုင်းရပ်ကွက်များနှင့် စိုက်ပျိုးပြီးလယ်အချို့နစ်မြုပ်

**မော်လိုက် ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့တွင် ဒုတိယအကြိမ် ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် ယနေ့ မွန်းလွဲ ၁ နာရီတိုင်းထွာချက်များအရ ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂၃၀ စင်တီမီတာအထက် ၆၀ စင်တီမီတာသို့ ရောက်ရှိနေကြောင်း ခရိုင်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

အဆိုပါ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ဩဂုတ် ၁၆ ရက်အထိ မြို့ပေါ်မြေနိမ့်ပိုင်းရပ်ကွက်၊ ကျေးရွာများရှိ အိမ်ခြေ ၁၀၉ အိမ် ရေဝင်ရောက်လျက်ရှိပြီး ရေဘေးသင့်အိမ်ခြေ ၂၂ အိမ်မှ လူဦးရေ ၁၀၆ ဦးအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ဖွင့်လှစ်ဆောင်ရွက်ပေးထားသည့် ကယ်ဆယ်ရေးစခန်း လေးခုသို့ ပြောင်းရွှေ့နေရာချထားပေးရကြောင်းနှင့် မြေနိမ့်ပိုင်းကျေးရွာများရှိ စိုက်ပျိုးပြီး မိုးစပါး လယ်ဧက ၁၄၂ ဒသမ ၂၆ ဧက ရေနစ်မြုပ်လျက်ရှိပြီး စာသင်ကျောင်းတစ်ကျောင်းကိုလည်း ယာယီပိတ်ထားရကြောင်း သိရသည်။

**မော်လိုက်သားလေး**



## နတ်မဟုတ်ကလေးရွာဘုရားစေတီနှင့် ရွာအဝင်လမ်း ရေတိုက်စားမှုကြောင့် ပျက်စီး

**အင်းတော် ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ဩဂုတ် ၁၆ ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ အင်းတော်မြို့နယ် နတ်မဟုတ်ကလေးကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ဘုရားစေတီ၏ ရေကာအုတ်တံတိုင်း ပေ ၁၀၀ ကျော်မှာ ချောင်းရေတိုက်စားမှုကြောင့် ညနေပိုင်းရေပြန်ကျချိန်၌ ပြိုကျခဲ့ပြီး ရွာအဝင်လမ်းမှာလည်း ရေတိုက်စားမှုကြောင့် ပေ ၁၅၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ကိုမင်း(အင်းတော်)**

## တာချီလိတ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်စောင်းမြေသားများပြိုကျ၊ အိမ်တစ်လုံးပျက်စီး

**တာချီလိတ် ဩဂုတ် ၁၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့၌ ဩဂုတ် ၁၅ ရက်မှစ၍ ၁၆ ရက် ညပိုင်းအထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပုန်းထွန်ရပ်ကွက် မိုးဇလအနီးရှိ နေအိမ်တစ်လုံး ပျက်စီးကာ အမျိုးသားတစ်ဦး မြေသားများပိဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပုန်းထွန်ရပ်ကွက် မိုးဇလအနီးရှိ ဦးမြင့်အောင်၏ ခြံဝင်းအတွင်းရှိ သွပ်မိုး၊ ထရံကာ နေအိမ်အဆောက်အအုံပေါ်သို့ ဩဂုတ် ၁၅ ရက် ည ၁၁ နာရီခွဲတွင် ပထမအကြိမ် မြေပြိုကျသဖြင့် အိမ်နံရံနှင့် အိမ်ခေါင်မိုးတို့အပေါ် မြေသားများကျဆင်းခဲ့သဖြင့် မိသားစုများက ပြန်လည်ရှင်းလင်း ခဲ့ရကြောင်း၊ ဩဂုတ် ၁၆ ရက် ည ၁၂ နာရီခွဲတွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်စောင်းမှ ရေထိုးချသည့်ဒဏ်ကြောင့် ဒုတိယအကြိမ် ထပ်မံပြိုကျခဲ့ရာ မြေသားများ အပြင် ဝါးရုံပင်အုံများ အိမ်ပေါ်သို့ပြိုကျကာ နေအိမ်တစ်ခြမ်းလုံး ပျက်စီးပြီး မောင်ရန်လင်းအောင် (၂၅ နှစ်)အား မြေကြီးနှင့် သွပ်ပြားပိမိ၍ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တာလေ့ရပ်၊ ဝမ်ကောင်းရပ်၊ ဆန်ဆိုင်ရပ်၊ မယ်ခေါင်ရပ်ကွက်နှင့် ပုန်းထွန်ရပ်ကွက်ရှိ အနိမ့်ပိုင်းနေရာများတွင် ဩဂုတ် ၁၆ ရက် ညပိုင်းတွင် ရေများလျှံကာ နေအိမ်တချို့အတွင်း ရေများဝင်ရောက်ခဲ့ကြောင်း၊ ရန်အောင်မြေပါလျှံ (၃)၊ BT ကျွန်းပင် တစ်ပင်လဲကျကာ ခတ်မီးကြိုးပေါ်သို့လည်းကောင်း၊ ပုန်းထွန်ရပ်ကွက်ရှိ ရွှေရည်မြင့်မိုရ်ဟိုတယ်နှင့် ရွှေတြိဂံဟိုတယ်အနီး ခြံစည်းရိုးဘေးရှိ သစ်ပင်တစ်ပင် ဖုန်းလိုင်းကြိုးပေါ်သို့ လည်းကောင်း၊ လွယ်တော်ခန်းရပ်ကွက်ရှိ နဂါးရုံနှင့် ဓမ္မရိပ်သာကျောင်းတိုက် နံရံပေါ်သို့ မြေသားများ ကျရောက်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဖယ်ရှားရှင်းလင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## ရက်သားအရွယ် တောဆင်ငယ်တစ်ကောင်အား ကယ်ဆယ်ထား

**နေပြည်တော် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းများ၊ ချောင်းသာနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဆိပ်ကြီးရွာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့နယ် ချောင်းသာကြိုးဝိုင်း ဖိုးလွှန်းချောင်းရှိ ရေစီးကြောင်း ကျောက်ဆောင်ကြားတွင် ညပ်၍ နွံနစ်နေသော ရက်သားအရွယ် တောဆင်ငယ်တစ်ကောင်အား သွားရောက်ကယ်ဆယ်၍ ငလိန်တလည်ရွာတွင် ခေတ္တပြုစုထိန်းသိမ်းထားရှိကြောင်း သိရသည်။ **(ယာပုံ)**

သို့သော် ညနေ ၅ နာရီခွဲတွင် တောဆင်ငယ်ကလေး၏ မိခင်ဆင်မပါဝင်သည့် တောဆင်ရိုင်းများ ဆင်ငယ်နောက်သို့ လိုက်လာသည့် အသံများ ကြားနေရသဖြင့် မြန်မာ့သစ်လုပ်ငန်းနှင့် ညှိနှိုင်း၍ မိခင်ဆင်အုပ်ထံသို့ ပြန်လည်ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**



**မုတ်သုံလေ အားကောင်းနေ**

**နေပြည်တော် ဩဂုတ် ၁၇ -** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေမည်။ **(မိုး/ဇလ)**

## ကန်ကြီးထောင့်မြို့ရှိ ဟွာမှုံအထည်ချုပ်စက်ရုံတွင် ရေနွေးငွေ့ပိုက်ခေါင်း ပေါက်ကွဲမှုဖြစ်ပွား

**ကန်ကြီးထောင့် ဩဂုတ် ၁၇**

ကန်ကြီးထောင့်မြို့ အမှတ်(၄) ရပ်ကွက်ရှိ ဟွာမှုံအထည်ချုပ်စက်ရုံတွင် ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်တွင် စက်ရုံ၌ အထည်များမီးပူတိုက်ရန် သွယ်တန်းထားသည့် ရေနွေးငွေ့ပိုက်ခေါင်း ပေါက်ထွက်၍ ရေနွေးငွေ့များ ပန်းထွက်မှုဖြစ်ပွားခဲ့ပြီး အလုပ်သမား ၁၁ ဦး အထိတ်တလန့်ဖြစ်ကာ ကန်ကြီးထောင့်မြို့နယ်ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေနွေးငွေ့ပိုက်မှ ပိုက်ခေါင်းပြုတ်ထွက်မှုဖြစ်ပွားခဲ့ပြီး ရေနွေးငွေ့များ ပန်းထွက်လာခဲ့ကြောင်း၊ ယင်းကဲ့သို့ ရေနွေးငွေ့ပိုက်ခေါင်းပေါက်ထွက်သံကြောင့် စက်ရုံတွင် အလုပ်လုပ်နေသည့် အလုပ်သမားများမှာ အပြင်သို့ ပြေးထွက်စဉ် အလုပ်သမများဖြစ်ကြသည့် မတင်ဇာသင်းခိုင်၊ မလမင်းဝင်းဝါ၊ မဝင်းဝင်းချို၊ မသီတာအောင်၊ မနန်းယုလှိုင်၊ မဆန်းထက်ထက်၊ မဖြိုးအိအိလှိုင်၊ မသျှားလဲ့လဲ့ရှိုင်း၊ မဝေမိုးသူ၊ မဇင်မာလင်း၊ မအေးအေးသင်းတို့မှာပေါက်ကွဲသံကြောင့် ကြောက်ရွံ့ကာ မူးမေ့ခြင်းများဖြစ်ခဲ့သောကြောင့် ကန်ကြီးထောင့်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း၊ မတင်ဇာသင်းခိုင်၊ မနှင်းယုလှိုင်၊ မဝင်းဝင်းချိုတို့မှာ ဆရာဝန်၏ စစ်ဆေးချက်အရ နှလုံးရောဂါအခံရှိသူများဖြစ်သောကြောင့် လိုအပ်သည့်ဆေးကုသမှုများခံယူရန် ပုသိမ်ပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ကန်ကြီးထောင့်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်ထားပြီး တစ်စုံတစ်ရာထိခိုက်မှု ကြီးမားစွာမရှိသောကြောင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားခြင်းမရှိသေးကြောင်း ကန်ကြီးထောင့်မြို့မရဲစခန်းမှူးက ပြောသည်။

**နန္ဒကျော်စွာ**

## မောင်တောမြို့နယ်၌ အကြမ်းဖက်အဖွဲ့များနှင့် ပတ်သက်သူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ အကြမ်းဖက်အဖွဲ့များနှင့် ပတ်သက်သူ တစ်ဦးအား ယမန်နေ့ နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် တောင်ရင်းကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၁၁ နာရီခန့်က အကြမ်းဖက်အဖွဲ့များနှင့် ပတ်သက်သူ ကွန်းခေါင်းကျေးရွာနေ မာမတ်ဆီဒိတ်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြစ်ငယ်ဘူတာတောင်ဘက်တွင် ကေဘယ်ကြိုးလိုင်းတူးရာ ဗုံးသီးတွေ့ရှိ

**မြစ်ငယ် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်ဘူတာတောင်ဘက် ကိုက် ၅၀၀ ခန့်အကွာတွင် ဩဂုတ် ၁၇ ရက် မွန်းတည့် ၁၂ နာရီက ဆက်သွယ်ရေးကေဘယ်ကြိုးလိုင်းတူးဖော်နေစဉ် စစ်ကျန်ဗုံးသီးဟောင်းတစ်ခုတွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ငယ်ဘူတာတောင်ဘက် မီးရထားမိုင်တိုင် အမှတ်(၃၇၇/၄)အနီးတွင် မြင်းဖြူဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ခံ ကိုကျော်နိုင်နှင့်အဖွဲ့က မြေအောက်ကေဘယ်ကြိုးလိုင်းတူးဖော်ရာ အနက် သုံးပေခန့်တွင် အချင်း ခုနစ်လက်မ၊ အရှည်တစ်ပေ ခုနစ်လက်မရှိ စစ်ကျန်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိခဲ့သည်။ ဗုံးသီးဟောင်းတွေ့ရှိမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာသို့ အကြောင်းကြားရာ နယ်မြေခံအင်ဂျင်နီယာတပ်မှ တပ်ကြပ်ကြီး မျိုးမြင့်ထွန်းနှင့်အဖွဲ့ အမှတ်(၆) ရထားရဲတပ်ဖွဲ့တပ်ခွဲမှူး ဒုရဲမှူးသိန်းလင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြစ်ငယ်နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်ကြည်ခိုင်တို့က လာရောက်စစ်ဆေးပြီးနောက် အဆိုပါဗုံးသီးဟောင်းအား နယ်မြေခံအင်ဂျင်နီယာတပ်ရင်းသို့ လွှဲပြောင်းပေးအပ်လိုက်ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

## ထီးချိုင့်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်း ၂၃ ကျောင်း ခေတ္တပိတ်ထားရ

**ထီးချိုင့် ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းမှစ၍ အခြေခံပညာကျောင်း ၂၃ ကျောင်း ခေတ္တပိတ်ထားရကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် ဩဂုတ် ၆ ရက် နံနက် ၆ နာရီမှစတင်၍ မြင့်တက်လာရာ ဩဂုတ် ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ထီးချိုင့်မြို့၏ စိုးရိမ်ရေမှတ် ၇၄၀ စင်တီမီတာသို့ ရောက်ရှိလာမှုကြောင့် မြို့နယ်အတွင်း အနိမ့်ပိုင်းရှိ အထကကျောင်း နှစ်ကျောင်း၊ အလကကျောင်း တစ်ကျောင်း၊ အလက(ခွဲ)ကျောင်း ကိုးကျောင်း ၊ မူလတန်းလွန်ကျောင်း လေးကျောင်းနှင့် မူလတန်းကျောင်း ခုနစ်ကျောင်း စုစုပေါင်း ၂၃ ကျောင်း ခေတ္တပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြစ်ရေကြီးမှုကြောင့် ဟုမ္မလင်းမြို့နယ်၌ စာသင်ကျောင်းအချို့ယာယီပိတ်

**ဟုမ္မလင်း ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ၊ ဥရုမြစ်ရေ၊ ချောင်းရေများ ဒုတိယအကြိမ်ရေကြီးရေလျှံမှုကြောင့် ဩဂုတ် ၁၅ ရက်က အခြေခံပညာကျောင်း ၁၀ ကျောင်း၊ ဩဂုတ် ၁၆ ရက်တွင် ကျောင်း ၂၀ ကျော် စုစုပေါင်း အခြေခံပညာကျောင်း ၃၀ ကျော်ကို ခေတ္တပိတ်ထားရကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်တိုက်မှုဖြစ်ပွား၍ နှစ်ဦးသေ၊ လေးဦးဒဏ်ရာရ

**နေပြည်တော် ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ်(၁၂၆/၆-၇)ကြားတွင် ယနေ့နံနက် ၁ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇေယျာဝတီကုန်း အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမကြီးမီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာနေ သက်ဦး(၃၉ နှစ်) မောင်းနှင်လာသော 7J/---- CANTER ခြောက်ဘီးယာဉ်သည် ကွန်ကရစ်လမ်းစပ်၌ ဝဲဘက်ရှေ့ဘီးပေါက်၍ ရပ်တန့်ပြုပြင်နေသည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်နေ အာစန်း(၂၇ နှစ်) မောင်းနှင်သော 7G/---CANTER ခြောက်ဘီးယာဉ်၏ ဝဲဘက်နောက်ပိုင်းအား အရှိန်မထိန်းနိုင်ဘဲတိုက်မိခဲ့ရာ 7J/--- ယာဉ်မောင်း သက်ဦးနှင့် 7G/---- ယာဉ်ပေါ်ပါ တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်နေ အာနိုး(၃၅ နှစ်)တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ယာဉ်မောင်း အာစန်းနှင့် ယာဉ်နှစ်စီးပေါ်တွင် လိုက်ပါလာသူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် သက်ဦးနှင့် အာစန်းတို့နှစ်ဦးအား ဇေယျာဝတီကုန်းအမြန်လမ်းမကြီး ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မိုးညှင်းတွင် တရားမဝင်ဖြတ်သန်းမောင်းနှင်လာသော လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီးဖမ်းဆီးရမိ

**မိုးညှင်း ဩဂုတ် ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ဩဂုတ် ၁၆ ရက်က တရားမဝင် ဖြတ်သန်းမောင်းနှင်လာသော မော်တော်ယာဉ်သုံးစီးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။




ဖြစ်စဉ်မှာ ဩဂုတ် ၁၆ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်က မိုးညှင်းမြို့ နန့်ပုတ်ကျေးရွာ မြို့ဝင်ဘီးခွန်ဂိတ်တွင် လိုင်စင်မဲ့ယာဉ်များ ဝင်ရောက်မှုမရှိစေရေး ရှောင်တခင် စစ်ဆေးဆောင်ရွက်နေစဉ် မော်ဟန်ဘက်မှ မိုးညှင်းဘက်သို့ ယာဉ်မောင်း စိုင်းမင်းလွင် မောင်းနှင်လာသည့် MDY-3M/---- VOXY ယာဉ်အား အမှတ်(၁၀၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ မိုးညှင်းမှ ဒုရဲမှူး မြင့်မိုးနှင့်အဖွဲ့က စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ယာဉ်အားသိမ်းဆည်းကာ အရေးယူနိုင်ခဲ့သည်။

ဆက်လက်၍ အဆိုပါပူးပေါင်းအဖွဲ့သည် ညနေ ၅နာရီ ၂၅ မိနစ်ခန့်တွင် စစ်ကိုင်းဘက်မှ မြစ်ကြီးနားဘက်သို့ ယာဉ်မောင်း အောင်အောင် မောင်းနှင်လာသည့် YGN-4I/---- HONDA EDIX ယာဉ်အား စစ်ဆေးရာ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရသဖြင့် သိမ်းဆည်းအရေးယူခဲ့ကြောင်း၊ အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲခန့်တွင် မော်ဟန်ဘက်မှ မိုးညှင်းဘက်သို့ ယာဉ်မောင်း တင်မိုး မောင်းနှင်လာသည့် ယာဉ်အား စစ်ဆေးရာ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရသဖြင့် အဆိုပါမော်တော်ယာဉ်သုံးစီးကို ယာဉ်မောင်းများနှင့်အတူ ဒုရဲမှူးမြင့်မိုးက အရေးယူနိုင်ရန်အတွက် တရားလိုပြုလုပ်၍ တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးညှင်းမြို့မရဲစခန်းမှ တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်မောင်းနှင်လာသူ စိုင်းမင်းလွင် (၃၂ နှစ် ) မြစ်ကြီးနားမြို့နေသူ၊ အောင်အောင် (၃၄ နှစ်) မော်ဝမ်းရပ်ကွက် ဖားကန့်မြို့နေသူနှင့် တင်မိုး(၂၃ နှစ်)တို့ကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၆၇)**

# ခိုးယူလာသောနွားနှစ်ကောင်အား ဝိုင်းဝန်းဖမ်းဆီးကာ ပိုင်ရှင်ထံပြန်လည်အပ်နှံ

**ပန်းတောင်း ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဒေါင်းမြတ်နားကျေးရွာအနီး ပြည်-တောင်ကုတ် အဝေးပြေးလမ်းမကြီး မြောက်ဘက်တွင် ခိုးယူသယ်ဆောင်လာသောနွား နှစ်ကောင်အား ဩဂုတ် ၁၇ ရက် နံနက် ၁ နာရီက ကျေးရွာလူငယ်များက ဝိုင်းဝန်းဖမ်းဆီးပြီး နွားပိုင်ရှင်ထံ ပြန်လည်အပ်နှံလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပန်းတောင်းမြို့နယ်မှ တောင်ကုတ်မြို့နယ်သို့ တရားမဝင်နွားများသယ်ဆောင်နေကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့နေမှုကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး၏စီစဉ်မှုဖြင့် လူငယ်များ ညကင်းစောင့်ဆိုင်းနေကြစဉ် ဩဂုတ် ၁၇ ရက် နံနက် ၁ နာရီခန့်တွင် နွားများ သယ်ဆောင်လာသဖြင့် ရုံးပုရွာလူငယ်အဖွဲ့က နောက်ယောင်ခံလိုက်ရာ ရွာသစ်ကျေးရွာ၊ ဒေါင်းမြတ်နားကျေးရွာတို့ကိုဖြတ်ပြီး ပြည်-တောင်ကုတ်လမ်းသို့ သယ်ဆောင်နေသည်ကို တွေ့ရှိရသည်။

အဆိုပါလူငယ်အဖွဲ့က ဒေါင်းမြတ်နားကျေးရွာ အုပ်ချုပ်ရေးမှူးအား အကြောင်းကြားပြီး ပန်းတောင်းမြို့မရဲစခန်းသို့ သတင်းပို့၍ ဝိုင်းဝန်းဖမ်းဆီးရန် ကြိုးပမ်းစဉ် ပြည်-တောင်ကုတ်လမ်း မြောက်ဘက် ကိုက် ၅၀၀ ခန့်အကွာတွင် နွားနှစ်ကောင်အား ချည်ထားပြီး နွားခိုးယူသူများမှာ ထွက်ပြေးသွားခဲ့သည်။ ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးက နွားပိုင်ရှင်အား စုံစမ်းရာ ဆင်တဲကျေးရွာအုပ်စု ပုတီးတောရွာမှ ကိုမြင့်အေး၏ နွားနှစ်ကောင်ဖြစ်ကြောင်း သိရသဖြင့် နံနက် ၅ နာရီတွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသော ပိတောက်စားရွေတုံးများဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈၄ စီး၊ သွင်းကုန် ၅၂၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး ၊ သွင်းကုန် ၁၁၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ဝ ဒသမ ၅၁၄ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၆၂၃ သန်းခန့် စုစုပေါင်းတားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၁၃၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၅ ရက်တွင် မူဆယ်သို့သွားရောက်မည့် ယာဉ်များအား သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ၁၉၆ မိုင် ခြောက်ဖာလုံ၊ ၁၉၇ မိုင် ငါးဖာလုံနှင့် မိုင် ၁၉၀ ခုနစ်ဖာလုံအနီး၌ ရပ်တန့်ထားသော Nissan Wingroad ယာဉ်တစ်စီး၊ Honda Odyssey ယာဉ်တစ်စီးနှင့် Fuso ၂၂ ဘီး တွဲယာဉ်တစ်စီးတို့အား မသင်္ကာဖွယ်ရပ်တန့်ထားသည်ကိုတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်သားရွေတုံး ၁၃၁ တုံး (၁၀ ဒသမ ၁၈၃၄ တန်)၊ ပိတောက်သစ်လုံး ခုနစ်လုံး (ဝ ဒသမ ၈၇၄၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၉၈ ဒသမ ၇၃၅ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။



**တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ပိတောက်စားရွေတုံး၊ ပိတောက်သစ်လုံးနှင့်ပစ္စည်းသယ်ဆောင်သည့်ယာဉ်**

**(သတင်းစဉ်)**

# ကော့ဒွတ်ကျေးရွာ တံတားအောက်တွင် သတ်ဖြတ်၍ ပစ်ချခဲ့သူကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

**မော်လမြိုင် ဩဂုတ် ၁၇**

ရေးမြို့နယ် လမိုင်းမြို့ ကော့ဒွတ်ကျေးရွာသွားလမ်း တပင်တံတားအောက်တွင် အမျိုးသားတစ်ဦး သေဆုံးမှုနှင့်ပတ်သက်ပြီး ပြစ်မှုကျူးလွန်သူကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း မုပွန်နယ်မြေရဲစခန်းမှ သိရသည်။

သေဆုံးသူသည် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်တွင် နေထိုင်သူ ဦးဝင်းမောင်(ခ) ဦးကြည်လွင်ဖြစ်ပြီး ၎င်းသည် ဩဂုတ် ၁၁ ရက်က မျိုးဝင်း(ခ) ညိုဝင်းနှင့် ငွေရေးကြေးရေကိစ္စဖြင့် ချိန်းတွေ့ကြစဉ် အသတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအလောင်းကို ဩဂုတ် ၁၄ ရက်က ကော့ဒွတ်ကျေးရွာသွားလမ်း တပင်တံတားအောက်၌ တွေ့ရှိရပြီး လမိုင်းမြို့ တိုက်နယ်ဆေးရုံမှ အလောင်းကို စစ်ဆေးခဲ့ရာ လည်ပင်းကုပ်ကျိုးနေပြီး လည်ကုပ်တွင် သွေးထွက်ဒဏ်ရာများ ရရှိသည့်အပြင် အဆုတ်ထဲ ရေဝင်ပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း လမိုင်းမြို့ နယ်မြေရဲစခန်းမှတ်တမ်းအရ သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မျိုးဝင်း(ခ) ညိုဝင်းကို မော်လမြိုင်မြို့မုပွန်နယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သန်း (မော်လမြိုင်)**

# တနင်္သာရီမြို့နယ်၌ တရားမဝင်ငါးဖမ်းလှေသုံးစင်းပေါ်မှ အမျိုးသား ၁၉ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

ပင်လယ်ပြင်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေရှင်းတိုက်ကင်းလှည့်ရန် တိုက်ရေယာဉ်ဖြင့် ထွက်ခွာလာစဉ် တနင်္သာရီမြို့နယ် မော်တုန်းကြီးအနီး စက်လှေသုံးစင်းပေါ်မှ တရားမဝင်ငါးဖမ်းသူ အမျိုးသား ၁၉ ဦးကို ဖမ်းဆီးရမိသဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေရှင်းတိုက်ကင်းလှည့်ရန် ထွက်ခွာလာစဉ် တနင်္သာရီမြို့နယ် မော်တုန်းကြီး အရှေ့မြောက် ၂ ဒသမ ၅ မိုင်ခန့်အကွာ၌ ကင်းမွန်ဖမ်းလှေနှင့် ပဲ့နင်း/ပိုင်ရှင် ဦးသက်လယ် (၄၃ နှစ်) ကမ်းကြီးကျေးရွာ ကျွန်းစုမြို့နယ်နေသူပါ အမျိုးသားငါးဦးကို လည်းကောင်း၊ ည ၉ နာရီတွင် မော်တုန်းကြီး အရှေ့မြောက် ၁ ဒသမ ၃ မိုင်ခန့်အကွာ၌ ကင်းမွန်ဖမ်းလှေနှင့် ပဲ့နင်း/ ပိုင်ရှင် မြင့်သိန်း(၄၀နှစ်)ပြင်ထပ်အော်ကျေးရွာ ကျွန်းစုမြို့နယ်နေသူပါ အမျိုးသားငါးဦးကို လည်းကောင်း၊ ည ၁၀ နာရီတွင် မော်တုန်းကြီး အရှေ့ဘက်နှစ်မိုင်ခန့်အကွာ၌ ကင်းမွန်ဖမ်းလှေနှင့် ပဲ့နင်း/ပိုင်ရှင် မင်းနိုင်မျိုးလင်း(၂၂ နှစ်)သင်္ကန်းအော်ကျေးရွာ ကျွန်းစုမြို့နယ်နေသူပါ အမျိုးသားကိုးဦးတို့တွင် ရေယာဉ်မှတ်ပုံတင်အမှတ်အသားပါရှိပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ခွင့်ပြုထားသော လုပ်ငန်းလိုင်စင်မပါဘဲ တရားမဝင်လုပ်ကိုင်နေကြောင်း တွေ့ရှိရ၍ ဖမ်းဆီးခဲ့ပြီး ဩဂုတ် ၁၅ ရက် ည ၁၁ နာရီခွဲတွင် မြိတ်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးရန်ကင်းက တိုင်တန်း၍ ဖမ်းဆီးရမိသည့် ဦးသက်လယ်ပါ အမျိုးသား ၁၉ ဦးကို မြိတ်မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# ဘုရားသုံးဆူမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ်အပါအဝင် ဂိမ်းစက်များ ဖမ်းဆီးရမိ

**ဘုရားသုံးဆူ ဩဂုတ် ၁၇**

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့တွင် ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ဖမ်းဆီးရာမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်အပါအဝင် ထိုင်းဘတ်ငွေများ၊ မြန်မာကျပ်ငွေများနှင့် ပန်းသီးဂိမ်းစက်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၅ ရက် ည ၉ နာရီခွဲက ဘုရားသုံးဆူနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်မြတ်မိုး ဦးစီးသောတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်နှင့် နယ်ခြားစောင့်တပ်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် မူးယစ်ဆေးဝါး သတင်းအရ ဘုရားသုံးဆူမြို့ အမှတ်(၂)ရပ်ကွက် ဥဒေါင်းကန်(၁)လမ်းနေ ကျော်မောင်မောင်ဦး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၅ ပြား၊ အိုက်စ် ၁၁ ဒသမ ၁၂ ဂရမ်၊ ထိုင်းဘတ်ငွေ ၄၅၀၀၊ ငွေကျပ် ၆၄၁၀၀ ၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း ၆၀၃ ခုနှင့် စတိုခန်းအတွင်းသိမ်းဆည်းထားသော ပန်းသီးဂိမ်းစက်ပုံး ငါးလုံးတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်မောင်မောင်ဦး (၃၂နှစ်)ကို ဘုရားသုံးဆူနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# အင်းတော်မြို့နယ်အတွင်းမှ တရားမဝင်နွား ၁၄ကောင် ဖမ်းမိ

**ကသာ ဩဂုတ် ၁၇**

အင်းတော်မြို့နယ် နဘား ရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် ညနေ ၄ နာရီခွဲခန့်တွင် နားမကြိုင်းကျေးရွာအနီး နွားမှောင်ခိုများ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ရှာဖွေစစ်ဆေးရာ တရားမဝင်နွား ၁၄ ကောင်နှင့်အတူ ဝင်းစိုး၊ အောင်စိုးမင်း၊ သန်းနိုင်ဦးတို့အပါအဝင် တရားမဝင် နွားများတင်ဆောင်ရန် ယာဉ်တစ်စီးနှင့်အတူ စစ်ဆေးတွေ့ရှိရပြီး အထောက်ထားမဲ့နွားများဖြစ်သည့်အပြင် တစ်ဖက်နိုင်ငံသို့ပို့ဆောင်မည့်နွားများဖြစ်၍ နဘားရဲကင်း စခန်းမှ ၎င်းတို့သုံးဦးကို ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**




# အရှေ့တောင်အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအားကစားအသင်းများ ဆက်လက်ထွက်ခွာ




**ရန်ကုန် ဩဂုတ် ၁၇**

မလေးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပနေသည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ လေ့လာသူအဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်စောမြတို့သည်လည်းကောင်း၊ ဩဂုတ် ၁၉ ရက်မှ ဩဂုတ် ၂၂ ရက်အထိ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသားမာရသွန်ပြိုင်ပွဲများ ယှဉ်ပြိုင်ရန်အတွက် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြသန်းထိုက်၊ နည်းပြတစ်ဦးနှင့် အားကစားသမားနှစ်ဦးတို့သည် လည်းကောင်း၊ ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်အထိကျင်းပမည့် အမျိုးသားပိုက်ကျော်ခြင်းပွဲစဉ် Event သုံးမျိုးတို့တွင် နှစ်ယောက်တွဲအသင်းလိုက်၊ နှစ်ယောက်တွဲ အဖွဲ့ငယ်နှင့် လေးယောက်တွဲပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်အမျိုးသားပိုက်ကျော်ခြင်းအသင်းအား အဖွဲ့ခေါင်းဆောင်အဖြစ် ဦးကျော်မင်းစိုး၊ နည်းပြအဖွဲ့ဝင် လေးဦး၊ အားကစားသမား ၁၅ ဦးတို့နှင့် အမျိုးသမီးပိုက်ကျော်ခြင်း ပွဲစဉ်၌ Event နှစ်မျိုးတွင် နှစ်ယောက်တွဲ အဖွဲ့ငယ်နှင့် လေးယောက်တွဲပြိုင်ပွဲများ ယှဉ်ပြိုင်သွားမည်ဖြစ်ရာအားကစားသမားရှစ်ဦးတို့သည်လည်းကောင်း၊ (Recurve) မြားပစ်အားကစားပြိုင်ပွဲတွင်ပါဝင် ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် မြားပစ်အသင်းတွင် အုပ်ချုပ်သူ ဒေါ်အေးသီတာ၊ နည်းပြတစ်ဦး၊ အားကစားသမား ခြောက်ဦးတို့သည်လည်းကောင်း၊ ဩဂုတ် ၂၁ ရက်မှ ၂၆ ရက်အထိ စားပွဲတင်တင်းနစ်ပြိုင်ပွဲများကျင်းပသွားမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်စားပွဲတင် တင်းနစ်အသင်းအား အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ခိုင်နှင့် နည်းပြနှစ်ဦး၊ အားကစားသမား ခုနစ်ဦးတို့သည်လည်းကောင်း ယနေ့နံနက် ၁၁ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှားနိုင်ငံသို့ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်း-အေးကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြန်မာအမျိုးသမီးအသင်း ဂိုးပြတ်နိုင်

**ကွာလာလမ်ပူ ဩဂုတ် ၁၇**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာအမျိုးသမီးအသင်းက ပထမဆုံးနိုင်ပွဲအဖြစ် အိမ်ရှင်မလေးရှားအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ထိုင်းကို အဖွင့်ပွဲ၌ ရှုံးနိမ့်ခဲ့သည့်အရှုံးက ယခုပွဲအပေါ် ဖိအားသက်ရောက်ခဲ့ပြီး ပထမပိုင်းတွင် ရုန်းကန်ခဲ့ရကာ ဒုတိယပိုင်းမှသာ အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲ အနိုင်ရခဲ့သောကြောင့် ဆုတံဆိပ်ရရှိရန် အခြေအနေကောင်းသွားခဲ့ပြီး ချန်ပီယံလမ်းကြောင်းထဲတွင် ရှိနေဆဲဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ထိုင်းကို ရှုံးနိမ့်ခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး တိုက်စစ်မှူး ရီရီဦး ပြန်ပါလာကာ တိုက်စစ်အသားပေးပုံစံဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ကွင်းတစ်ဝက်ဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် တစ်ဖက်သတ်နီးပါး ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်ကစားပုံ အမှားများခဲ့သည့်အပြင် မလေးရှားအသင်းကလည်း ခံစစ်ဦးစားပေးကစားခဲ့သောကြောင့် မြန်မာအသင်းဂိုးရရန် ရုန်းကန်ခဲ့ရသည်။

ပထမပိုင်းတွင် ဂိုးမရခဲ့သည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ဂိုးရရန် တိုက်စစ်အားပိုမြှင့်ခဲ့သည်။ ၄၇ မိနစ်တွင် မြန်မာအသင်းဂိုးစရခဲ့ပြီး မလေးရှားနောက်ခံလူ ဘင်တီဇာရီ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ အဖွင့်ဂိုးရသွား၍ မြန်မာအသင်း ယုံကြည်မှုရှိသွားခဲ့ပြီး အနိုင်ဂိုးများ ဆက်တိုက်ရရှိခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ၆၇ မိနစ်နှင့် ၇၆ မိနစ်တို့တွင် ဝင်းသိင်္ဂီထွန်း၊ ၇၂ မိနစ်နှင့် ၇၉ မိနစ်တို့တွင် ခင်မိုးဝေတို့က သွင်းယူခဲ့သည်။

အခြားပွဲတွင် ဗီယက်နမ်အသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် မြန်မာအသင်းက နှစ်ပွဲကစား သုံးမှတ်၊ မလေးရှားအသင်းက နှစ်ပွဲ စလုံးရှုံးကာ အမှတ်မရသေးပေ။



**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွှန့်(ခေတ္တ မလေးရှား)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## သူနာပြုဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ပညာသင်နှစ် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် သူနာပြုမဟာသိပ္ပံဘွဲ့လွန် သင်တန်းများနှင့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူဝန်ထမ်းသူနာပြုများလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒီပလိုမာသင်တန်း

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ | ၁၅ လ |

သူနာပြုမဟာသိပ္ပံသင်တန်းများ

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြုမဟာသိပ္ပံ(လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ခ) | သူနာပြုမဟာသိပ္ပံ(မိခင်ကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဂ) | သူနာပြုမဟာသိပ္ပံ(ကလေးကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဃ) | သူနာပြုမဟာသိပ္ပံ(စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (င) | သူနာပြုမဟာသိပ္ပံ(ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ) | ၂ နှစ် |
| (စ) | သူနာပြုမဟာသိပ္ပံ(အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ) | ၂ နှစ် |
| (ဆ) | သူနာပြုမဟာသိပ္ပံ(အရိုးအထူးပြုသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဇ) | သူနာပြုမဟာသိပ္ပံ(အထူးကြပ်မတ်ကုသမှုသူနာပြုစုမှုပညာ) | ၂ နှစ် |
| (ဈ) | သူနာပြုမဟာသိပ္ပံ(အထွေထွေ) | ၂ နှစ် |

လိုအပ်သောအရည်အချင်း

၂။ (က) သူနာပြုသိပ္ပံဘွဲ့(သို့မဟုတ်)မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(ခ) အရေးပေါ်သူနာပြုစုမှုပညာ ဒီပလိုမာသင်တန်းအတွက် သူနာပြုသိပ္ပံဘွဲ့ရရှိပြီး နောက်လုပ်သက်နှင့် ဆေးလက်တွေ့ အတွေ့အကြုံနှစ်နှစ်ရှိရမည့်အပြင် လွန်ခဲ့သည့်နှစ်နှစ်အတွင်း ဆေးလက်တွေ့ အတွေ့အကြုံ အနည်းဆုံးတစ်နှစ်ရှိပြီးသူ အမြဲတမ်းဝန်ထမ်း ဖြစ်ရမည်။

(ဂ) အရေးပေါ်သူနာပြုစုမှု ပညာဒီပလိုမာသင်တန်းပြီးဆုံးပြီးနောက် ရန်ကုန်/နေပြည်တော်ဆေးရုံကြီးများ၏ အရေးပေါ်ဆေးကုသမှုဌာနတွင် ခြောက်လ လက်တွေ့ကျွမ်းကျင်မှုရစေရန် ဆက်လက်တွဲဖက်ထားမည်ဖြစ်သည်။

(ဃ) အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ ဘွဲ့ရရှိပြီးနောက် အနည်းဆုံး နှစ်နှစ်နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) သူနာပြုမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက်တစ်နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(စ) သူနာပြုမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံးငါးနှစ်နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) လျှောက်လွှာပိတ်သည့်ရက်တွင် မဟာသိပ္ပံဘွဲ့အတွက် အသက်(၅၀) ထက်မကြီးသူနှင့် အရေးပေါ်သူနာပြုစုမှု ပညာဒီပလိုမာအတွက် အသက်(၄၅)နှစ်မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၉-၂၀၁၇ရက်(သောကြာနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက်မှာ၂၇-၁၀-၂၀၁၇ရက် (သောကြာနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၈၉၀သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန်ငွေစာရင်းအမှတ် MD-၀၁၁၈၉၀သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏စာမေးပွဲရေးရာဌာနစိတ်၊ ဖုန်း-၀၁-၂၂၂၈၈၃၊ ၀၁-၂၂၂၈၈၄၊၀၁-၂၂၂၈၈၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်)သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏Website (www.uonygn.gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွေးကောက်ပွဲကော်မရှင်
## ကြေညာချက်-၀၄/၁၇

ရက်စွဲ-၁၆-၈-၂၀၁၇

၁။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(၂၀၁၈)ခုနှစ်အတွက် အလုပ်အမှုဆောင်များရွေးချယ်ပွဲကို (၂၀၁၇)ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပတော့မည်ဖြစ်ရာ ရွေးချယ်ခံလိုသူများ၏ အဆိုပြုလွှာတင်သွင်းခြင်းရက်ကို မူလက(၁၉-၈-၂၀၁၇)ရက် (စနေနေ့)တွင် နောက်ဆုံးထားတင်သွင်းကြရန် သတ်မှတ်ခဲ့ပါသည်။

၂။ အရွေးချယ်ခံလိုသူများမှာ နယ်သို့ထွက်ကာ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးနေကြသည့်အတွက် အဆိုပြုလွှာတင်သွင်းရမည့် နောက်ဆုံးရက်ကို ၂၅-၈-၂၀၁၇ ရက် (သောကြာနေ့)အထိ တိုးမြှင့်သတ်မှတ်လိုက်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ရွေးကောက်ပွဲကော်မရှင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မှော်ဘီမြို့နယ် (အထက)တပ်ကြီးကုန်း နဝမတန်း(A)မှ မောင်ဇင်ညီမ်းစိုးနှင့် လ-ခွဲ(လေထီး) မှော်ဘီ သတ္တမတန်းမှ မနဒီအေးတို့၏ဖခင် ဦးစောအေးဇော် ၁၂/အစန(နိုင်)၀၆၆၀၀၂ နှင့် ဦးအေးဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7I/6958 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖခင် အမည်မှန်**

ရွှေဘိုမြို့ အထက(၃) နဝမတန်း (ဂ)မှ မောင်ထက်ဖြိုးမောင်၏ ဖခင်အမည်မှန်မှာ ဦးအန်ထော် ၅/ရဘန(နိုင်)၀၀၇၄၂၆ ဖြစ်ပါကြောင်း။ **ဦးအန်ထော်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/1838 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖခင်အမည်မှန်**

မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ အောက်သက္ကယ်ကျေးရွာနေ အလက(ခွဲ) ကျန်းမာကုန်း အဋ္ဌမတန်း(A)မှ မကြည်ကြည်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ၁၄/ဝခမ(နိုင်)၁၈၄၃၈၄ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးမြင့်နိုင် ၇/ကဝန(နိုင်)၁၀၆၄၁၅ ၏သမီး ကဝမြို့နယ် အထက(ခွဲ) အဒူးတက္ကသိုလ်ဝင်တန်းမှ မလတ်လတ်ခိုင်အား မလှဲ့လှဲ့ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မလှဲ့လှဲ့ခိုင်**

**အမည် ပြောင်း**

ဦးအောင်မျိုးသန်း၏သား မြောင်းမြမြို့ အထက(၁) သတ္တမတန်း (စံပယ်ခန်း)မှ မောင်ပိုင်စိုးသန့်အား မောင်မင်းညိုစံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းညိုစံ**

**မိခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်အထက(ခွဲ)ကင်းတက္ကသိုလ်ဝင်တန်းမှ မောင်ကျော်မျိုးဝေ( ကျောင်းဝင်အမှတ်- ၀၆၁၂)နှင့် အမက ရေတွင်းကုန်း စတုတ္ထတန်းမှ မမြတ်နိုးဝေတို့၏ မိခင်အမည်မှန်မှာ မှတ်ပုံတင် စာရင်းအရ ဒေါ်ခင်နှင်းဝေ ၅/ဝသန(နိုင်)၀၅၀၄၃၀ ဖြစ်ပါကြောင်း။ **ဒေါ်ခင်နှင်းဝေ**

**ယာဉ်မှတ်ပုံတင်စာအုပ် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3B/8000, Isuzu Trooper S/W KKL-001, P/U(4×4)L ၏ ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၇/ညလပ(နိုင်)၁၂၂၉၃၈ က ကမ(၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8M/3177 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**အမည်မှန်**

ရွှေပြည်သာမြို့နယ်နေ ဦးမောင်မောင်လွင် ၅/စကန(နိုင်)၀၇၂၁၆၄၏ သား မောင်ဟိန်းထက်ကျော်၏ အမည်မှန်မှာ မောင်ဟိဏ်းထက်ကျော် ဖြစ်ပါကြောင်း။ **မောင်ဟိဏ်းထက်ကျော်**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့၊ (၂)ရပ်ကွက်နေ မောင်စိုးမင်းလွင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ထွန်း ၈/မတန(နိုင်)၀၄၃၇၈၄ ဖြစ်ပါကြောင်း။ **မောင်စိုးမင်းလွင်**

ဦးသန့်ဇော် B.Sc.IC.Q.DA, DMP, MBA, ACCA (pro)
PQI အသိအမှတ်ပြုစင်တာ
LCCI I,II&III Diploma သင်တန်းများ
22 August 2017 စမည်
I&II Sec(1) Mon to Wed 2:00 - 3:45pm (ဒုလပြတ်)
Sec(2) Mon to Wed 7:00 - 8:30am
ORION ၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ ဒေါပုံမြို့နယ်၊ စမ်းချောင်း။ 09 5115997

## ဟောင်ကောင်ဒီမိုကရေစီအရေးလှုပ်ရှားသူ လူငယ်ခေါင်းဆောင်သုံးဦးကို ထောင်ဒဏ်ချမှတ်

**ဟောင်ကောင် ဩဂုတ် ၁၇**

ဟောင်ကောင်ဒီမိုကရေစီရေးလှုပ်ရှားသူခေါင်းဆောင်သုံးဦးကို ဟောင်ကောင်တရားရုံးက ကြာသပတေးနေ့က ထောင်ဒဏ်ခြောက်လမှ ရှစ်လအထိ ချမှတ်ခဲ့ကြောင်း သိရသည်။ ထိုသို့ ထောင်ဒဏ်ချမှတ်လိုက်ခြင်းသည် နိုင်ငံတကာမဲပေးခွင့်အတွက် ဟောင်ကောင်ရှိ လူငယ်များဦးဆောင်သည့် လှုပ်ရှားမှုကိုရိုက်ခတ်စေခဲ့ပြီး နိုင်ငံရေးတွင် အတားအဆီးအနှောင့်အယှက်ဖြစ်စေသည်ဟူသော စွပ်စွဲချက်များကိုပေါ်ပေါက်လာစေခဲ့သည်။

ဟောင်ကောင်ဒီမိုကရေစီအရေးလှုပ်ရှားသူ လူငယ်သုံးဦးဖြစ်သည့် ဂျိုရှုဝေါင်(အသက် ၂၀)၊ အလက်စ်ချောင်(အသက် ၂၄)နှင့် နာသန်လော(အသက် ၂၆)တို့ကို ပြီးခဲ့သည့်နှစ်က ဥပဒေနှင့် မညီညွတ်သည့် စီတန်းလှည့်လည်မှုဖြင့် ထောင်ဒဏ်မဟုတ်သည့် အကျဉ်းချထားမှုပြုလုပ်ရန် တရားရုံးကစီရင်ချက်ချမှတ်ခဲ့သည်။ သို့သော် ဟောင်ကောင်တရားရေးဌာနက ထောင်ဒဏ်ချမှတ်ရန်အတွက်ပြန်လည်စဉ်းစားသုံးသပ်ခဲ့ကြကြောင်း သိရသည်။



ဝေါင်သည် ထောင်ဒဏ်ခြောက်လချမှတ်ခံရပြီး ချောင်မှာခုနစ်နှစ်ချမှတ်ခံရကာ လောမှာထောင်ဒဏ်ရှစ်လချမှတ်ခံခဲ့ရသည်။ လောသည် ဟောင်ကောင်၏ ဒီမိုကရေစီနည်းအရရွေးချယ်ခဲ့သည့် အသက်အငယ်ဆုံး ဥပဒေပြုသူတစ်ဦးဖြစ်ခဲ့ပြီး ပြီးခဲ့သည့်လက အစိုးရဦးဆောင်သည့်တရားရေးအဖွဲ့က ၎င်းအားရာထူးမှ ဖယ်ရှားခဲ့သည်။

လူငယ်ခေါင်းဆောင်သုံးဦးသည် စိတ်ဓာတ်ကြံ့ခိုင်ဟန်ရှိပြီး တည်ငြိမ်လျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

ဝေါင်နှင့် ၎င်း၏အပေါင်းအပါများသည် ဟောင်ကောင်ရှိအစိုးရရုံးဌာနများရှေ့တွင် သောင်းကျန်းခဲ့ကြပြီးနောက် Umbrella လှုပ်ရှားမှုကိုပေါ်ပေါက်လာစေခဲ့သည်။

ထိုသို့ဖြစ်ပွားခဲ့ပြီးနောက် ၎င်းတို့သုံးဦးကို ဥပဒေနှင့်မညီညွတ်သည့် စီတန်း လှည့်လည်မှုပြုလုပ်ရန်လှုံ့ဆော်မှုနှင့် ပါဝင်မှုတို့ဖြင့် ဖမ်းဆီးအရေးယူခဲ့သည်။

**(ရိုက်တာ)**

## အမေရိကန်ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်မှုလုပ်စဉ်ပျက်ကျ လိုက်ပါသူများပျောက်ဆုံး

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ ကြည်းတပ်မှ ယူအိတ်ချ်-၆၀ ရဟတ်ယာဉ်တစ်စင်းသည် လွန်ခဲ့သောရက်များက လေ့ကျင့်မှုပြုလုပ်နေစဉ် ပျက်ကျသွားခဲ့ကြောင်း အမေရိကန်နိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့က ယမန်နေ့က ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့များက ပျက်ကျရဟတ်ယာဉ်အပိုင်းအစများကို ရှာဖွေတွေ့ရှိခဲ့သော်လည်း ရဟတ်ယာဉ်ပေါ် လိုက်ပါခဲ့သူများကို တွေ့ရှိခြင်းမရှိသေးကြောင်း သတင်းထုတ်ပြန် ဖော်ပြခဲ့သည်။

ကမ်းခြေစောင့်တပ်ဖွဲ့သည် ရဟတ်ယာဉ်ပျက်ကျခဲ့ကြောင်းသိရှိခဲ့ပြီးနောက် ကယ်ဆယ်ရေးများပြုလုပ်ရန်ထွက်ခွာသွားခဲ့ကြောင်း၊ အိုအေဟူကျွန်းနှင့် ၃ ဒသမ ၄ ကီလိုမီတာကွာဝေးသည့် ပင်လယ်ပြင်တွင် ရဟတ်ယာဉ်အပိုင်းအစများကို ရှာဖွေတွေ့ရှိခဲ့သော်လည်း လိုက်ပါလာသူများကို ယခုချိန်အထိ ရှာဖွေတွေ့ရှိခြင်း မရှိသေးကြောင်း သိရသည်။

အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ကြည်းတပ်တို့က လက်ရှိအချိန်တွင် ရဟတ်ယာဉ်သုံးစင်းနှင့် စက်လှေများစွာ စေလွှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဗင်နီဇွဲလားနိုင်ငံတောင်ပိုင်း၌ ထောင်ဆူပူမှုဖြစ်ပွား အကျဉ်းသား ၃၇ ဦးထက်မနည်း သေဆုံး

**ကရာကပ်စ် ဩဂုတ် ၁၇**

ဗင်နီဇွဲလားနိုင်ငံတောင်ပိုင်း အမေဇုန်နက်စ်ပြည်နယ် ပူရီတိုအရာချူချိုမြို့၌ ထောင်ဆူပူမှုဖြစ်ပွားခဲ့ရာ အကျဉ်းသား ၃၇ဦးထက်မနည်းသေဆုံးခဲ့ကြောင်း အစိုးရရှေ့နေချုပ်ရုံးမှ မကြာသေးမီက ပြောကြားခဲ့သည်။

အကျဉ်းသားနှင့် ရဲတပ်ဖွဲ့ဝင်များအကြား စကားများရာမှတစ်ဆင့် ထောင်ဆူပူမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထောင်ဆူပူမှုတွင် ရဲအရာရှိ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးမှုများအတွက် အက်ဖ်အေအင်န်အထူးရဲတပ်ဖွဲ့ဝင်များသို့မဟုတ် အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့ဝင်များကို ပြစ်တင်ပြောကြားလိုက်ကြောင်း သိရသည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

လွန်ခဲ့သောနှစ်များက လူအများအပြားသေဆုံးသည့် ထောင်ဆူပူမှုများ ဗင်နီဇွဲလားနိုင်ငံ၌ မကြာခဏဖြစ်ပွားလေ့ရှိသည်။

ထို့အပြင် လွန်ခဲ့သည့် ဧပြီလကလည်း ဂျို့စ်အန်တိုနီယိုအန်ဇိုတီဂူအကျဉ်းထောင်၌လည်း ထောင်ဆူပူမှုဖြစ်ပွားခဲ့သေးကြောင်း သိရသည်။ အဆိုပါထောင်ဆူပူမှုတွင် လူပေါင်း ၁၂ ဦးသေဆုံးခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံမြောက်ပိုင်းရှိ ယူရီဘာနာအကျဉ်းထောင်တွင်လည်း လွန်ခဲ့သော ၂၀၁၃ခုနှစ်က အကျဉ်းသားနှင့် ထောင်လုံခြုံရေးဝန်ထမ်းများကြား ပဋိပက္ခဖြစ်ပွားခဲ့ရာ လူ ၆၁ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

ရေနံပေါကြွယ်ဝသည့် အဆိုပါနိုင်ငံတွင် ရေနံဈေးကျဆင်းမှုအကျပ်အတည်းကြောင့် စီးပွားရေးထိခိုက်လျက်ရှိရာ လုံခြုံရေးပြဿနာများလည်း ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

လက်ရှိသမ္မတ နီကိုလက်စ်မာဒူရိုက အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် အမိန့်ပေးထားသော်လည်း အတိုက်အခံပါတီများက သဘောမတူကြောင်း သိရသည်။

**(ဆင်ဟွာ)**




## ဒုံးကျည်ကာကွယ်ရေးစနစ်သစ်တစ်ခုကို ဂျပန်မိတ်ဆက်သွားမည်

**တိုကျို ဩဂုတ် ၁၇**

မြောက်ကိုရီးယား၏ ဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ဂျပန်ကာကွယ်ရေးဝန်ကြီးသည် Aegis Ashore အမည်ရှိ အမေရိကန်လုပ် ဒုံးကျည်ကာကွယ်ရေးစနစ်သစ်တစ်ခုကို မိတ်ဆက်သွားရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ဂျပန်သည် Aegis တိုးမြှင့်ရေဒါစနစ်နှင့် PAC 3 ကြားဖြတ်ယူနစ်များဖြင့် တပ်ဆင်ထားသည့် ဖျက်သင်္ဘောကို အသုံးပြုခြင်းဖြင့် မြောက်ကိုရီးယားမှ ပစ်လွှတ်လာနိုင်ဖွယ်ရှိသည့် တိုက်ချင်းပစ်ဒုံးကျည်များကို ခုခံနိုင်ရေးကြိုတင်ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**



## ဂွါတီမာလာရှိ ဆေးရုံတစ်ရုံကို ဒုစရိုက်ဂိုဏ်းက တိုက်ခိုက်ခဲ့ရာ ခုနစ်ဦးထက်မနည်းသေဆုံး

**မာနာဂွါ ဩဂုတ် ၁၇**

ဂွါတီမာလာနိုင်ငံမြို့တော်ရှိ ဆေးရုံတစ်ရုံကို ဒေသတွင်း ဒုစရိုက်ဂိုဏ်းတစ်ခုက ယမန်နေ့က တိုက်ခိုက်ခဲ့ရာ လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

တိုက်ခိုက်မှုအတွင်း ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ ဆေးရုံဝန်ထမ်းနှစ်ဦး၊ ကလေးငယ်နှစ်ဦးနှင့် လမ်းသွားလမ်းလာတစ်ဦးတို့သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများအနက် ကလေးငယ်တစ်ဦးမှာ စိုးရိမ်ရသောအခြေအနေတွင်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဂွါတီမာလာရှိ ဒုစရိုက်ဂိုဏ်းဖြစ်သော ကယ်တင်ရှင်ဂိုဏ်းသည် ရဲအစောင့်အကြပ်ဖြင့် ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဒုစရိုက်ဂိုဏ်း၏ အရေးကြီးခေါင်းဆောင်များကို လာရောက်ခေါ်ယူစဉ် ရဲတပ်ဖွဲ့နှင့် ဒုစရိုက်ဂိုဏ်းအကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဒုစရိုက်ဂိုဏ်းအနေဖြင့် အရေးကြီးခေါင်းဆောင်ကို ခေါ်ထုတ်သွားနိုင်ခဲ့သော်လည်း ရဲတပ်ဖွဲ့က ဒုစရိုက်ဂိုဏ်းဝင် ငါးဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင်ဖော်ပြခဲ့သည်။ ဂွါတီမာလာနိုင်ငံသည် ကမ္ဘာပေါ်၌ လုံခြုံရေးအဆိုးရွားဆုံး နိုင်ငံတစ်နိုင်ငံတွင်ပါဝင်ပြီး နေ့စဉ် လူပေါင်း ၁၃ ဦးကျော် တိုက်ခိုက်မှုကြောင့် သေဆုံးနေရကြောင်း သိရသည်။ **(ဆင်ဟွာ)**

## အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံနှင့်အပြိုင် စစ်အင်အားချဲ့ထွင်မည်

**နယူးဒေလီ ဩဂုတ် ၁၇**

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် နိုင်ငံကို ဆန့်ကျင်လာမည့် အဖျက်ရန် စွယ်မှန်သမျှကို ကျော်လွှားနိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယသမုဒ္ဒရာနှင့် မြောက်ပိုင်းနယ်စပ်ဒေသများတွင် တရုတ်နိုင်ငံက စစ်ရေးလှုပ်ရှားမှုများ ပိုမိုပြုလုပ်လာမှုကို ရည်ရွယ်လျက် အိန္ဒိယဝန်ကြီးချုပ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်္ဂါနေ့က နယူးဒေလီ၌ ပြည်သူကို ပြောကြားခဲ့သည့် မိန့်ခွန်းအတွင်း မိုဒီက ထိုသို့ မှတ်ချက်ချပြောဆိုခဲ့ခြင်း ဖြစ်သည်။ ဗြိတိသျှလက်အောက်မှ လွတ်မြောက်ခဲ့သည့် အိန္ဒိယနိုင်ငံ၏နှစ်(၇၀) မြောက်လွတ်လပ်ရေးနေ့တွင် မိုဒီက ထိုသို့ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ပင်လယ်ထဲ၌ဖြစ်စေ၊ ကုန်းမြေပေါ်၌ဖြစ်စေ နိုင်ငံကိုကာကွယ်နိုင်ရေးသည် အစိုးရ၏ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်ဟု ၎င်းကပြောကြားသည်။

ဒီမိုကရေစီစနစ်ကို အိန္ဒိယနိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးခဲ့ပြီး နိုင်ငံအနေဖြင့် ကမ္ဘာ့ဒီမိုကရေစီစနစ် အထွန်းကားဆုံးနိုင်ငံ ဖြစ်လာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုဒီက ပြောကြားခဲ့သည်ဟု သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## အီသီယိုးပီးယားတွင် အသက် ၁၀၇ နှစ် အဘိုးအို လက်ထပ်

**အဒစ်အဘာဘာ ဩဂုတ် ၁၇**

သားသမီးနှင့် မြေး ၁၀၈ ဦးရှိ အသက် ၁၀၇ နှစ်အရွယ် ဟာဂျီအဗ္ဗဒူကာဒါ ဒီကီမာအမည်ရှိ အီသီယိုးပီးယား အဘိုးအိုတစ်ဦးသည် အသက် ၃၃ နှစ်အရွယ်အမျိုးသမီးတစ်ဦးကို လက်ထပ်ခဲ့ကြောင်း နိုင်ငံပိုင်ဖာနာရေဒီယို သတင်းတွင် ဖော်ပြခဲ့သည်။

၎င်းအဘိုးအိုသည် အသက် ၃၃ နှစ်အရွယ်ရှိ သတို့သမီးဖြစ်သူ ဖူရိုဂူယိုနှင့် လွန်ခဲ့သော အားလပ်ရက်တွင် မြို့တော် အဒစ်အဘာဘားမြို့တောင်ဘက် ၂၅၀ ကီလိုမီတာအကွာ အီသီယိုးပီးယား အလယ်ပိုင်း ရှာဆီမန်နယ်မြေတွင် လက်ထပ်ပွဲကျင်းပခဲ့ကြောင်း နိုင်ငံပိုင်အဆိုပါ သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော်လည်း ၎င်း၏ နောက်ဆုံးဇနီးနှင့် ကလေးထပ်ယူရန် အစီအစဉ်ရှိကြောင်း သိရပြီး လက်ရှိအချိန်တွင် ဇနီးနှစ်ဦးရှိကြောင်း သိရသည်။

အီသီယိုးပီးယား အစိုးရက တစ်လင်တစ်မယားစနစ်ကို အားပေးခဲ့သော်လည်း အီသီယိုးပီးယားနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်း ကျေးလက်ဒေသများတွင် ဇနီးတစ်ဦးထက် ပိုယူကြကြောင်း သိရသည်။

**(ဆင်ဟွာ)**



# အလက်ပိုရဲ့ပြန်လည်တည်ဆောက်ရေးမျှော်လင့်ချက်

**ကလျာမိုးမြင့်**

**ဆီးရီးယားနိုင်ငံအလက်ပိုမြို့ရဲ့ အမြင့်ဆုံးတစ်နေရာကနေမြို့ကို စီးမိုးပြီးကြည့်လိုက်တဲ့အခါ ငြိမ်သက်တိတ်ဆိတ်မှုနဲ့အတူ မြို့တစ်မြို့လုံးရဲ့ အံ့သြစရာမြင်ကွင်းတစ်ခုကို တွေ့မြင်ရပါတယ်။ အနောက်ဘက်ကို လှမ်းကြည့်လိုက်ရင် အလက်ပိုအနှံ့ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေအပြီးမှာ အစိုးရရဲ့ထိန်းချုပ်မှုအောက်ကို ပြန်ရောက်ရှိခဲ့တဲ့ အိမ်နီးချင်းနယ်မြေတွေရဲ့ပျားပန်းခတ်လှုပ်ရှားမှုကို တွေ့ရပါမယ်။ အရှေ့ဘက်ဆီမှာတော့ ယခင်ကသူပုန်တွေ ထိန်းချုပ်ထားခဲ့တဲ့ ဧရိယာတွေဟာ အကြီးအကျယ်ယိုယွင်းပျက်စီးနေပြီး ဘာမှမရှိတော့ဘဲ ဗလာကျင်းနေပေမယ့် မရှိရှိတဲ့တိုလီမိုလီပစ္စည်းလေးတွေကို ကောက်ယူဖို့လာနေကြတဲ့ လူတချို့ကို တွေ့ရပါတယ်။**

"အာဆတ်အစိုးရရဲ့ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ အလက်ပိုကိုရောက်နေတာ။ အစိုးရကဆီးရီးယားကို ကျွန်တော်တို့ဝင်ရောက်နိုင်အောင်ဗီဇာထုတ်ပေးထားတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အဖွဲ့တွေတောင့်ခံနေခဲ့တာ နှစ်တွေကြာပြီ" လို့ဆီးရီးယားတပ်ဖွဲ့ဝင်တစ်ဦးကပြောပါတယ်။ အလက်ပိုအလယ်ပိုင်းရဲ့ အမြင့်တစ်နေရာမှာရှိနေတဲ့ ရှေးဟောင်းခံတပ်တစ်ခုဟာလည်း ဆီးရီးယားတပ်ဖွဲ့ဝင်တွေက အတွင်းပိုင်းကို ထိန်းချုပ်ထားတဲ့အတွက် သူပုန်တွေက မွှေနှောက်ဖျက်ဆီးဖို့ ကြိုးစားနေတဲ့အတွက် အန္တရာယ်ရှိတဲ့ အခြေအနေအတွင်းမှာ ကျရောက်နေပါတယ်။ ကျူးကျော်တိုက်ခိုက်မှုတွေကို တွန်းလှန်ရင်းနဲ့ ဒီပတ်ဝန်းကျင်မှာ အချိန်သုံးနှစ်ကုန်ဆုံးခဲ့ရတယ်လို့ ၎င်းကဆိုပါတယ်။

ဆီးရီးယားတပ်သားက ၎င်းတို့တူးခဲ့တဲ့ဥမင်လိုဏ်ခေါင်း ၁၀ ခုရှိကြောင်း မြေကြီးပေါ်မှာမြင်နေရတဲ့ အပေါက်တွေကို ညွှန်ပြခဲ့ပါတယ်။ အစာနဲ့ရေကလည်း လုံလောက်မှုမရှိ။ ဒီနေရာဟာ နွေရာသီမှာ မခံမရပ်နိုင်အောင် ပူလောင်ပြီး ဆောင်းရာသီရောက်ပြန်တော့လည်း အရိုးထဲထိစိမ့်အောင် အေးတယ်။ ဒါပေမယ့် ကြံ့ကြံ့ခံနိုင်ခဲ့ကြတယ်လို့ ပြန်ပြောပြခဲ့ပါတယ်။

အလက်ပိုမှာဖြစ်နေတဲ့ တိုက်ပွဲတွေ အထူးသဖြင့် နောက်ဆုံးအဆင့်ဖြစ်ပွားနေတဲ့တိုက်ပွဲတွေဟာဆီးရီးယားပြည်တွင်းစစ်ရဲ့ အရက်စက်ဆုံး၊ အပြင်းထန်ဆုံး တိုက်ပွဲတွေပါပဲ။ ဆီးရီးယားအုပ်ချုပ်ရေးအဖွဲ့က ဒီအလက်ပိုကို ဒီဇင်ဘာလအတွင်းမှာ ပြန်မရယူနိုင်မီမှာ လူထောင်ပေါင်းများစွာသေဆုံးခဲ့ပြီး လူရာထောင်သောင်းမက နေအိမ်စွန့်ခွာထွက်ပြေးသွားခဲ့ကြပြီ။

အထပ်မြင့်အဆောက်အအုံတစ်ခုရဲ့ အထပ်နှစ်ဆယ်အမြင့်ကနေ မြို့ကိုကြည့်လိုက်တဲ့အခါ မြို့ရဲ့အရှေ့ဘက်ဆီမှာ မီးခိုးထုတွေနဲ့ပြည့်နှက်နေတာကို တွေ့ရပြီး အဆုံးမသတ်နိုင်တဲ့ ပေါက်ကွဲသံတွေကိုပဲ ထပ်ကာတလဲလဲကြားနေရပါတယ်။ တိုက်ခိုက်မှုတွေဖြစ်ပွားနေတဲ့ စစ်တပ်ရဲ့ရှေ့ဆုံးအပိုင်းနဲ့ နီးကပ်လာချိန်မှာတော့ သူပုန်တွေထိန်းချုပ်ထားတဲ့ နယ်မြေတွေကနေ ထွက်ပြေးလာသူတွေကို တွေ့ရပါတယ်။ အားလုံးဟာ မောပန်းနွမ်းနယ်နေကြပြီး အများစုက အာဟာရချို့တဲ့နေကြတဲ့ပုံစံပါ။ ကလေးငယ်တွေရော၊ လူကြီးတွေပါ အားနည်းလွန်းလို့ လမ်းတောင်ကောင်းကောင်းမလျှောက်နိုင်ကြတော့ပါဘူး။

ဒီအခြေအနေတွေ ဖြစ်ပျက်ခဲ့ပြီး ကိုးလအကြာမှာတော့ မြို့တွင်းမှာ သိသာထင်ရှားတဲ့ အပြောင်းအလဲအချို့ကို တွေ့မြင်ခဲ့ရပါတယ်။ ဒါပေမယ့် နေရာအများစုကတော့ လုံးဝပျက်စီးနေပြီး ဒီနေရာမှာ လိုအပ်နေတဲ့ပြန်လည် တည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို ခုထိစတင်နိုင်ခြင်း မရှိသေးပါဘူး။ ထိခိုက်ပျက်စီးမှုမရှိသေးတဲ့ အလက်ပိုအနောက်ပိုင်းက ဧရိယာတွေထဲကိုတော့ ကားတွေအလွယ်တကူ မောင်းနှင်သွားလာနေကြပါတယ်။ အရှေ့ပိုင်းနေရာတွေကတော့ လုံးဝပျက်စီးသွားပါပြီ။ တိုက်ပွဲထိတွေ့ဖြစ်ပွားခဲ့တဲ့ နေရာကတော့ လွန်ခဲ့တဲ့ လအနည်းငယ်က အခြေအနေမျိုးကို ပြန်ရောက်ဖို့ဆိုတာတောင် ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ပုံစံပါပဲ။

အခုဆိုရင် အဲဒီနေရာတွေမှာ အရင်ကတိုက်ပွဲတွေ ဖြစ်ပွားခဲ့တယ်ဆိုတဲ့ သဲလွန်စမျိုး မကျန်ရစ်တော့လောက်အောင် အပျက်အစီးတွေကို ရှင်းလင်းလိုက်ပြီဖြစ်ပါတယ်။အတိုက်အခံအုပ်စုတွေ ထိန်းချုပ်ထားခဲ့ဖူးတဲ့ အရှေ့ဘက်အိမ်နီးချင်းနယ်မြေတွေကို ဖြတ်ကျော်လာတဲ့အခါ နေရာအများစုဟာ လူသူကင်းမဲ့နေတာကိုတွေ့ရပါတယ်။ ဒါပေမယ့် ပဋိပက္ခအတွင်းမှာ ထွက်ပြေးခဲ့ကြသူတွေဟာပြန်ရောက်လာကြပြီး တိုလီမိုလီပစ္စည်းတွေကို ရှာဖွေသိမ်းဆည်းဖို့ ၎င်းတို့နေခဲ့တဲ့နေအိမ်နဲ့ ဆိုးဆိုးရွားရွားပျက်စီးနေတဲ့ စွန့်ပစ်အဆောက်အအုံဟောင်းတွေဆီကို သွားနေကြပါတယ်။ လူသွားစင်္ကြံတစ်ခုပေါ်မှာ ခြံထည်လေးတွေခင်းပြီးရောင်းချနေတဲ့ အသီးအရွက်ဈေးလေးတစ်ခုရှိပြီး ဒေသခံအများအပြားအဲဒီမှာ စုရုံးရောက်ရှိနေပါတယ်။

"ကျွန်တော်တို့ လိုအပ်နေတဲ့အရာတွေထဲက တော်တော်များများကို ကျွန်တော်တို့ ရနေပါတယ်။ ပြန်လည်တည်ဆောက်ရေးအတွက်ကြိုးစားသွားမှာပါ။ အချိန်အတိုင်းအတာ တစ်ခုရောက်တဲ့အခါ အခြေအနေတွေ တိုးတက်လာမှာပါ" လို့ဒေသခံအမျိုးသားတစ်ဦးဖြစ်တဲ့ မူစတာဖာအယ်လ်ဘတ်က ပြောခဲ့ပါတယ်။ မူစတာဖာဟာ ဆီးရီးယားသမ္မတဘတ်ရှာအယ်လ်အာဆတ်ကို ထောက်ခံသူဖြစ်ပြီး သူပုန်တွေ ကျူးကျော်ဝင်ရောက်လာချိန်မှာ ဒီနေရာကိုထွက်ပြေးလာခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ ဆီးရီးယားတပ်မတော်ကို အထောက်အပံ့ပေးခဲ့တဲ့အတွက် မူစတာဖာက ရုရှားကို ချီးမွမ်းပြောဆိုခဲ့ပါတယ်။ "ရုရှားဟာ ကျွန်တော်တို့နဲ့ မိတ်ဆွေတွေပါပဲ။ ကျွန်တော်တို့ ရုရှားအပေါ်မှာရိုးသားသလို ရုရှားကလည်း ကျွန်တော်တို့အပေါ်မှာ ရိုးသားတယ်။ ဒီတော့ သမ္မတအာဆတ်နဲ့ရုရှားကို တစ်ယောက်တည်းလို့ပဲ မြင်တယ်" လို့ မူစတာဖာက ပြောပါတယ်။

ဆီးရီးယားရဲ့ဘေးကင်းသွားပြီ ဖြစ်တဲ့ဇုန်တွေမှာ ပြည်သူအများစုဟာ အကူအညီပေးအဖွဲ့တွေက ပေးလှူတာတွေကို အားထားနေကြရပါတယ်။ ပေါင်မုန့်တွေ အပြည့်တင်ဆောင်လာတဲ့ ထရပ်ကားကြီးတစ်စီးရောက်လာပြီဆိုတာနဲ့ လူတွေဟာ အဲဒါကိုရဖို့အတွက် အပြေးအလွှားတန်းစီကြရပါတယ်။ ရိက္ခာကတ်ကို ကိုင်ဆောင်ထားရပြီး အဲဒါကိုပြပြီးမှ တစ်ရက်စာ ပေါင်မုန့်တစ်ထုပ်ကို ထုတ်ပေးပါတယ်။ စားနပ်ရိက္ခာအတွက် ပေါင်မုန့်တွေကို ထောက်ပံ့ပေးနေတဲ့ ဒေသဆိုင်ရာ NGO အဖွဲ့အကြီးအကဲ အဗ္ဗဒူရာမန်ရာဇောက်က "ခြောက်နှစ်ကြာအောင် ကျွန်တော်တို့ဘဝတွေ သေဆုံးခဲ့တယ်ဆိုတာကို မေ့ပစ်လို့မဖြစ်ဘူး။ တိုက်ပွဲတွေ ရပ်သွားတာ ကိုးလလောက်ပဲ ရှိသေးတယ်။ ဒါကြောင့် တိုးတက်မှုအခြေအနေကောင်းတယ်လို့ ဆို ရလိမ့်မယ်" လို့ ပြောခဲ့ပါတယ်။

တခြားတိုးတက်လာတဲ့ အပိုင်းတွေလည်းရှိနေပါတယ်။ လွန်ခဲ့တဲ့တစ်လအကြာလောက်ကစပြီး အလက်ပိုမှာ နေ့တိုင်းနီးပါး လျှပ်စစ်ဓာတ်အားရရှိနေပါတယ်။ ၂၄ နာရီ ဓာတ်အားရရှိမှုတော့ မဟုတ်သေးပါဘူး။ ဆီးရီးယားအစိုးရဟာ ဒမတ်စကတ်နဲ့ အလက်ပိုကြားမှာ လျှပ်စစ်ဓာတ်အားပေးဝေမှုကို ပိုမိုစိတ်ချအားထားရတဲ့အနေအထားရောက်ရှိစေဖို့ သဲကန္တာရအတွင်းမှာ ဓာတ်အားလိုင်းတွေ တည်ဆောက်နေပါတယ်။ အခုဆိုရင် တစ်နေရာပြီးတစ်နေရာ ရေရရှိမှုများပြားလာနေပါပြီ။

နှစ်ချီကြာမြင့်တဲ့အထိ ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေကြောင့် ကြေကွဲပျက်စီးခဲ့တဲ့ ဧရိယာတွေကြည့်မိလေလေ ဆီးရီးယားရဲ့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို တွက်ဆမိလေလေပါပဲ။ အတိုက်အခံတွေထိန်းချုပ်ခဲ့တဲ့ဧရိယာတွေမှာ လက်နက်ကြီးပစ်ခတ်မှုတွေကြောင့်ပျက်စီးခဲ့ရတဲ့ အဆောက်အအုံတွေဟာ မရေတွက်နိုင်အောင် များပြားပါတယ်။ လူအချို့ကတော့ ၎င်းတို့ရဲ့နေအိမ်ကိုပြန်ပြုပြင်နေကြတယ်။ ဒါပေမယ့် နေရာအများစုကတော့ စီမံကိန်းကြီးကြီးမားမားချမှတ်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ဖို့ လိုအပ်နေဦးမှာပါ။ မည်သို့ပင်ဆိုစေ အလက်ပိုရဲ့ထူးခြားတဲ့အရည်အချင်းတစ်ရပ်အဖြစ် အမြဲရှိနေခဲ့တဲ့ စီးပွားရေးမှာ စွန့်စားလိုတဲ့စိတ်ဓာတ်ကတော့ ပြန်ပြီးဦးမော့လာပါပြီ။ ထိခိုက်ပျက်စီးထားတဲ့ အဆောက်အအုံတစ်ခုအတွင်းမှာ ဆူညံနေတဲ့ကွန်ပျူတာစနစ်သုံးအပ်ချုပ်စက်တွေနဲ့ အလုပ်လုပ်နေတဲ့အသံတွေကို ကြားနေရပါတယ်။ အပ်ချုပ်လုပ်ငန်းကိုဦးစီးနေတဲ့ ခေါင်းဆောင်က တိုက်ပွဲတွေပြီးဆုံးသွားပြီး သိပ်မကြာခင်မှာပဲစက်တွေကိုမြန်မြန် ပြင်ဆင်ခဲ့တယ်လို့ဆိုပါတယ်။ အခုဆိုရင် တီရှပ်အများစုနဲ့အဝတ်အစားတွေကို သတ်မှတ်ထားတဲ့ အရေအတွက် ပမာဏအထိ ချုပ်လုပ်ပေးလျက်ရှိနေပါပြီ။ ဒါပေမယ့် ခုမှအစပဲ ရှိပါသေးတယ်။

အရာရာတိုင်းမှာ အခက်အခဲရှိနေပါတယ်။ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိဖို့ လိုအပ်နေပါသေးတယ်။ ရေလုံလုံလောက်လောက်ရရှိဖို့ လိုအပ်နေပါသေးတယ်။ ကုန်ကြမ်းပစ္စည်းတွေ လိုအပ်နေတယ်။ စက်တွေလည်ပတ်နိုင်ဖို့ အဓိကအစိတ်အပိုင်းတွေ လိုအပ်နေပါသေးတယ်။ ပြီးတော့ထွက်ပြေးသွားကြတဲ့ ပြည်သူတွေ သိပ်ကိုများတာကြောင့် အလုပ်သမားအင်အားကလည်း သိပ်ကိုနည်းပါးနေသေးတယ်လို့ အလုပ်ရုံငယ်တစ်ခုရဲ့ခေါင်းဆောင် ရာမီအာဘူဆွတ်က ပြောပါတယ်။ ၎င်းကိုယ်တိုင်ဟာလည်း သူပုန်တွေ ဝင်ရောက်လာချိန်မှာထွက်ပြေးခဲ့ရတဲ့သူဖြစ်ပြီး နောက်ပိုင်းမှာတော့ ဒီကိုပြန်ရွှေ့ပြောင်းလာပြီးနေထိုင်ခဲ့တာ ဖြစ်ပါတယ်။ တခြားထွက်ပြေးသွားကြသူတွေလည်း သလိုပဲပြန်ရောက်လာပြီး တိုးတက်ဖြစ်ထွန်းအောင် အတူတကွ ကြိုးစားဆောင်ရွက်လာကြဖို့ အာဘူဆွတ်က မျှော်လင့်နေပါတယ်။

အလက်ပိုမြို့ဟာ ယခင်က ဆီးရီးယားနိုင်ငံရဲ့ အဓိကစီးပွားရေးမြို့ကြီးဖြစ်ခဲ့တဲ့အလျောက် အဲဒီလိုပြန်ဖြစ်လာမယ့်လမ်းကြောင်းပေါ်ကို ပြန်ရောက်ရှိလာတော့မယ်လို့ ထင်မြင်စရာဖြစ်ပါတယ်။ လဲကျရင် ပြန်ထရမယ်ဆိုတဲ့ မဆုတ်မနစ်တဲ့ ပြန်လည်တည်ဆောက်ရေးစိတ်ဓာတ်ကို အလက်ပိုမြို့တွင်းမှာ မြင်တွေ့ရတဲ့ လုပ်ငန်းဆောင်ရွက်သူတွေနဲ့ ဆီးရီးယားပြည်သူတွေက အလင်းပြနေသလိုပါပဲ။

**(ရိုက်တာ၊ စီအင်န်အင်န်)**

**အလက်ပိုမြို့ဟာ ယခင်က ဆီးရီးယားနိုင်ငံရဲ့ အဓိကစီးပွားရေးမြို့ကြီး ဖြစ်ခဲ့တဲ့အလျောက် အဲဒီလိုပြန်ဖြစ်လာမယ့် လမ်းကြောင်းပေါ်ကို ပြန်ရောက်ရှိလာတော့မယ်လို့ ထင်မြင်စရာဖြစ်ပါတယ်။ လဲကျရင် ပြန်ထရမယ်ဆိုတဲ့ မဆုတ်မနစ်တဲ့ ပြန်လည်တည်ဆောက်ရေး စိတ်ဓာတ်ကို အလက်ပိုမြို့တွင်းမှာ မြင်တွေ့ရတဲ့ လုပ်ငန်းဆောင်ရွက်သူ တွေနဲ့ ဆီးရီးယားပြည်သူတွေက အလင်းပြနေသလိုပါပဲ။**

# မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

**အခန်း(၈)**

**အစည်းအဝေးကျင်းပခြင်း**

၁၉။ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည်။

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ်ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အဆုံးအဖြတ်ရယူခြင်း

၂၀။ ကောင်စီအစည်းအဝေးကျင်းပရာတွင် ကောင်စီဝင်ဦးရေ၏ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေးအထမြောက်သည်။

၂၁။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းနှင့် နီးနွယ်အဖွဲ့အစည်းများသို့အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အခါအားလျော်စွာ အသိပေးအကြောင်းကြားခြင်း ပြုနိုင်သည်။

**အခန်း(၉)**

**ရုံးအဖွဲ့ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း**

၂၂။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်ရုံးအဖွဲ့နှင့် ဌာနများကို အောက်ပါအတိုင်း ဖွဲ့စည်း၍ လိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရမည်။

(က) ရုံးအဖွဲ့မှူးတစ်ဦးနှင့် ဒုတိယရုံးအဖွဲ့မှူးတစ်ဦး

(ခ) စီမံရေးရာနှင့် ငွေစာရင်းဌာန၊ မှတ်ပုံတင်နှင့် လိုင်စင်ရေးရာဌာနတို့တွင် လက်ထောက်ရုံးအဖွဲ့မှူး (၁)ဦးစီနှင့် စာရေးဝန်ထမ်း(၂)ဦးစီ

(ဂ) အရည်အသွေးထိန်းသိမ်းစစ်ဆေးခြင်းဌာန၊ နိုင်ငံတကာနှင့် ပြည်သူ့ဆက်ဆံရေးဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် တိုင်းရင်းဆေးဆရာ လက်ထောက်ရုံးအဖွဲ့မှူး (၁)ဦးစီနှင့် စာရေးဝန်ထမ်း(၂)ဦးစီ

၂၃။ ကောင်စီသည် ပုဒ်မ-၂၂ ပါရုံးအဖွဲ့နှင့် ဌာနများကို လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း(၁၀)**

**ဘဏ္ဍာရေး**

၂၄။ ကောင်စီသည် မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို ပြုလုပ်နိုင်သည်။

၂၅။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရမည်။

(က) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားစရိတ်များမှ ကောက်ခံရရှိငွေများ

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ

(ဃ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိုင်းရင်းဆေးကောင်စီအတွက် ခွဲဝေချထားသော ရန်ပုံငွေများ

၂၆။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များက လှူဒါန်းသောပစ္စည်းများနှင့်အခြားအကူအညီများကို လက်ခံနိုင်သည့်အပြင် တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၂၇။ ကောင်စီသည် ကောင်စီအလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ လစာနှင့် စရိတ်တို့ကိုကျခံ၍ ရုံးအဆောက်အအုံကိုလည်း တာဝန်ယူရမည်။

၂၈။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၉။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက လိုအပ်သောရန်ပုံငွေကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ တင်ပြတောင်းခံနိုင်သည်။

**အခန်း(၁၁)**

**မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာမှတ်ပုံတင်ခြင်း**

၃၀။ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်ရရှိလိုသော နိုင်ငံသားတစ်ဦးဦးသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့လျှောက်ထားနိုင်သည်။

(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်တွင်း တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် တိုင်းရင်းဆေးပညာဘွဲ့၊ တိုင်းရင်းဆေးသိပ္ပံမှ အပ်နှင်းသည့်တိုင်းရင်းဆေးပညာ ဒီပလိုမာလက်မှတ်

(ခ) တိုင်းရင်းဆေးပညာ တစ်နှစ်သင်တန်းလက်မှတ်၊ တိုင်းရင်းဆေးပညာ သုံးဘာသာ၊ တိုင်းရင်းဆေးပညာလေးဘာသာ အောင်လက်မှတ်ရရှိသူ

(ဂ) ကောင်စီ သို့မဟုတ် တိုင်းရင်းဆေးဆရာအသင်းတို့မှ ကျင်းပပြုလုပ်သည့် သင်တန်း သို့မဟုတ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူ

၃၁။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ-၃၀ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

၃၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် သတ်မှတ်ထားသည့် သက်တမ်းအလိုက် စည်းကမ်းချက်များနှင့်အညီ မှတ်ပုံတင်သက်တမ်းတိုးရမည်။

၃၃။ အလုပ်အမှုဆောင်အဖွဲ့သည် မှတ်ပုံတင်တိုင်းရင်းဆေးဆရာတစ်ဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည်။

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးသုံးစွဲကြောင်း ပေါ်ပေါက်ခြင်း

(ခ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ယင်းပြစ်မှုသည် တိုင်းရင်းဆေးဆရာအဖြစ် ဆက်လက်ထမ်းဆောင်နိုင်ရန်မသင့်ဟု ကောင်စီကအခါအားလျော်စွာ သတ်မှတ်ထားသော ပြစ်မှုဖြစ်ခြင်း

(ဂ) တိုင်းရင်းဆေးဆရာတစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း

(ဃ) စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု မရှိခြင်းကြောင့် တိုင်းရင်းဆေးဆရာတစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း

**အခန်း (၁၂)**

**ဘွဲ့လွန်၊ဒီဂရီ အသိအမှတ်ပြုခြင်း**

၃၄။ ပြည်တွင်းပြည်ပ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် ဘွဲ့လွန်တိုင်းရင်းဆေးပညာဘွဲ့ ရရှိသူသည် ဘွဲ့လွန် ဒီဂရီအသိအမှတ်ပြုနိုင်ရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၃၅။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ(၃၄)အရ လျှောက်ထားသူများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးပေးသွင်းစေ၍ ဘွဲ့လွန်ဒီဂရီရရှိကြောင်း မှတ်ပုံတင်လက်မှတ်တွင် ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

**အခန်း(၁၃)**

**ဆေးကုသခွင့်လိုင်စင်**

၃၆။ တိုင်းရင်းဆေးဆရာမှတ်ပုံတင်ရရှိသူသည် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အထွေထွေဆေးကုသခွင့်လိုင်စင်ကို အလုပ်အမှုဆောင်အဖွဲ့သို့ လျှောက်ထားရမည်။

၃၇။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ-၃၆ အရ လျှောက်ထားလာသော လျှောက်လွှာကိုစိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၈။ ပြည်ပနိုင်ငံ၏ တိုင်းရင်းဆေးပညာဘွဲ့ရ နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားတိုင်းရင်းဆေးဆရာသည် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ အလုပ်အမှုဆောင်အဖွဲ့သို့ လျှောက်ထားရမည်။

၃၉။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ-၃၈အရ လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်းစစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်းပြည့်မီလျှင် လိုင်စင်ကြေးနှင့်အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ ရောဂါအမျိုးအစား၊ နေရာဒေသနှင့် အချိန်ကာလကို ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၀။ တိုင်းရင်းဆေးဆရာမှတ်ပုံတင်ရရှိသူသည် အထူးဆေးကုသခွင့်လိုင်စင်အတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံပါက အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ အလုပ်အမှုဆောင်အဖွဲ့သို့ လျှောက်ထားနိုင်သည်။

၄၁။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ-၄၀ အရ လျှောက်ထားသည့် လျှောက်လွှာကိုစိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၂။ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ဆေးကုသခွင့်လိုင်စင်ရရှိလိုသူ တိုင်းရင်းဆေးဆရာသည် ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ အလုပ်အမှုဆောင်အဖွဲ့သို့ လျှောက်ထားရမည်။

၄၃။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ-၄၂အရ လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်းစစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်းပြည့်မီလျှင် လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေ၍ ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့်ဒေသနှင့် ကုသခွင့်ကာလတို့အား ကန့်သတ်လျက် ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်းသို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၄။ ဆေးကုသခွင့်လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏ ဆေးကုသသည့်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ အလုပ်အမှုဆောင်အဖွဲ့သို့ လျှောက်ထားရမည်။ လျှောက်ထားဆဲ ကာလအတွင်း ယင်း၏ဆေးကုသမှုလုပ်ငန်းများသည် တရားဝင်ဆောင်ရွက်ခြင်းဟု မှတ်ယူရမည်။

၄၅။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ-၄၄အရ ဆေးကုသခွင့်လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၆။ အလုပ်အမှုဆောင်အဖွဲ့သည် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာတစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဆေးကုသခွင့်လိုင်စင်ကိုပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုနိုင်သည်။

(က) တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း

(ခ) စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုမရှိခြင်းကြောင့် တိုင်းရင်းဆေးဆရာတစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း

(ဂ) တိုင်းရင်းဆေးဆရာတစ်ဦး၏ လုပ်ငန်းတာဝန်များကို ပေါ့လျော့စွာ ဆောင်ရွက်ခြင်း

(ဃ) တိုင်းရင်းဆေးဆရာတစ်ဦး၏ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှုမရှိခြင်း

(င) အလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ထားသော ကာလအတွင်း အကြောင်းပြချက် ခိုင်လုံမှုမရှိဘဲ ဆေးကုသခွင့်လိုင်စင်သက်တမ်း တိုးမြှင့်ရန် ပျက်ကွက်ခြင်း

(စ) ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိ သေးသည့် ဆေးပညာဆိုင်ရာ ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲဖော်ပြခြင်း

**အခန်း(၁၄)**

**မှတ်ပုံတင်တိုင်းရင်းဆေးဆရာနှင့်ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာ၏ တာဝန်နှင့်ရပိုင်ခွင့်များ**

၄၇။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာနှင့် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာများသည် -

(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ကောင်စီကသတ်မှတ်သည့် တိုင်းရင်းဆေးဆရာ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏အကြံဉာဏ်နှင့် အကူအညီကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၄၈။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် -

(က) ကောင်စီဝင်ရွေးချယ်တင်မြှောက်ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၄၉။ ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာသည် -

(က) မိမိရရှိထားသောဆေးကုသခွင့် လိုင်စင်အမျိုးအစားအရ ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) မိမိရရှိထားသော ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားခွင့်ရှိသည်။

(ဂ) စဉ်ဆက်မပြတ်ပညာသင်ကြားခွင့် ရရှိရေးအတွက် ကောင်စီသို့ တင်ပြပိုင်ခွင့်ရှိသည်။

**အခန်း(၁၅)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၅၀။ ကောင်စီသည်မိမိကိုယ်တိုင်သိရှိ၍ဖြစ်စေ၊ သတင်းပေးတိုင်ကြားသူက တိုင်ကြား၍ဖြစ်စေ မှတ်ပုံတင်ရ တိုင်းရင်းဆေးဆရာ သို့မဟုတ် ဆေးကုသခွင့်လိုင်စင်ရသူ တစ်ဦးဦးအား စုံစမ်းစစ်ဆေးရန် အကြောင်းပေါ်ပေါက်လျှင် ကောင်စီဝင်(၃)ဦးနှင့် သက်ဆိုင်ရာ ပညာရှင်အနည်းဆုံး(၂)ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅၁။ ပုဒ်မ-၅၀အရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး သုံးသပ်ချက်၊ အကြံပြုချက်တို့နှင့်အတူ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၅၂။ အလုပ်အမှုဆောင်အဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး တွေ့ရှိချက်များအရ အောက်ပါအရေးယူဆောင်ရွက်မှု တစ်ခုခုကို ပြုလုပ်နိုင်သည်။

(က) သတိပေးခြင်း

(ခ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း

(ဂ) ဆေးကုသခွင့်လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း

**အခန်း(၁၆)**

**အယူခံခြင်း**

၅၃။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ-၃၃၊ ပုဒ်မ-၃၅၊ ပုဒ်မ - ၃၇၊ ပုဒ်မ-၃၉၊ ပုဒ်မ-၄၁၊ ပုဒ်မ-၄၃၊ ပုဒ်မ-၄၅၊ ပုဒ်မ-၄၆၊ ပုဒ်မ-၅၂အရ ပြုလုပ်သည့် ဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့အယူခံနိုင်သည်။

၅၄။ ပုဒ်မ-၅၃အရ အယူခံရာတွင် ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း(၁၇)**

**တားမြစ်ချက်နှင့် ပြစ်ဒဏ်များ**

၅၅။ ကောင်စီကသတ်မှတ်ထားသော ဆေးကုသခွင့်လိုင်စင်မရှိဘဲ မည်သူမျှ တိုင်းရင်းဆေးဆရာ အမည်ခံ၍ ဆေးကုသခြင်း မပြုရ။

၅၆။ ကောင်စီက သတ်မှတ်ထားသည့် ကုသခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ တိုင်းရင်းရိုးရာဆေးပညာကို အသုံးပြု၍ မည်သူမျှ ဆေးကုသခြင်းမပြုရ။

၅၇။ ဆေးကုသခွင့်လိုင်စင်ရသူမည်သူမျှ

(က) လိုင်စင်ပါ ခွင့်ပြုသည့် ဆေးကုသခြင်းအမျိုးအစားမှအပ အခြားဆေးကုသခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းမပြုရ။

(ခ) လိုင်စင်ပါ ကန့်သတ်ချက်များကို ကျူးလွန်ဖောက်ဖျက်ဆောင်ရွက်ခြင်းမပြုရ။

*(ဆက်လက်ဖော်ပြမည်)*

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၈၂)

# အကြမ်းဖက်မှုများနှင့် ဥပဒေအမြင်



ဦးဟန်ညွန့် (ဥပဒေ)

**သတင်းထုတ်ပြန်ချက်**

၁၁.၈.၂၀၁၇ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်စောင်ကို မြန်မာ့အလင်းတွင် ဖတ်ရသည်။ အကြမ်းဖက်လုပ်ရပ်များတိုးမြှင့် ဆောင်ရွက်လာခြင်းကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် နှိမ်နင်းသွားမည် ခေါင်းစဉ်ဖြင့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနက ထုတ်ပြန်သည့် မောင်တောဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ သတင်းထုတ်ပြန်ချက်ဖြစ်ပါသည်။

**ဥပဒေနှင့်အညီ**

ရခိုင်ပြည်နယ်မောင်တောခရိုင်အတွင်း အစွန်းရောက်အကြမ်းဖက်များက အကြမ်းဖက်သတ်ဖြတ်မှုများ တိုးမြှင့်ဆောင်ရွက်လာခဲ့ရာ ဩဂုတ်လ ၉ ရက်နေ့အထိ သေဆုံးသူ ၅၉ဦး၊ ပျောက်ဆုံးနေသူ ၃၃ ဦး အထိရှိလာခဲ့ပါသည်။ မောင်တောခရိုင်အတွင်း အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သူများ၊ သတင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သူများ အပါအဝင် အစ္စလာမ်ဘာသာဝင်အများအပြားကို သတ်ဖြတ်ခဲ့ပြီး ယခုနောက်ဆုံး မြိုတိုင်းရင်းသားခုနစ်ဦးကို သတ်ဖြတ်လာခဲ့ပါသည်။ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တွင်လည်းကောင်း၊ ဒေသတည်ငြိမ်ရေးအတွက် လည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ မပြုနိုင်စေရန် သတ်ဖြတ်ခြိမ်းခြောက်နေခြင်းဟု ယူဆရပါသည်။ ဤရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်မှုကို ပြင်းထန်စွာရှုတ်ချပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ **သတိထား၍ဆောင်ရွက်နေသည်ကို** အခွင့်ကောင်းယူကာ ဤသို့အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်ဆောင်ရွက်လာခြင်းကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် နှိမ်နင်းသွားမည်ဖြစ်ပါသည်။ အပြစ်မဲ့အရပ်သား ပြည်သူများကို အကာအကွယ်ပေးနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သလို အစွန်းရောက် အကြမ်းဖက်များ၊ အစွန်းရောက်အားပေးကူညီသူများအားလုံးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်းတိုးမြှင့်လာသည့် အကြမ်းဖက်မှုဖြစ်စဉ်များ၊ ရပ်တန့်ချုပ်ငြိမ်းရေးနှင့် လုံခြုံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များနှင့်အတူ ပူးပေါင်း၍ နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်ဒေသများတွင် ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်....စသည်ဖြင့်ဖော်ပြ ပါရှိပါသည်။ ဤအချိန်တွင်...။

**ပုဒ်မ ၁၄၄**

"ပုဒ်မ ၁၄၄ ဆိုတာဘာလဲ။ ဘယ်လိုပြဋ္ဌာန်းထားသလဲ။ အသေးစိတ် မဟုတ်သော်ငြား ဥပဒေဗဟုသုတအနေနှင့် ရေးပြပါ။ အခြားဆက်စပ်တဲ့ ဥပဒေရေးရာသိကောင်းစရာတွေပါ ရှင်းပြ၊ ရေးပြပါ"ဟု မိတ်ဆွေတစ်ဦးက ဆိုလာပါသည်။ ထို့ကြောင့် ဤသို့ရေးပါသည်။

> **ပုဒ်မ ၁၄၄ မှာ အခွင့်ရတရားသူကြီးက မတရားဟန့်တား နှောင့်ယှက်မှုဖြစ်စေ၊ လူ့အသက်၊ ကျန်းမာရေး သို့မဟုတ် လုံခြုံရေးကို ထိခိုက်စေမှုဖြစ်စေ၊ ငြိမ်ဝပ်ပိပြားရေးကို နှောင့်ယှက်မှု ဖြစ်စေသည့် အဆောတလျင် စိတ်ငြိုငြင်စေမှု သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေမည့် အမှုများ တွင် ချက်ချင်းတားဆီးဟန့်တားရန် ယာယီအမိန့် ထုတ်ဆင့်ခြင်းဖြစ်သည်။ ညမထွက်ရအမိန့်ဟု လူသိများ**

**ရာဇဝတ်ကျင့်ထုံး**

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ သည် အဆောတလျင်ဖြစ်သည့် စိတ်ငြိုငြင်စေမှု သို့မဟုတ် အန္တရာယ်ဖြစ်လိမ့်မည်ဟု စိုးရိမ်ဖွယ်ရာရှိသည့် အမှုများတွင် ချမှတ်နိုင်သည့် ယာယီအမိန့်များ (Temporary orders in Urgent cases of Nuisance or Apprehended Danger) ဖြစ်သည်။ ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး သို့မဟုတ် ဤပုဒ်မအရ နိုင်ငံတော်သမ္မတကဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ အာဏာအထူးအပ်နှင်းထားသော အခြား တရားသူကြီးတစ်ဦးသည် ဤပုဒ်မအရ ဆောင်ရွက်ရန်နှင့် ချက်ချင်းတားဆီးရန် သို့မဟုတ် အဆောတလျင် ပပျောက်အောင်ပြုလုပ်ရန် လိုအပ်ကြောင်း လုံလောက်သော အကြောင်းရှိသည်ဟု ထင်မြင်သည့် အမှုများအတွက် လုပ်ပိုင်ခွင့်အာဏာ ပေးထားခြင်းဖြစ်ပါသည်။

> ## အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်ဆောင်ရွက်လာခြင်းကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် နှိမ်နင်းသွားမည်
>
> ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
> နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
> "မောင်တောဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာသတင်းထုတ်ပြန်ချက်"
> ၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်
> (၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၁ ရက်)
>
> ၁။ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လုံခြုံတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်အသိုင်းအဝိုင်းအကြား ရင်ကြားစေ့ရေးတို့အတွက် ရေတိုရေရှည်အစီအမံများဖြင့် ဖြေရှင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပြည်တွင်း၊ ပြည်ပအကူအညီများ ပေးအပ်နေမှုများအပါအဝင် အခြေခံအဆောက်အအုံများ တိုးတက်တည်ဆောက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတားများ တည်ဆောက်ရေးနှင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေးကိုလည်း ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်လျက် ရှိပါသည်။

**အနှစ်သာရ**

ပုဒ်မ ၁၄၄ မှာ အခွင့်ရတရားသူကြီးက မတရားဟန့်တား နှောင့်ယှက်မှုဖြစ်စေ၊ လူ့အသက်၊ ကျန်းမာရေး သို့မဟုတ် လုံခြုံရေးကို ထိခိုက်စေမှုဖြစ်စေ၊ ငြိမ်ဝပ်ပိပြားရေးကို နှောင့်ယှက်မှု ဖြစ်စေသည့် အဆောတလျင် စိတ်ငြိုငြင်စေမှု သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေမည့်အမှုများတွင် ချက်ချင်းတားဆီး ဟန့်တားရန် ယာယီအမိန့်ထုတ်ဆင့်ခြင်းဖြစ်သည်။ **ညမထွက်ရအမိန့်** ဟု လူသိများသည်။

**လုပ်ပိုင်ခွင့်**

ပုဒ်မ ၁၄၄ ပါ လုပ်ပိုင်ခွင့်များကို ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင် အဆင့်ဆင့်တို့၏ လုပ်ပိုင်ခွင့် ဥပဒေပုဒ်မ ၃၃(ည)အရ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့လည်းကောင်း၊ ပုဒ်မ ၈၉(၃) အရ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ လည်းကောင်းအပ်နှင်းခဲ့သည်။

စကားရပ်များအစားထိုးသည့်ဥပဒေအမှတ် (၈/၈၈)အရ "ပြည်နယ်၊ တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့" ကို "ပြည်နယ်၊ တိုင်းအဆင့်၊ ခရိုင်အဆင့် သက်ဆိုင်ရာ ဦးစီးဌာန၊ ရဲတပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်းအကြီးအကဲ" ဟု လည်းကောင်း၊"မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့"ကို"မြို့နယ်အဆင့် သက်ဆိုင်ရာ ဦးစီးဌာန၊ ရဲတပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်းအကြီးအကဲ" ဟု လည်းကောင်း အစားထိုးထားသည်။

**ထုတ်ဆင့်နိုင်**

တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေး နှောင့်ယှက်မှုကို သော်လည်းကောင်း၊ ရုန်းရင်းဆန်ခတ်ကို သော်လည်းကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုကို သော်လည်းကောင်း၊ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေသူအား ပိတ်ပင်ခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ နစ်နာစေခြင်း တစ်ခုခုကိုသော်လည်းကောင်း၊ တားဆီးရန် လိုအပ်မည်ဟု ယူဆလျှင် အခွင့်ရအာဏာပိုင်သည် ဖြစ်ပေါ်လျက်ရှိသော အခြေအနေနှင့်ပတ်သက်၍ အကျိုးအကြောင်းဖော်ပြလျက် ပုဒ်မ ၁၄၄ အရ အမိန့်ထုတ်ဆင့်နိုင်ပေသည်။

**ဆက်နွယ်သော ဥပဒေများ**

နိုင်ငံတော်လုံခြုံရေးကို ထိခိုက်ပျက်ပြားစေမှုများဖြစ်ပေါ်လာပါက မည်သို့တရားစွဲအရေးယူမည်လဲ။ ရာဇသတ်ကြီးဥပဒေနှင့် အထူးနှင့် အထွေထွေဥပဒေပြဋ္ဌာန်းချက်များ ရှိပေသေးသည်။ အရေးမယူလျှင် မဖြစ်သည့် အခြေအနေတွင် တည်ဆဲဥပဒေများဖြင့်သာ တရားစွဲအရေးယူဆောင်ရွက်သွားရပေမည်။

**ရာဇသတ်ကြီး ဥပဒေ**

နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ပျက်စေသော ပြစ်မှုများနှင့် စပ်လျဉ်း၍ **ရာဇသတ်ကြီး ဥပဒေအခန်း(၈)**တွင် အောက်ပါပြစ်မှုပုဒ်မများ ပြဋ္ဌာန်းထားရှိပါသည်။ **ငြိစွန်းမှုအလိုက် တရားစွဲအရေးယူနိုင်ပါမည်။**

| | |
|---|---|
| ပုဒ်မ ၁၄၁။ | ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေး |
| ပုဒ်မ ၁၄၂။ | ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေး၌ ပါဝင်သူဖြစ်ခြင်း |
| ပုဒ်မ ၁၄၃။ | ပြစ်ဒဏ် |
| ပုဒ်မ ၁၄၄။ | ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် လက်နက်ကို စွဲကိုင်ကာ ပါဝင်ခြင်း |
| ပုဒ်မ ၁၄၅။ | လူစုခွဲရန် အမိန့်ပေးပြီးနောက် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး၌ ပါဝင်ခြင်း |
| ပုဒ်မ ၁၄၆။ | ရုန်းရင်းဆန်ခတ်မှု |
| ပုဒ်မ ၁၄၇။ | ရုန်းရင်းဆန်ခတ်မှုအတွက် ပြစ်ဒဏ် |
| ပုဒ်မ ၁၄၈။ | သေစေလောက်သော လက်နက်ကို စွဲကိုင်လျက် ရုန်းရင်းဆန်ခတ်မှုပြုခြင်း |
| ပုဒ်မ ၁၄၉။ | ဥပဒေနှင့် ဆန့်ကျင်သောအစုအဝေးတွင် ပါဝင်သူတိုင်း ပြစ်မှုအတွက် အပြစ်ရှိခြင်း |
| ပုဒ်မ ၁၅၀။ | ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်စေရန် လူကိုငှားရမ်းခြင်း |
| ပုဒ်မ ၁၅၁။ | ငါးဦးနှင့်အထက်ပိုသော သူများ၏ အစုအဝေးကို လူစုခွဲရန် အမိန့်ထုတ်ဆင့်ပြီးနောက် ပါဝင်ခြင်း |
| ပုဒ်မ ၁၅၂။ | ရုန်းရင်းဆန်ခတ်စသည်တို့ကို နှိမ်နင်းနေသော ပြည်သူ့ဝန်ထမ်းကို လက်ရောက်မှုပြုခြင်း(သို့)ဟန့်တားခြင်း |
| ပုဒ်မ ၁၅၃။ | ရုန်းရင်းဆန်ခတ်မှု ဖြစ်စေရန် ရန်စခြင်း |
| ပုဒ်မ၁၅၃-က။ | လူမျိုးစားတစ်ခုနှင့် တစ်ခုရန်ငြိုးထားစေရန် အားပေးအားမြှောက်ပြုခြင်း |
| ပုဒ်မ ၁၅၄။ | ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးအတွက် မြေကိုပိုင်သူ၊ အသုံးပြုနေသူ |
| ပုဒ်မ ၁၅၅။ | ရုန်းရင်းဆန်ခတ်မှု ကျူးလွန်သူတာဝန် |
| ပုဒ်မ ၁၅၆။ | ရုန်းရင်းဆန်ခတ်မှုကျူးလွန်သည့်အတွက် ကိုယ်စားလှယ်၏တာဝန် |
| ပုဒ်မ ၁၅၇။ | ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးအတွက် ငှားရမ်းခြင်းခံရသူကို လက်သင့်ခံခြင်း |
| ပုဒ်မ ၁၅၈။ | ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေး၌ ပါဝင်စေရန် လက်နက်ဆောင်လျက်သွားရန် အငှားခံခြင်း |
| ပုဒ်မ ၁၅၉။ | သတ်ပုတ်နှောင့်ယှက်မှု |
| ပုဒ်မ ၁၆၀။ | သတ်ပုတ်နှောင့်ယှက်မှုအတွက် ပြစ်ဒဏ် |

**ခွင့်လွှတ်မည်မဟုတ်**

ဆက်စပ်နေသော အားပေးကူညီမှု၊ ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုများအတွက် ပြဋ္ဌာန်းချက်များ၊ အထူးဥပဒေဖြစ်သော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ စသည့်စသည့် ဥပဒေပြဋ္ဌာန်းချက်များ ရှိပေသေးသည်။ ဆက်လက်တင်ပြပါဦးမည်။ ရာဇဝတ်ဘေး ပြေးမလွတ်နိုင်ချေ။ ဥပဒေမဲ့လုပ်ရပ်များကို မည်သူမျှ ခွင့်လွှတ်မည်မဟုတ်ပေ။

**စေတနာ**

(၁) နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒသည် လွတ်လပ်၍ တရားမျှတသော မူဝါဒဖြစ်သည်။
(၂) နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ မိတ်ဝတ်မပျက်၊ တည်ငြိမ်ရင့်ကျက်စွာ ဆက်ဆံသည်။
(၃) တိုင်းရင်းသားချစ်ကြည်စည်းလုံးမှုဖြင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် အသက်ပမာ အရေးကြီးလှပါသောကြောင့် ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်မှုများအား သတိတမန်ဉာဏ်မြေကတုတ်ဖြင့် ဥပဒေနှင့်အညီ ချေမှုန်း၊ နှိမ်နင်းသွားသင့်ပြီဟု တွေးမိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။

## ပေါင်းတည်မြို့၌ ကျန်းမာရေးအသိပညာပေးဟောပြော

**ပေါင်းတည် ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြို့ပင်သာအုပ်စု ကွဲတဲကျေးရွာရှိ အမျိုးသမီးတစ်ဦး ဩဂုတ် ၁၂ ရက်က ပြည်မြို့ဆေးရုံကြီး၌ H1N1 ရောဂါဖြင့် သေဆုံးခဲ့ရာ အဆိုပါ ကျေးရွာသို့ ဩဂုတ် ၁၅ ရက်က အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များအား ကျေးရွာနေပြည်သူများလက်ရောက် ဝေငှခဲ့ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဒေါက်တာညွန့်ဦးက ယခုရာသီတွင် ဖြစ်ပွားလျက်ရှိသည့် ရာသီတုပ်ကွေးနှင့် H1N1ဗိုင်းရပ်(စ်)ပိုးအကြောင်း ရောဂါဖြစ်ပွားမှုမရှိစေရန် သတိပြုနေထိုင်ရမည့်အချက်များ၊ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ရောဂါဝေဒနာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ အချိန်မီ ထိရောက်စွာ ကုသမှုခံယူသင့်ကြောင်း ပြောကြားသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



## မိဘမဲ့ပရဟိတကျောင်း၌ စာအုပ်များလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၇**

နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာရှိ ဓမ္မလင်္ကာရကျောင်းတိုက်၌ ဖွဲ့စည်း တည်ထောင်ထားသည့် "မြတ်ဆုမွန်"မိဘမဲ့ပရဟိတမှ မိဘမဲ့ကလေးများအား စာအုပ်များနှင့် သင်ထောက်ကူစာရေးကိရိယာများ လှူဒါန်းခြင်း၊ တစ်ရက်တာ အာဟာရဒါန ကျွေးမွေးခြင်းအား ဩဂုတ်လဒုတိယပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလှူရှင်မိသားစုများမှ ဓမ္မလင်္ကာရကျောင်းတိုက် "မြတ်ဆုမွန်"လူငယ်ဖွံ့ဖြိုးတိုးတက်ရေး ပရဟိတကျောင်းဆရာတော် ဘဒ္ဒန္တဇောတိက သဒ္ဓမ္မဇောတိကအား နဝကမ္မဝတ္ထုအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မိဘမဲ့ကျောင်းသားကျောင်းသူ ၈၀ အား ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပြီးတစ်နေ့တာအာဟာရဒါန ကျွေးမွေးပြုစုခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

နွေရာသီဈေးကွက် စတင်ချိန်ကတည်းက မန်ယူအသင်းရဲ့မန်နေဂျာ မော်ရင်ညိုက ကစားသမားသစ် လေးဦးခေါ်ယူဖို့ အလိုရှိတဲ့ အကြောင်းကို ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ လင်ဒီလော့ဖ်၊ လူကာကူ၊ မာတစ်အပါအဝင် ကစားသမား သုံးဦးကတော့ အရ ခေါ်ယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် နောက်ဆုံးစတုတ္ထမြောက်ကစားသမားက ခေါ်ယူဖို့ ကြိုးစားနေတုန်းလို့ ပြောရမှာပါ။ ဘယ်သူဖြစ်လာဦးမလဲ။ မန်ယူအသင်းအနေနဲ့ ဒီနှစ်နွေရာသီဈေးကွက်အတွင်း အသင်းရဲ့တောင်ပံနေရာအတွက် အင်တာမီလန် ကစားသမား ပါရီဆစ်ကို ခေါ်ယူဖို့ကြိုးစားခဲ့တာကတော့ ရာသီစတင်ချိန်ကတည်းကလို့တောင် ပြောရမှာပါ။ ဒါပေမယ့်လက်ရှိအချိန် အထိတော့ ခေါ်ယူဖို့မဖြစ်နိုင်သေးပါဘူး။ အင်တာမီလန်အသင်းမန်နေဂျာ စပယ်လက်တီကိုယ်တိုင်က ပါရီဆစ်ဟာ အသင်းမှာပဲ ဆက်လက်ရှိနေဦးမှာ ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ ဒါ ကြောင့် မန်ယူအသင်းအတွက်တော့ စတုတ္ထမြောက်ခေါ်ယူရမယ့်ကစား သမားဟာ အဖြေရှာရမယ့် ပုစ္ဆာတစ်ပုဒ်လို့တောင် ပြောရမှာပါ။

# အဖြေရှာရမယ့် သရဲနီ ရဲ့ စတုတ္ထမြောက်ပုစ္ဆာ

........
**အောင်က**
........









### အဖြေ (၁)

ယူအီးအက်ဖ်အေစူပါဖလားမတိုင်ခင်က မော်ရင်ညို ပြောဖူးတဲ့ စကားတစ်ခွန်းရှိပါတယ်။ အဲ့ဒါက ဂါရတ်ဘေးလ်သာ ရီးရဲမက်ဒရစ်အသင်းကနေ ထွက်ခွာခဲ့မယ်ဆိုရင် သူ့အနေနဲ့ အရခေါ်ယူသွားမယ်လို့ ပြောဆိုထားခဲ့ပါတယ်။ ဒါကြောင့်လည်း မော်ရင်ညိုအနေနဲ့ အခွင့်အရေးသာရရှိခဲ့မယ်ဆိုရင် ဂါရတ်ဘေးလ်ကိုခေါ်ယူဖို့ကတော့ လက်မနှေးဘူးလို့ ပြောရမှာပါ။ ဂါရတ်ဘေးလ်အနေနဲ့ ပြီးခဲ့တဲ့ရာသီတုန်းကဆိုရင်လည်း ဒဏ်ရာပြဿနာတွေနဲ့ ရုန်းကန်နေခဲ့ရတာကြောင့် အသင်းရဲ့တိုက်စစ်တာဝန်ကိုတောင် ကောင်းကောင်းမယူနိုင်ခဲ့ပါဘူး။ ဒါ ကြောင့်လည်း ရီးရဲမက်ဒရစ်အသင်းအနေနဲ့ တန်ရာတန်ကြေး ရရှိခဲ့မယ်ဆိုရင် ဂါရတ်ဘေးလ်ကို လက်လွှတ်ဖို့ ရှိနိုင်တယ်လို့တောင် သတင်းတွေထွက်ပေါ်နေခဲ့ပါသေးတယ်။အစ္စကိုကိုလည်း အသင်းနဲ့ နှစ်ရှည်စာချုပ်ချုပ်ဆိုထားခဲ့ပြီဖြစ်ပြီး ခြေစွမ်းပိုင်းကလည်း တစ်နေ့တခြားကောင်းမွန်နေတာကြောင့် ဂါရတ်ဘေးလ်အနေနဲ့အသင်းကနေ ထွက်ခွာဖို့တောင် ဖြစ်လာနိုင် တယ်လို့ဆိုကြပါတယ်။ မန်ယူအသင်းရဲ့အလုပ်အမှုဆောင်ဖြစ်တဲ့ အက်ဒ်ဝုဒ်ဝက်အနေနဲ့ ပေါ့ဂ်ဘာ၊ လူကာကူတို့ကိုတောင် စံချိန်တင်ပြောင်းရွှေ့ကြေးတွေနဲ့ အရခေါ်ယူထားနိုင်ခဲ့ တာကြောင့် ဂါရတ်ဘေးလ်ကိုသာခေါ်ယူ နိုင်ခဲ့မယ်ဆိုရင် အံ့သြစရာတော့ မရှိဘူးလို့ပြောရ မှာပါ။

### အဖြေ (၂)

ဒရက်စလာဟာ လွန်ခဲ့တဲ့နှစ်တွေကတည်းက ရှော်လ်ကေးအသင်းနဲ့အတူ တောက်ပခဲ့စဉ်ကတည်းက ဥရောပအသင်းတွေက ခေါ်ယူဖို့ စိတ်ဝင်စားခြင်း ခံခဲ့ရတဲ့သူ ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ ဝုဖ်ဘတ်အသင်းကို ပြောင်းရွှေ့ကစားခဲ့မှုကတော့ သူ့အတွက် အိပ်မက်ဆိုးတစ်ခုလို့တောင် ပြောရမှာပါ။ အောင်မြင်မှုမရရှိခဲ့တဲ့ အချိန်တွေလို့လည်းပြောနိုင်ပါတယ်။ အဲ့ဒီနောက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာတော့ ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့ခဲ့ပါတယ်။ ပီအက်စ်ဂျီမှာတော့ သူဟာ ၁၇ ပွဲကစားပြီး လေးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီနှစ်ရာသီမှာတော့ ပီအက်စ်ဂျီအသင်းကို နေမာရောက်ရှိလာခြင်းနဲ့အတူ သူ့ရဲ့နေရာက ပျောက်လာခဲ့ပြီလို့ပြောရမှာပါ။ နေမာပါဝင်ကစားခဲ့တဲ့ ပြီးခဲ့တဲ့ ဂူအင်ဂမ့်အသင်းနဲ့ပွဲကိုပဲကြည့် ဒရက်စလာအနေနဲ့ မိနစ်၈၀ မှသာ ပါဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ပုံမှန်ကစားခွင့်ရရှိရေးဟာ အသင်းကနေ ထွက်ခွာမှသာ ဖြစ်လာမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေတွေအပေါ်ကို မူတည်ပြီး မန်ယူအသင်းအနေနဲ့အခွင့်အရေးယူကာ တောင်ပံနေရာအတွက် ဒရက်စလာကိုသာ ခေါ်ယူသင့်ပါတယ်။ လူငယ်ကစားသမားတစ်ဦးဖြစ်သလို တိုးတက်မှုများစွာရှိနေတဲ့ ဒရက်စလာဟာ မန်ယူအသင်းရဲ့အနာဂတ်အတွက် အားကိုးရမယ့်ကစားသမားတစ်ဦး ဖြစ်လာနိုင်ပါတယ်။

### အဖြေ (၃)

မန်ယူအသင်းအနေနဲ့ ဘယ်တောင်ပံနေရာအတွက်ဆိုရင် လာဇီယိုကစားသမား ကိုင်တာဘလက်ဒီက အကောင်းဆုံးလို့ ပြောရမှာပါ။ သူဟာ လွန်ခဲ့တဲ့ရာသီအတွင်း စီးရီးအေမှာ အကောင်းဆုံးခြေစွမ်းပြကစားထားနိုင်ခဲ့သူဖြစ်ပါတယ်။ သူဟာအသက် (၂၂နှစ်)သာရှိနေသေးပေမယ့် ပြီးခဲ့တဲ့ရာသီက လာဇီယိုအသင်းအတွက် ၁၆ ဂိုး သွင်းယူပေးပြီး ဂိုးရရှိအောင် သုံးကြိမ်ပံ့ပိုးပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအချိန်အထိ အသင်းမှာ ဆက်လက်ရှိနေတာကတော့ အံ့သြစရာကောင်းလွန်တဲ့အခြေအနေပါ။ ဂျူဗင်တပ်စ်၊ အင်တာမီလန်အသင်းတို့ကလည်း မန်ယူအသင်းနည်းတူ ကိုင်တီဘလက်ဒီကို ခေါ်ယူဖို့စိတ်ဝင်စားနေပါတယ်။ လက်ရှိအချိန်အထိတော့ မခေါ်ယူနိုင်ကြသေးပါဘူး။ အခုအချိန်မှာသာ မော်ရင်ညိုအနေနဲ့ခေါ်ယူနိုင်ခဲ့မယ်ဆိုရင်တော့ ပြောင်းရွှေ့ကြေးသိပ်မများဘဲ အလားအလာကောင်းတွေပိုင်ဆိုင်ထားတဲ့သူကို ရရှိတယ်လို့ပြောရမှာပါ။ ကိုင်တီဘလက်ဒီအနေနဲ့ လာဇီယိုအသင်းမှာပဲ ဆက်လက်ရှိနေမယ်ဆိုရင်တောင် လာမယ့်ရာသီမှာ ပြောင်းရွှေ့ကြေးက တစ်ဟုန်ထိုးတက်သွားနိုင်တဲ့ကစားသမားတစ်ဦးလို့တောင် ပြောရမှာပါ။

### အဖြေ (၄)

မန်ယူအသင်းအနေနဲ့ တောင်ပံကစားသမားသစ်ကို ဘာကြောင့်ရှာဖွေနေရတာလဲ။ တကယ်တော့ အသင်းရဲ့ လူငယ်ကစားသမားတွေထဲမှာလည်း ရှိနေတယ်လို့ ပြောနိုင်ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က လီဗာပူးအသင်းနဲ့ပွဲမှာ ပထမဦးဆုံးပွဲဦးထွက်ကစားခဲ့တဲ့ မာရှယ်ဟာ မန်ယူအသင်းရဲ့ လက်ရှိတောင်ပံမှာတော့ အကောင်းဆုံးကစားထားနိုင်သူလို့ ပြောရမှာပါ။ ဝက်စ်ဟမ်းအသင်းကိုနိုင်ခဲ့တဲ့ မန်ယူအသင်းရဲ့ ပထမဦးဆုံး ပွဲကိုကြည့်မယ်ဆိုရင်လည်း အဲ့ဒီပွဲမှာ မာရှယ်ရဲ့ခြေစွမ်းက မြင်သာထင်သာရှိခဲ့တယ်။ ပြီးခဲ့တဲ့ရာသီက မာရှယ်ဟာ မော်ရင်ညိုရဲ့လက်အောက်မှာ ခြေစွမ်းပြမကစားနိုင်တာကြောင့် ဝေဖန်ခံနေရပေမယ့် ဒီနှစ်ရာသီမှာတော့ တိုးတက်မှုတွေရှိလာခဲ့ပြီလို့ပြောရမယ်။ မာရှယ်အနေနဲ့ကလည်း လက်ရှိခြေစွမ်းတွေအတိုင်း အသင်းမှာ ဆက်လက်ကစားနိုင်ဦးမယ်ဆိုရင်တော့ သူ့ရဲ့နေရာကို အခြားကစားသမားတစ်ဦးကို ဖယ်ပေးစရာမလိုဘူးလို့ ပြောရမှာပါ။ ။

**ဝက်စ်ဟမ်းအသင်းကိုနိုင်ခဲ့တဲ့ မန်ယူအသင်းရဲ့ပထမဦးဆုံး ပွဲကိုကြည့်မယ်ဆိုရင်လည်း အဲ့ဒီပွဲမှာ မာရှယ်ရဲ့ခြေစွမ်းက မြင်သာထင်သာရှိခဲ့တယ်။ ပြီးခဲ့တဲ့ရာသီက မာရှယ်ဟာ မော်ရင်ညိုရဲ့လက်အောက်မှာ ခြေစွမ်းပြမကစားနိုင်တာ ကြောင့် ဝေဖန်ခံနေရပေမယ့် ဒီနှစ်ရာသီမှာတော့တိုးတက် မှုတွေရှိလာခဲ့ပြီလို့ ပြောရမယ်။**




# UEFA Men's Player ဆု ဆန်ခါတင် သုံးဦးစာရင်း ထုတ်ပြန်ကြေညာ

ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) သည် ၂၀၁၆-၂၀၁၇ ခုနှစ် ဘောလုံးရာသီ၏ UEFA Men's Player ဆုအတွက် နောက်ဆုံးဆန်ခါတင်ကစားသမား သုံးဦးစာရင်းကို ပြီးခဲ့သည့် ဩဂုတ် ၁၆ ရက်က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

အဆိုပါ ကစားသမား သုံးဦးစာရင်းတွင် ဂျူဗင်တပ်စ်နှင့် အီတလီဂိုးသမား ဘူဖွန်၊ ဘာစီလိုနာနှင့် အာဂျင်တီးနား တိုက်စစ် ကစားသမား လီယွန်နယ်မက်ဆီ၊ ရီးရဲမက်ဒရစ်နှင့် ပေါ်တူဂီ တိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒိုတို့ ပါဝင်လာခဲ့သည်။

**UEFA Men's Award ဆု ရရှိခဲ့သူများ**

| ရာသီ | ဆုရရှိသူ |
|---|---|
| ၂၀၁၀-၁၁ | မက်ဆီ |
| ၂၀၁၁-၁၂ | အင်နီယေစတာ |
| ၂၀၁၂-၁၃ | ရီဘာရီ |
| ၂၀၁၃-၁၄ | စီရော်နယ်ဒို |
| ၂၀၁၄-၁၅ | မက်ဆီ |
| ၂၀၁၅-၁၆ | စီရော်နယ်ဒို |

နောက်ဆုံး ဆန်ခါတင်ကစားသမား သုံးဦးအား ၂၀၁၆-၂၀၁၇ ခုနှစ် ဘောလုံးရာသီ၏ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ပြိုင်ပွဲများ၌ အုပ်စုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော အသင်းပေါင်း ၈၀ မှ နည်းပြများ၊ ဥရောပအားကစားမီဒီယာအဖွဲ့ (European Sports Media) မှ ဂျာနယ်လစ် ၅၅ ဦးတို့က မဲပေးရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ မဲပေးရာတွင် နည်းပြများအနေဖြင့် မိမိအသင်းမှ ကစားသမားကို မဲပေးခြင်းမပြုရန် ပိတ်ပင်တားမြစ်ထားသည်။ အဆိုပါဆု ပေးအပ်ရန်အတွက် ပြီးခဲ့သည့်ဘောလုံးရာသီအတွင်း ဥရောပ ပြိုင်ပွဲများ၊ ပြည်တွင်းပြိုင်ပွဲများနှင့် နိုင်ငံတကာ ပြိုင်ပွဲများတွင် အကောင်းဆုံးစွမ်းဆောင်နိုင်သည့် ကစားသမားများအနက်မှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရော်နယ်ဒိုသည် ၂၀၁၆-၂၀၁၇ ခုနှစ် ဘောလုံးရာသီတွင် ရီးရဲအသင်းနှင့်အတူ ချန်ပီယံလိဂ်၊ စပိန်လာလီဂါချန်ပီယံဆုဖလားတို့အပြင် ဥရောပစူပါဖလား၊ ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံများဖလားတို့ကိုလည်း ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။ မက်ဆီသည် ပြီးခဲ့သည့် ရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ စပိန်ဘုရင့် ဖလားချန်ပီယံဆုကိုသာ ရယူနိုင်ခဲ့သည်။ ဝါရင့်ဂိုးသမားတစ်ဦးဖြစ်သူ ဘူဖွန်သည် ၂၀၁၆-၂၀၁၇ ခုနှစ် ဘောလုံးရာသီတွင် စီးရီးအေနှင့် ကိုပါအီတာလီယာဖလားတို့ကို ရရှိခဲ့သူဖြစ်သည်။

UEFA Men's Player ဆုအား ၂၀၁၀-၂၀၁၁ ခုနှစ်ရာသီမှ စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ယခင်က အဆိုပါဆုကို Best Player in Europe Award ဆုဟု ခေါ်တွင်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ခုနှစ် UEFA Men's Player ဆု ရရှိသူ အား ဩဂုတ် ၂၄ ရက်တွင် ကျင်းပမည့် ၂၀၁၇-၂၀၁၈ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ရေးဆွဲပွဲအခမ်းအနားတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

# မန်ယူအသင်း၏ ရန်ပုံငွေပွဲတွင် ပါဝင်နိုင်ရန် အူစိန်ဘော့ မျှော်လင့်ထား

အပြေးပြိုင်ပွဲများမှ အနားယူခဲ့ပြီဖြစ်သည့် အူစိန်ဘော့သည် မန်ယူနှင့် ဘာစီလိုနာအသင်း ဂန္ထဝင်ကစားသမားများ ယှဉ်ပြိုင်ကစားမည့် ရန်ပုံငွေပွဲတွင် မန်ယူအသင်းကစားသမား တစ်ဦးအဖြစ် ပါဝင်ကစားနိုင်ရန် မျှော်လင့်လျက်ရှိသည်ဟု ဆိုသည်။ သို့သော်လည်း အူစိန်ဘော့သည် ပြီးခဲ့သည့် ဩဂုတ် ၄ ရက် မှ ၁၃ ရက်အထိ လန်ဒန်တွင် ကျင်းပခဲ့သော ၂၀၁၇ ခုနှစ် World Champions ပြိုင်ပွဲတွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ရန်ပုံငွေပွဲ၌ ပါဝင်နိုင်ရန်အတွက် ဒဏ်ရာ သက်သာပျောက်ကင်းရန် လိုအပ်နေသည်ဟု ဆိုသည်။

မန်ယူနှင့် ဘာစီလိုနာကစားသမားဟောင်းများ၏ ရန်ပုံငွေပွဲကို စက်တင်ဘာ ၂ ရက်တွင် အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မန်ယူအသင်းတွင် ရိုင်ယန်ဂစ်၊ ပေါလ်စခိုးလ်တို့ကဲ့သို့ နာမည်ကျော်ကစားသမားဟောင်းများ ပါဝင်မည်ဖြစ်ပြီး မန်ချက်စတာယူနိုက်တက် ဖောင်ဒေးရှင်းအတွက် ရန်ပုံငွေရှာဖွေပွဲဖြစ်သည်။

အူစိန်ဘော့ (၃၀နှစ်)သည် အိုလံပစ် ရွှေတံဆိပ်ဆု ရှစ်ခုအပါအဝင် ဆုတံဆိပ်များစွာ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး ၂၀၁၇ ခုနှစ် World Champions ပြိုင်ပွဲအပြီးတွင် အပြေးသမားဘဝမှ အနားယူခဲ့သူဖြစ်သည်။

"မန်ယူအသင်းဂျာစီကို ဝတ်ဆင်ကစားဖို့က အူစိန်ဘော့ နှစ်ပေါင်းများစွာ မျှော်လင့်နေတဲ့အရာပါ။ ဒါကြောင့်လည်း အူစိန်ဘော့က ဒဏ်ရာပြဿနာကို ကျော်လွှားနိုင်ဖို့ ကြိုးစားနေပါတယ် " ဟု အူစိန်ဘော့နှင့် နီးစပ်သူတစ်ဦးက ပြောဆိုခဲ့သည်။

အူစိန်ဘော့က နှုတ်ဆက်စကား ပြောဆိုပြီးနောက် "ကျွန်တော်က ဘောလုံးကစားချင်တယ်ဆိုတာကို အမြဲပြောခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ ဘောလုံးအားကစားမှာ ကောင်းမွန်စွာ လုပ်ဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်တာကြောင့်ပါ။ လက်ရှိအချိန်မှာ ဒဏ်ရာရရှိနေပေမယ့် ကျွန်တော်ပူပန်မှုမရှိပါဘူး" ဟု ပြောခဲ့သည်။

အူစိန်ဘော့သည် မန်ယူအသင်းပရိသတ်တစ်ဦးဖြစ်ပြီး မန်ယူကစားသမားများနှင့်လည်း ရင်းနှီးကျွမ်းဝင်သူတစ်ဦးဖြစ်သည်။

## ပရီမီယာလိဂ်ပွဲစဉ်(၂)

| စနေနေ့ (၁၉-၈-၁၇) | | | |
|---|---|---|---|
| ည ၆း၀၀ | ဆွမ်ဆီး | - | မန်ယူ |
| ည ၈း၃၀ | ဘုန်းမောက် | - | ဝက်ဖို့ဒ် |
| ည ၈း၃၀ | ဘန်လေ | - | ဝက်စ်ဘရွန်း |
| ည ၈း၃၀ | လက်စတာ | - | ဘရိုက်တန် |
| ည ၈း၃၀ | လီဗာပူး | - | ပဲလေ့စ် |
| ည ၈း၃၀ | ဆောက်သမ်တန် | - | ဝက်စ်ဟမ်း |
| ည ၁၁း၀၀ | စတုတ် | - | အာဆင်နယ် |

| တနင်္ဂနွေနေ့ (၂၀-၈-၁၇) | | | |
|---|---|---|---|
| ည ၇း၀၀ | ဟက်ဒါဖီးလ် | - | ကာဆယ် |
| ည ၉း၃၀ | စပါး | - | ချယ်လ်ဆီး |

| တနင်္လာနေ့ (၂၁-၈-၁၇) | | | |
|---|---|---|---|
| နံနက် ၁း၃၀ | မန်စီးတီး | - | အဲဗာတန် |

## စီးရီးအေပွဲစဉ်(၁)

| စနေနေ့ (၁၉-၈-၁၇) | | | |
|---|---|---|---|
| ည ၁၀း၃၀ | ဂျူဗင်တပ်စ် | - | ကယ်ဂလီယာရီ |
| နံနက် ၁း၁၅ | ဗီရိုနာ | - | နာပိုလီ |

| တနင်္ဂနွေနေ့ (၂၀-၈-၁၇) | | | |
|---|---|---|---|
| ည ၁၀း၃၀ | အတ္တလန်တာ | - | ရိုးမား |
| နံနက် ၁း၁၅ | ဘိုလော့ဂ်နာ | - | တိုရီနို |
| နံနက် ၁း၁၅ | ခရိုတိုနီ | - | မီလန် |
| နံနက် ၁း၁၅ | အင်တာ | - | ဖီအိုရင်တီးနား |
| နံနက် ၁း၁၅ | လာဇီယို | - | SPAL |
| နံနက် ၁း၁၅ | ဆမ့်ဒိုးရီးယား | - | ဘီနီဗန်တို |
| နံနက် ၁း၁၅ | ဆာစူအိုလို | - | ဂျီနိုအာ |
| နံနက် ၁း၁၅ | အူဒီးနိစ် | - | ချီယေဗို |

## စပိန်လာလီဂါပွဲစဉ်(၁)

| သောကြာနေ့ (၁၈-၈-၁၇) | | | |
|---|---|---|---|
| နံနက် ၀၀း၄၅ | လီဂါနက်စ် | - | အလာဗက်စ် |
| နံနက် ၂း၄၅ | ဗလင်စီယာ | - | လက်စ်ပဲလ်မက်စ် |

| စနေနေ့ (၁၉-၈-၁၇) | | | |
|---|---|---|---|
| ည ၁၀း၄၅ | ဆဲလ်တာဗီဂို | - | ဆိုစီဒက်စ် |
| နံနက် ၀၀း၄၅ | ဂျီရိုနာ | - | အက်သလက် |
| နံနက် ၂း၄၅ | ဆီဗီလာ | - | အက်စ်ပန်ညို |

| တနင်္ဂနွေနေ့ (၂၀-၈-၁၇) | | | |
|---|---|---|---|
| ည ၁၀း၄၅ | ဘီဘာအို | - | ဂီတာဖေး |
| နံနက် ၀၀း၄၅ | ဘာစီလိုနာ | - | ဘက်တစ် |
| နံနက် ၂း၄၅ | ဒီပို့တီဗို | - | ရီးရဲ |

| တနင်္လာနေ့ (၂၁-၈-၁၇) | | | |
|---|---|---|---|
| နံနက် ၀၀း၄၅ | လီဗန်တေး | - | ဗီလာရီးရဲ |
| နံနက် ၂း၃၀ | မာလာဂါ | - | အီဘာ |

## ပြင်သစ်ပထမတန်းပွဲစဉ်(၃)

| သောကြာနေ့ (၁၈-၈-၁၇) | | | |
|---|---|---|---|
| နံနက် ၁း၁၅ | မက်ဇ် | - | မိုနာကို |

| စနေနေ့ (၁၉-၈-၁၇) | | | |
|---|---|---|---|
| ည ၉း၃၀ | လိုင်ယွန် | - | ဘော်ဒိုး |
| နံနက် ၀၀း၃၀ | မောင့်ပယ်လီယာ | - | စထရက်ဘော့ချ် |
| နံနက် ၀၀း၃၀ | နိုက်စ် | - | ဂူအင်ဂမ့် |
| နံနက် ၀၀း၃၀ | ရိန်း | - | ဒီဂျွန် |
| နံနက် ၀၀း၃၀ | စိန့်အေတီယန် | - | အာမီယန် |
| နံနက် ၀၀း၃၀ | ထရွိုင်းယတ်စ် | - | နန့်စ် |

| တနင်္ဂနွေနေ့ (၂၀-၈-၁၇) | | | |
|---|---|---|---|
| ည ၇း၃၀ | လိုင်လီ | - | ကိန်း |
| ည ၉း၃၀ | မာဆေး | - | အန်ဂျာ |
| နံနက် ၁း၃၀ | ပီအက်စ်ဂျီ | - | တူးလောက်စ် |

## ချန်ပီယံလိဂ် Play-Off အဆင့်

| အင်္ဂါနေ့ (၂၂-၈-၁၇) | | | |
|---|---|---|---|
| ည ၁၀း၃၀ | အက်စတာနာ | - | ဆဲလ်တစ် |
| နံနက် ၁း၁၅ | ရီဂျီကာ | - | အိုလံပီယာကော့စ် |
| နံနက် ၁း၁၅ | မာရီဘော | - | ဟာပိုးလ် |
| နံနက် ၁း၁၅ | ဆီဗီလာ | - | အစ္စတန်ဘူလ် |
| နံနက် ၁း၁၅ | နိုက်စ် | - | နာပိုလီ |

| ဗုဒ္ဓဟူးနေ့ (၂၃-၈-၁၇) | | | |
|---|---|---|---|
| နံနက် ၁း၁၅ | ကိုပင်ဟေဂင် | - | ကာရာဘတ် |
| နံနက် ၁း၁၅ | ဆလားဗီးယားပရပ် | - | အေပိုးလ် |
| နံနက် ၁း၁၅ | စီအက်စ်ကေအေ | - | ယန်းဘွိုင်းစ် |
| နံနက် ၁း၁၅ | လီဗာပူး | - | ဟော့ဖန်ဟိန်း |

# နှစ်ပွဲဆက်အနိုင်ပျောက်ဆုံးမှုမရှိအောင် ရုန်းကန်ရမယ့်ချယ်လ်ဆီး

● ဝေမိုးဆက်




ပရီမီယာလိဂ်ပွဲစဉ် (၁)မှာတော့ မန်စီးတီး၊ မန်ယူတို့ခြေစွမ်းပြသကာ နိုင်ပွဲတွေရယူနိုင်ခဲ့ပေမယ့် အာဆင်နယ်ကတော့ လက်စတာကိုခက်ခက်ခဲခဲကစားခဲ့ရကာ လီဗာပူးကလည်း ဝက်ဖို့ဒ်ကိုသရေသာ ကစားနိုင်ခဲ့ပါတယ်။ အထူးသဖြင့် လက်ရှိချန်ပီယံချယ်လ်ဆီးက ဘန်လေကိုရှုံးနိမ့်ခဲ့ရလို့ နစ်နာခဲ့ရပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအနေနဲ့ ဒီပွဲစဉ် (၂)မှာ နိုင်ပွဲရဖို့အားစိုက်လာမှာဖြစ်ပေမယ့် စပါးနဲ့ရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရပါလိမ့်မယ်။

### စပါး vs ချယ်လ်ဆီး

ယမန်နှစ် | စပါး ၂ ၀ ချယ်လ်ဆီး

ဘန်လေကိုအရေးနိမ့်ခဲ့ရတာကြောင့် ချယ်လ်ဆီးတို့ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာ ဖြစ်ပါတယ်။ အဆိုပါပွဲမှာ ချယ်လ်ဆီးတို့နှစ်ဦးလျော့နဲ့ ချေပဂိုးပြန်သွင်းနိုင်ခဲ့တဲ့ခြေကလည်း ကောင်းမွန်မှုရှိခဲ့ပါတယ်။ ဒါပေမယ့် စပါးကလည်း အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်ပြီး အပြောင်းအလဲနည်းပါးတာကြောင့် အသင်းလိုက် ခြေစွမ်းကလည်း ကောင်းမွန်မှုရှိပါတယ်။ သရေကျသွားနိုင်တဲ့ပွဲပါ။

### ဆွမ်ဆီး vs မန်ယူ

ယမန်နှစ် | ဆွမ်ဆီး ၁ ၃ မန်ယူ

အဖွင့်ပွဲစဉ်မှာ ဝက်စ်ဟမ်းကို အနိုင်ကစားနိုင်ခဲ့တဲ့မန်ယူရဲ့ခြေစွမ်းပိုင်းကောင်းမွန်မှု အပြည့်ရှိပါတယ်။ ပေါ့ဂ်ဘာ၊ မာတစ်တို့ရဲ့ကွင်းလယ်နဲ့လူကာကူ ဦးဆောင်တဲ့ တိုက်စစ်ပိုင်းကစားပုံကောင်းမွန်မှုရှိခဲ့တာကိုတွေ့ရပြီး ဒီပွဲစဉ်မှာလည်းခြေစွမ်းပိုင်းသာမန်သာရှိတဲ့ ဆွမ်ဆီးကို မန်ယူတို့ကွင်းလယ် ကစားကွက်အသာနဲ့ကစားနိုင်ဖို့ရှိနေပါတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း အသင်းလိုက်ခြေစွမ်းပိုင်းကအစကောင်းမွန်မှု ရှိနေတဲ့ မန်ယူကသာပွဲကို ထိန်းချုပ်ပြီး အနိုင်ရယူသွားနိုင်ဖို့ရှိနေပါတယ်။

### ဘန်လေ vs ဝက်စ်ဘရွန်း

ယမန်နှစ် | ဘန်လေ ၂ ၂ ဝက်စ်ဘရွန်း

ချယ်လ်ဆီးကို အနိုင်ရခဲ့တဲ့ဘန်လေခြေက ကောင်းမွန်ရှိပါတယ်။ အသင်းလိုက်ကစားပုံ တည်ငြိမ်မှုရှိကာ တန်ပြန်တိုက်စစ်ပိုင်းလည်း ကောင်းမွန်ပါတယ်။ ဘုန်းမောက်ကိုအနိုင်ရခဲ့တဲ့ ဝက်စ်ဘရွန်းခြေကလည်း ကောင်းမွန်မှုရှိခဲ့ပေမယ့်လည်း ဘန်လေကမနှစ်ကတည်းက အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုမိုကောင်းမွန်တတ်တဲ့ အစဉ်အလာရှိခဲ့ပါတယ်။ ဘန်လေအနေနဲ့ ဒီပွဲစဉ်မှာလည်း နိုင်ပွဲရယူနိုင်ဖို့ အိမ်ကွင်းအားနဲ့ဖိအား ပေးကစားလာမှာဖြစ်သလို နိုင်ပွဲလည်းကပ်ရသွားဖို့ ရှိနေပါတယ်။

### လက်စတာ vs ဘရိုက်တန်

ယမန်နှစ် | - - - -

အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ရပေမယ့် လက်စတာအနေနဲ့ ခြေစွမ်းပိုင်းက အားနည်းမှုမရှိခဲ့ပါဘူး။ အာဆင်နယ်ကိုအကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သလို အသင်းလိုက်ကစားအားကလည်း ပိုမိုပြီးကောင်းမွန်မှုရှိလာပါတယ်။ အဆိုပါပွဲ ရှုံးနိမ့်ခဲ့ရတာကြောင့်လည်း လက်စတာတို့အခုပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ တန်းတက်ဘရိုက်တန်ကတော့ ခြေစွမ်းပိုင်းသာမန်သာရှိခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ လက်စတာတို့ နိုင်ပွဲစရသွားမှာပါ။

### မန်စီးတီး vs အဲဗာတန်

ယမန်နှစ် | မန်စီးတီး ၁ ၁ အဲဗာတန်

အဲဗာတန်ဟာ စတုတ်ကို အနိုင်ရခဲ့တဲ့ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပြီး တိုက်စစ်မှူးရွှန်းနေအပါအဝင် ကစားသမားသစ်တွေအားလုံး ခြေစွမ်းကောင်းမွန်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အဲဗာတန်အတွက် ဒီပွဲဟာ ယူရိုပါလိဂ်ခြေစစ်ပွဲ နှစ်ပွဲကြားရောက်ရှိနေပါတယ်။ မန်စီးတီးကလည်း ကစားပုံကောင်းမွန်နေကာ အိမ်ကွင်းမှာ နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်လာမှာဖြစ်တာကြောင့် ဒီပွဲမှာတော့ မန်စီးတီးပဲ အနိုင်ရမယ်။

### ဘုန်းမောက် vs ဝက်ဖို့ဒ်

ယမန်နှစ် | ဘုန်းမောက် ၂ ၂ ဝက်ဖို့ဒ်

အဖွင့်ပွဲစဉ်မှာ လီဗာပူးကို သရေကစားနိုင်ခဲ့တဲ့ဝက်ဖို့ဒ်ရဲ့ခြေစွမ်းကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ တိုက်စစ်ပိုင်းကစားပုံကောင်းမွန်မှုရှိသလိုအသင်းလိုက်ကစားအားလည်း တည်ငြိမ်မှုရှိပါတယ်။ ဘုန်းမောက်ကလည်းအဖွင့်ပွဲစဉ်မှာ ရှုံးနိမ့်ခဲ့ရတာကြောင့် ဒီပွဲစဉ်မှာတော့ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေသလို အိမ်ကွင်းအားလည်း ရှိနေကာ အိမ်ကွင်းပွဲတွေမှာ ပိုမိုကောင်းမွန်တတ်တာကြောင့် ဒီပွဲမှာတော့ ဝက်ဖို့ဒ်တို့အမြင့်ဆုံး သရေလောက်ပဲရမယ်။

### ဆောက်သမ်တန် v ဝက်စ်ဟမ်း

ယမန်နှစ် | ဆောက်သမ်တန် ၁ ၃ ဝက်စ်ဟမ်း

မနှစ်ကဆုံတွေ့မှုမှာ ဆောက်သမ်တန်တို့ အရေးနိမ့်ခဲ့ရပါတယ်။ ဒါပေမယ့်မန်ယူကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတဲ့ဝက်စ်ဟမ်းဟာ အပြောင်းအလဲများမှုတွေကြောင့် အသင်းလိုက်ခြေစွမ်းပိုင်းပါ အားနည်းနေပါတယ်။ ဆောက်သမ်တန်က ခြေစွမ်းပိုင်းသာမန်သာရှိပေမယ့် အိမ်ကွင်းအားသာချက်ရှိနေသလို နိုင်ပွဲစတင်ရယူနိုင်ဖို့အတွက်လည်းအားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါကြောင့် ဆောက်သမ်တန်ပဲအနိုင်ရမယ်။

### ဟက်ဒါဖီးလ် vs ကာဆယ်

ယမန်နှစ် | ဟက်ဒါဖီးလ် ၁ ၃ ကာဆယ်

မနှစ်ကရာသီမှာ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ကာဆယ်က ဂိုးပြတ်အနိုင်ရခဲ့ဖူးပါတယ်။ ဒီနှစ်မှာလည်း ကာဆယ်အနေနဲ့ စပါးနဲ့ပွဲစဉ်မှာ အရေးနိမ့်ခဲ့ရတယ်ဆိုပေမယ့်လည်း ခြေစွမ်းပိုင်းအရ ကောင်းမွန်ခဲ့ပါတယ်။ ဒါပေမယ့် ဟက်ဒါဖီးလ်ကလည်း ပဲလေ့စ်ကို အဝေးကွင်းမှာတောင် ဂိုးပြတ်အနိုင်ယူနိုင်ခဲ့ပြီးခြေစွမ်းအရ ကောင်းမွန်ခဲ့တာကိုတွေ့ရပါတယ်။ အကြိတ်အနယ်ရှိနိုင်ပြီးသရေကျနိုင်တယ်။

### လီဗာပူး vs ပဲလေ့စ်

ယမန်နှစ် | လီဗာပူး ၁ ၂ ပဲလေ့စ်

လီဗာပူးဟာအဖွင့်ပွဲစဉ်မှာနိုင်ပွဲမရခဲ့တာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ လီဗာပူးအတွက်ဒီပွဲစဉ်ဟာချန်ပီယံလိဂ် ခြေစစ်ပွဲနှစ်ပွဲကြားရောက်နေပေမယ့်လည်း ပဲလေ့စ်ကခြေစွမ်းပိုင်း အားနည်းနေကာ ဟက်ဒါဖီးလ်ကိုတောင် အိမ်ကွင်းမှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရပါတယ်။ နိုင်ပွဲစတင်ရယူနိုင်ဖို့ အားစိုက်လာမယ့်လီဗာပူးကသာ ဒီပွဲမှာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### စတုတ် vs အာဆင်နယ်

ယမန်နှစ် | စတုတ် ၁ ၄ အာဆင်နယ်

အာဆင်နယ်အနေနဲ့ အဖွင့်ပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းအရအားနည်းမှုတွေ ရှိနေဆဲဖြစ်ပြီး လက်စတာကို ခက်ခက်ခဲခဲအနိုင်ယူခဲ့ရတာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း အာဆင်နယ်အနေနဲ့ဥရောပပွဲမရှိတာကြောင့် ဒီပွဲမှာအားစိုက်ကစားလာမှာဖြစ်ပါတယ်။ စတုတ်ကတော့ အိမ်ကွင်းခြေစွမ်းမာကျောပေမယ့် တိုက်စစ်အားနည်းမှုတွေရှိနေတယ်။ အာဆင်နယ်ကပ်နိုင်မယ်။

# ပုဂံယဉ်ကျေးမှုနယ်မြေဒေသနှင့် ကမ္ဘောဒီးယား လေကြောင်းလိုင်းတိုက်ရိုက်ပျံသန်းနိုင်ရေး ညှိနှိုင်းနေ

**ညောင်ဦး ဩဂုတ် ၁၇**

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အများအပြားလာရောက်လည်ပတ်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုနယ်မြေဒေသနှင့် ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိဒ်ဒေသတို့ကြား လေကြောင်းလိုင်း တိုက်ရိုက်ပျံသန်းနိုင်ရေးအတွက် နှစ်နိုင်ငံ တာဝန်ရှိသူများ စတင်ညှိနှိုင်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။


ညောင်ဦးလေဆိပ်မှ လေယာဉ်တစ်စင်း

"လေကြောင်းလိုင်း တိုက်ရိုက်ပျံသန်း၊ ဆင်းသက်နိုင်ရေးတို့အတွက် ပုဂံ-ညောင်ဦးလေဆိပ်မှာ ပြင်ဆင်မှုတွေလုပ်ဖို့အများကြီး လိုအပ်နေပါသေးတယ်။ ချက်ချင်းတော့ အကောင်အထည်မဖော်နိုင်သေးပါဘူး။ ပဏာမ ညှိနှိုင်းဆွေးနွေးချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြထားပါတယ်။ သူတို့ကနေမှ တစ်ဆင့် အထက်ကို ဆက်လက်တင်ပြသွားမှာပါ။ လက်ရှိ စင်းလုံးငှားလေယာဉ်ငယ်တွေ ဆင်းသက်နိုင်ဖို့အတွက် ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်။ ဒါကလည်း ချက်ချင်းတော့ ဖြစ်လာမှာမဟုတ်သေးပါဘူး။ လဝကဌာနကလည်း လေဆိပ်တွေမှာလိုအပ်တဲ့ စက်ပစ္စည်းတွေ၊ ဆာဗာတွေ တပ်ဆင်နေပါတယ်။ ပြီးတော့ လေဆိပ်မှာလည်း ပြည်တွင်းလေကြောင်းလိုင်းတွေနဲ့ Arrival ကို ခွဲထုတ်မှုရမှာဖြစ်တဲ့အတွက် လေဆိပ်ကိုတိုးချဲ့ရမယ့်လုပ်ငန်းတွေ ဆောင်ရွက်ဖို့ လိုအပ်နေပါသေးတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလပိုင်းထဲမှာ နှစ်နိုင်ငံ ထပ်မံညှိနှိုင်းဆွေးနွေးပွဲကို ကမ္ဘောဒီးယားနိုင်ငံမှာ ပြုလုပ်သွားဖို့ ရှိပါသေးတယ်"ဟု ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန (ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွဋ်ခိုင်က ပြောပြသည်။

လေကြောင်းလိုင်း တိုက်ရိုက်ပြေးဆွဲခွင့်ရခဲ့ပါက မည်သည့်လေကြောင်းလိုင်း ကုမ္ပဏီများက ပြေးဆွဲမည်ဆိုသည်ကို အတိအကျ မသိရှိရသေးကြောင်း၊ ပုဂံယဉ်ကျေးမှုနယ်မြေဒေသနှင့် ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိဒ်ဒေသတို့ကြား လေကြောင်းလိုင်း တိုက်ရိုက်ပျံသန်းနိုင်ပါက မြန်မာနိုင်ငံ ပုဂံဒေသသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်ဝင်ရောက်မှုသည် ပိုမိုများပြားလာနိုင်ပြီး ခရီးသွားလုပ်ငန်းကို အားထားနေရသည့် ဒေသခံပြည်သူများအတွက်လည်း စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ယခုထက် ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေကြောင်းလိုင်း တိုက်ရိုက်ပျံသန်းနိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ နှစ်နိုင်ငံလုပ်ငန်းကော်မတီ (Working committee)ဖွဲ့၍ ပဏာမ ဆွေးနွေးညှိနှိုင်းပွဲကို ညောင်ဦးမြို့ရှိ Amazing ဟိုတယ်၌ ဇူလိုင်လအတွင်းက ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ရဲသူရအောင် (ညောင်ဦး)**

# (၁၂၉)ကြိမ်မြောက် ကျောက်ကြီးလှေပြိုင်ပွဲတွင် ပုံစံတူဖိုက်ဘာလှေများ အစားထိုးမည်

**ကျောက်ကြီး ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲတွင် ယခင်က ဒေသထွက် သစ်သားထွင်းလောင်းလှေများဖြင့် ကျင်းပခဲ့သော်လည်း ယခုနှစ်မှစ၍ ပုံစံတူ ဖိုက်ဘာလှေများဖြင့် အစားထိုး၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရိုးရာလှေလှော်ပြိုင်ပွဲတွင် ယခင်က အရှည် ၅၄ ပေခန့်ရှိ ဒေသထွက်သစ်သားကို ထွင်းထားသည့် သစ်ထွင်းလောင်းလှေများဖြင့် ယှဉ်ပြိုင်ခဲ့ကြောင်း၊ ယခုအခါ နှစ်ပေါင်းကြာမြင့်လာပြီဖြစ်သောကြောင့် အဆိုပါသစ်သားလှေများမှာ ယိုယွင်းပျက်စီးလာသလို သစ်သားလည်း ရှားပါးလာမှုကြောင့် ခေတ်နှင့်အညီ ပုံစံတူ မိုလောင်း၍ ပြုလုပ်ထားသော ဖိုက်ဘာလောင်းလှေငါးစင်းနှင့် ဂျွန်စင်လှေတစ်စင်းတို့ကို ရန်ကုန်မြို့မှ မှာယူခဲ့ခြင်းဖြစ်ကြောင်း၊ ဩဂုတ် ၁၅ ရက်က ချောင်းအတွင်းသို့ လှေချပွဲကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်မည့်သူများအား ဖိုက်ဘာလှေများဖြင့် လှေ့ကျင့်ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

ကျောက်ကြီးလှေလှော်ပြိုင်ပွဲသည် ဒေသတွင်း အထင်ကရပွဲတော်တစ်ခုဖြစ်ပြီး (၁၂၉)နှစ်တိုင် ကျင်းပလာခဲ့သော ရှင်ဥပဂုတ္တ မီးမျှောပွဲတော်ကြီးနှင့်အတူ ထည့်သွင်းကျင်းပသော ပွဲတော်ဖြစ်သည်။ လှေပြိုင်ပွဲတွင် ကျောက်ကြီးမြို့လယ်မှ ဖြတ်သန်းစီးဆင်းလျက်ရှိသော ကျောက်ကြီးချောင်းအတွင်း၌ မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ဒေသခံပြည်သူများက အသင်းအဖွဲ့များစုစည်း၍ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပွဲတော်ကို တော်သလင်းလဆန်း ၈ ရက်မှ တော်သလင်းလပြည့်ကျော် ၁ ရက်အထိ ကျင်းပသည်။

"ပွဲတော်ကို နှစ်ပေါင်းများစွာ ဘိုးဘေးဘီဘင်ခေတ်ကတည်းက ကျင်းပပြုလုပ်ခဲ့တာပါ။ ဒီနှစ်မှာကတော့ ယခင်ပြိုင်ပွဲဝင်လှေတွေက ပေါက်တာတို့ ကွဲတာတို့ ဖြစ်လာတော့ ရန်ကုန်ကနေ ပုံစံတူ ဖိုက်ဘာလှေတွေကို မှာယူပြီး အဲဒီလှေတွေနဲ့ပဲ ပြိုင်ပွဲပြုလုပ်မှာပါ။ ဈေးဆိုင်ခန်းတွေကိုလည်း ဩဂုတ်လ ၂၂ ရက်မှစပြီး ရောင်းချပေးမှာပါ။ လုံခြုံရေး၊ ကျန်းမာရေး၊ ပွဲတော်လာသူများ အဆင်ပြေစေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ပြီး အစမ်းလေ့ကျင့်ဇာတ်တိုက်မှုတွေ ဆွေးနွေးမှုတွေလည်း ကျွန်တော်တို့ ကော်မတီအဖွဲ့တွေက စီစဉ်ပြုလုပ်နေပါတယ်"ဟု ပွဲတော်သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ကိုသားကြီးက ပြောကြားသည်။

ကျောက်ကြီးလှေလှော်ပြိုင်ပွဲနှင့် ရှင်ဥပဂုတ္တ မီးမျှောပွဲတော် ရက်များအတွင်း ကျောက်ကြီးဒေသခံ အဝေးရောက်သူများသည် ဇာတိမြေသို့ ပြန်လာကြပြီး ပွဲတော်ကို ဆင်နွှဲလေ့ရှိကြောင်း၊ ထို့အပြင် ပွဲတော်သို့ ရန်ကုန်၊ မန္တလေး၊ တောင်ငူ၊ ပဲခူး၊ ဖြူး စသည့် မြန်မာနိုင်ငံအနှံ့ မြို့များမှ ပြည်သူများမှလည်း လာရောက်ပါဝင်ဆင်နွှဲကြကြောင်း၊ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့ ညများတွင် ချောင်းအတွင်းသို့ မီးကြာခွက်များ မျှောကာ ဆီမီးပူဇော်ကြပြီး ပွဲတော်တွင် တက်ခုတ်ယိမ်းအက၊ မြန်မာ့ရိုးရာ အကအလှများကို ပြိုင်ပွဲအသွင် ကျင်းပသလို ဇာတ်၊ အငြိမ့်များစသည့် ဖျော်ဖြေရေးအစီအစဉ်များ၊ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ခြင်းလုံးပြိုင်ပွဲစသည့် အားကစားပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**


ဖိုက်ဘာလှေသစ်တစ်စင်းကို စတင်ရေချစဉ်

# ချင်းပြည်နယ်အစိုးရ၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာ ဆောင်ရွက်ချက်များ သတင်းစာရှင်းလင်း

**ဟားခါး ဩဂုတ် ၁၇**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၅ ရက်က ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က မိမိတို့ချင်းပြည်နယ်အစိုးရအဖွဲ့သည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့်အစိုးရဖြစ်သည်နှင့်အညီ အစိုးရ၏ဆောင်ရွက်ချက်များကို ပြည်သူများထံ အစီရင်ခံတင်ပြရမည့် တာဝန်ရှိသည့်အတွက် ယခုလို မီဒီယာများဖိတ်ကြားပြီး သတင်းစာရှင်းလင်းပွဲကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးမြှင့်တင်ရေး၊ လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြို့ပြဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူများ အလုပ်လက်မဲ့လျော့နည်းပြီး ဆင်းရဲမှုလျော့ကျလာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးနိုင်ရေး၊ ပြည်တွင်းနှင့်နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်ရေးနှင့် ချင်းပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေးစသည့် ရည်မှန်းချက်များထားရှိကာ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် ပြည်နယ်ဝန်ကြီးများက ပြည်နယ်အစိုးရ၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ကဏ္ဍအလိုက်ရှင်းလင်းပြောကြားကာ သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မိုးများ၍ပျက်စီးခဲ့သည့် တန်ဂျာတံတားချဉ်းကပ်လမ်းကို ယာယီပြုပြင်ပြီးစီး

**မြစ်ကြီးနား ဩဂုတ် ၁၇**

ကချင်ပြည်နယ် ပူတာအိုခရိုင်သို့ ဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်မှုအတွက် အဓိကလမ်းဖြစ်သည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းပေါ်မှ အရှည်ပေ ၂၄၀ ရှိ တံတားအမှတ်(၁/၁၉၁) တန်ဂျာတံတား၏ ဆွမ်ပရာဘွမ်ဘက်ကမ်း တံတားကမ်းကပ်ခုံ မြေသားတာပေါင် ပေ ၅၀ ခန့်မှာ မိုးသည်းထန်၍ ပျက်စီးခဲ့ရာ ယခုအခါ ပြိုကျသည့်နေရာတွင် သံပေါင်ဘေလီတံတား တည်ဆောက်ပြီး၍ ယာဉ်များ ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။



တံတားပျက်စီးခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ကြန့်ကြာမှုမရှိစေရန်အတွက် ပြတ်ကျပျက်စီးသွားသော ကမ်းကပ်ခုံ မြေသားတာပေါင်နေရာတွင် ပေ ၇၀ အရှည် သံပေါင်ဘေလီတံတားတစ်စင်းကို ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်အင်ဂျင်နီယာများနှင့် ဝန်ထမ်းများက နေ့ရောညပါ ကြိုးပမ်းတည်ဆောက်ခဲ့၍ ဩဂုတ် ၁၄ ရက်မှစတင်ကာ ယာဉ်ကြီး၊ ယာဉ်ငယ်များ လွယ်ကူချောမွေ့စွာ ပြန်လည်ဖြတ်သန်းသွားလာနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တန်ဂျာတံတားကို ၂၀၁၅ ခုနှစ်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ်အတွင်း၌ ပူတာအိုခရိုင်သည် မြစ်ကြီးနားမြို့နှင့် ၂၁၈ မိုင်ကွာဝေးပြီး ယခုနှစ် မိုးရာသီတွင် တောင်ပြိုခြင်း၊ လမ်းသားများပဲ့ကျခြင်းများ ဖြစ်ပေါ်လျက်ရှိသော်လည်း လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု ပြတ်တောက်သွားခြင်းမရှိစေရေးအတွက် မြစ်ကြီးနားနှင့် ပူတာအို လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့များက လမ်းနှင့်တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# အရစ်ကျစနစ်ဖြင့် လယ်ထွန်စက်များ ရောင်းချပေး

**ကျောက်မဲ ဩဂုတ် ၁၇**

လယ်ထွန်စက်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ပေးသွင်းပြီး ကျန်ငွေကို အရစ်ကျပေးသည့်စနစ်ဖြင့် ကျောက်မဲမြို့နယ်အတွင်းမှ တောင်သူများအား တောင်သူအကြိုက် လယ်ထွန်စက်များကို ဩဂုတ် ၁၅ ရက်က ကျောက်မဲမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉၆) စက်မှုလယ်ယာစခန်း၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူး၍ တောင်သူလယ်သမားများနှင့် လယ်ယာဝန်ဆောင်မှု လုပ်ကိုင်နေသူများအနေဖြင့် စက်ကိရိယာများ တိုးတက်ပိုင်ဆိုင်ပြီး လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ လျင်မြန်သွက်လက်စွာ ကူးပြောင်းရောက်ရှိစေရန်ရည်ရွယ်ကာ တောင်သူအကြိုက် စက်ကိရိယာများကို ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ဌာနအနေဖြင့် နှစ်နှစ်၊ သုံးရစ်ဆပ်စနစ်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီခြောက်ခုဖြင့် ပေါင်းစပ်ညှိနှိုင်း၍ စက်တန်ဖိုး၏ ကနဦး ၁၀ ရာခိုင်နှုန်း ပေးသွင်းပြီး သုံးနှစ်၊ ခုနစ်ရစ်ဆပ်စနစ်ဖြင့်လည်းကောင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**




# ရုပ်ကြွင်းလောင်စာအလွန် ကမ္ဘာ့အနာဂတ်စွမ်းအင်

မောင်ပါဝါ

***ယမန်နေ့မှအဆက်***

ရုပ်ကြွင်းလောင်စာမှ စွမ်းအင်ထုတ်ယူရာတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$) တစ်မျိုးတည်းထွက်ရှိခြင်းမဟုတ်ပါ။ ကျောက်မီးသွေးအား လောင်ကျွမ်းစေခြင်းကြောင့် အခြားရုပ်ကြွင်းလောင်စာများထက် ပိုမို၍ လေထုညစ်ညမ်းစေသည့်အပြင် အဆိပ်အတောက်ဖြစ်စေသော ဓာတ်ပေါင်းစုများဖြစ်သည့် Sulphur, Arsenic, Nitrogen Oxide, Soot စသည်တို့ ပါဝင်သည်။ ယင်းအပြင် ကျောက်မီးသွေးသည် $CO_2$ ထွက်ရှိရာတွင် ရေနံလောင်စာထက် ၂၅ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ထက် ၅၀ ရာခိုင်နှုန်းပိုမိုသည်။ ကမ္ဘာ့ကျောက်မီးသွေးလောင်စာ ၈ ဘီလီယံတန် (8 Billion Tonnes) ကို မီးရှို့အသုံးပြုလျက်ရှိနေရာ ဆိုးကျိုးဖြစ်ပေါ်မှုများ ကြုံတွေ့ကြရမှုအတွက် သန့်စင်ကျောက်မီးသွေးအသုံးပြုနည်းပညာသစ်များ (Clean Coal Technology) ဖြင့် အစိမ်းရောင်စက်ရုံများ (Greener Coal Plants) တည်ဆောက်လာလျက် သဘာဝပတ်ဝန်းကျင်နှင့် မိတ်ဖက်ဖြစ်စေရန် ထုတ်လုပ်အသုံးပြုလျက်ရှိကြသည်။ ကျောက်မီးသွေး လောင်စာအသုံးပြုမှုစနစ် လွယ်ကူ၊ ဈေးနှုန်းသက်သာနေသမျှ နိုင်ငံအတော်များများတွင် ဆက်လက်သုံးစွဲနေမည်သာဖြစ်သည်။ ကမ္ဘာ့ကျောက်မီးသွေးသုံး အထင်ကရနိုင်ငံကြီးများတွင် ရရှိနိုင်သည့် ကျောက်မီးသွေးသိုက်၊ ထုတ်လုပ်နိုင်မှု၊ သုံးစွဲမှုအခြေအနေများ နှိုင်းယှဉ်ချက်ကို ပုံ(၆) ဖြင့် ဖော်ပြပါသည်။




**ပုံ (၆) ကမ္ဘာ့နိုင်ငံကြီးအချို့၏ ကျောက်မီးသွေးရရှိ၊ ထုတ်လုပ်၊ တင်ပို့ နှိုင်းယှဉ်ချက်**

ရုပ်ကြွင်းလောင်စာသည် ဈေးကွက်ယှဉ်ပြိုင်မှုအရ သက်သာမှီခိုအားထားနိုင်သမျှကာလပတ်လုံး အခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ (Renewable Energies) ဖြစ်ကြသည့် ဘူမိအပူစွမ်းအင် (Geothermal)၊ လေစွမ်းအား (Wind Power) နှင့် နေရောင်ခြည်စွမ်းအင် (Solar Power) တို့ဘက်ဆီသို့ ဦးတည်ရွေ့လျား အသုံးပြုလာစေရေး သုံးစွဲသူပြည်သူများအား အကျပ်ကိုင်တိုက်တွန်းရန် မဖြစ်နိုင်သေးကြောင်း နိုင်ငံတကာပညာရှင်များက သုံးသပ်ကြသည်။ ကမ္ဘာကြီးသည် ရုပ်ကြွင်းလောင်စာများဖြင့် ရှင်သန်နေဆဲဖြစ်သည်။ သို့ရာတွင် ဓာတ်အားပေးစက်ရုံသစ်အားလုံး၏ ထက်ဝက်ခန့်သည် အစိမ်းရောင်ပြောင်းလဲနေပြီဖြစ်ရာ နောက်ဆုံးတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အနာဂတ်ဆီသို့ ရွေ့လျားနိုင်မည်လားဟူသည့် မေးခွန်းပင် ဖြစ်သည်။ ကမ္ဘာ့ရေနံသိုက် နောက်ဆုံးထွက်ရှိ၊ ထုတ်လုပ်၊ တင်ပို့ရောင်းချမှု အခြေအနေများကို လည်းကောင်း၊ တရုတ်နိုင်ငံ၏ တစ်နှစ်လျှင် ကျောက်မီးသွေး မီးရှို့အသုံးပြုမှုတွင် အခြားနိုင်ငံအချို့နှင့် နှိုင်းယှဉ်ဖော်ပြချက်ကို လည်းကောင်း ဖော်ပြထားသည်။ အမေရိကန်နှင့်ရုရှားသည် ကမ္ဘာ့ဓာတ်ငွေ့ ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းနှင့် အမေရိကန်မှ ပိုက်လိုင်းသွယ်တန်းရယူမှုဖြင့် ၂၀၁၄ ခုနှစ်တွင် ၇၂၈ ဘီလီယံကုဗမီတာ ဖြစ်သည်။ ယင်းတစ်နှစ်တည်းတွင်ပင် ဓာတ်ငွေ့သန်း ၃၀ ကုဗမီတာပိုမိုသုံးစွဲသည်။ တရုတ်နိုင်ငံသည် Xinjiang မြို့တော်မှ Shanghai မြို့တော်အထိ ၈၇၀၆ ကီလိုမီတာရှိ ကမ္ဘာ့အရှည်လျားဆုံး ဓာတ်ငွေ့ပိုက်လိုင်းဖြင့် ဆက်သွယ်ထားသည်။ ဂျာမနီနိုင်ငံသည် ဓာတ်ငွေ့သိုက်အနည်းဆုံးဖြစ်၍ ၅ ဒသမ ၆ နှစ်ခန့်သာ သုံးစွဲရန် ကျန်ရှိတော့သည်။

**(ခ) အကြီးမားဆုံး အရင်းအမြစ် အစိမ်းရောင်လေစွမ်းအင်**

**(Planet's Largest Source of Green Energy)**

ယနေ့ ကျွန်ုပ်တို့ကမ္ဘာ၏ အကြီးမားဆုံးအစိမ်းရောင်စွမ်းအင် အရင်းအမြစ်ဆိုပါလျှင် လေစွမ်းအင် (Wind Power) ကို ဖြေကြားရပေလိမ့်မည်။ လက်ရှိတွင် ကမ္ဘာ့စွမ်းအင်ကဏ္ဍ၏ ၈၀ ရာခိုင်နှုန်း သို့မဟုတ် ၁၃၀၀၀၀ ဘီလီယံ ကီလိုဝပ်နာရီနှင့် ညီမျှပြီး ၃ မဂ္ဂါဝပ်ရှိ လေအား တာဘိုင်စက်များဖြင့် အစားထိုးပါက လေအားတာဘိုင် ၁၅ သန်းလိုအပ်မည်ဖြစ်၍ လက်တွေ့ကျမည် မဟုတ်ပါ။ ယင်းအပြင် လေအားတာဘိုင်တစ်စုံအား မြေပြင်ပေါ်တွင် တပ်ဆင်တည်ဆောက်ပါက မြေနေရာ ၁၀ စတုရန်းကီလိုမီတာ (၃ ဒသမ ၈၆ စတုရန်းမိုင်) လိုအပ်၍ ယင်းသည် ဒိန်းမတ်နိုင်ငံတွင် ဓာတ်အားစနစ်အတွင်း လေအားတာဘိုင် ၄၆၀၀ အား ဖြန့်ကြက် ချိတ်ဆက်ထားသော မြေဧရိယာ ၄၃၀၀၀ စတုရန်းကီလိုမီတာ (၁၆၆၀၂ စတုရန်းမိုင်) လိုအပ်မည် ဖြစ်သည်။

ကမ္ဘာ့ပထမဦးဆုံး လေအားလျှပ်စစ်ကို ၁၈၉၁ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ Denish Roads တစ်လျှောက်တပ်ဆင်ခဲ့သည်။ နောက်ပိုင်းတွင်အခြေအနေပေးသော နိုင်ငံအသီးသီးက လေအားလျှပ်စစ်တာဘိုင်များကို တည်ဆောက်တပ်ဆင်အသုံးပြုလာခဲ့ကြသည်။ နှစ်အလိုက် / ပုံစံ အဆင့်ဆင့်ပြောင်းလဲတပ်ဆင် အသုံးပြုလာခဲ့မှုများကိုလည်း ဇယား(ခ) ဖြင့် ဖော်ပြထားသည်။

**ဇယား(ခ)**

| စဉ် | ခုနှစ် | ဒလက်အလျား (မီတာ) | တာဝါတိုင် အမြင့်(မီတာ) | ထွက်ရှိလျှပ်စစ် ကီလိုဝပ် / မဂ္ဂါဝပ် |
|---|---|---|---|---|
| ၁။ | ၁၈၉၁ | ၉.၅ | ၁၀ | ၃.၇ ကီလိုဝပ် |
| ၂။ | ၁၉၈၅ | ၅ | ၁၂ | ၂၂ ကီလိုဝပ် |
| ၃။ | ၁၉၉၀ | ၁၅.၅ | ၃၀ | ၃၀၀ ကီလိုဝပ် |
| ၄။ | ၁၉၉၅ | ၂၂ | ၄၀ | ၆၀၀ ကီလိုဝပ် |
| ၅။ | ၂၀၀၀ | ၄၀ | ၈၀ | ၂ မဂ္ဂါဝပ် |
| ၆။ | ၂၀၁၀ | ၆၀ | ၁၀၀ | ၆ မဂ္ဂါဝပ် |
| ၇။ | ၂၀၁၄ | ၈၀ | ၁၃၃ | ၈ မဂ္ဂါဝပ် |
| ၈။ | ၂၀၃၀ | ၁၀၀ | ၁၇၀+ အထက် | ၁၀ မဂ္ဂါဝပ် |
| ၉။ | ၂၀၅၀ | ၁၅၀ | ၁၇၀+အထက် | ၅၀ မဂ္ဂါဝပ် |

မှတ်ချက်။ စဉ် (၇) Vestas V 164 ဆိုင်ရာ အချက်အလက်များ

(က) တာဝါတိုင်အမြင့် - ၁၃၃ မီတာ

(ခ) Nacelle - ၃၉၀ မက်ထရစ်တန်

(ဂ) ဂျင်နရေတာ - ၁၃၀၀ မက်ထရစ်တန်

(ဃ) အောက်ခံအုတ်မြစ် - ၄၀၀၀ မက်ထရစ်တန်

(င) စုစုပေါင်းအမြင့် - ၂၂၀ မီတာ

(စ) ဒလက်အလျား(Blade Length) - ၈၀ မီတာ

စမ်းသပ်ကာလတွင် စက်တစ်လုံးမှ ၂၄ နာရီကြာ ၁၉၂ မဂ္ဂါဝပ်နာရီ (192MWh) ကို လျှပ်စစ်ထုတ်ယူရရှိနိုင်ပြီး နေအိမ်ပေါင်း ၃၀ အတွက် အိမ်သုံးအပူ (Heat)၊ လျှပ်စစ် (Light) နှင့် စွမ်းအင် (Power) တို့ကို တစ်နှစ်ပတ်လုံး ဖြန့်ဖြူးပေးနိုင်သည်။

ယနေ့ ကမ္ဘာ့အကြီးမားဆုံး လေစွမ်းအင်တာဘိုင်စက်တစ်လုံး တပ်ဆင်အင်အားမှာ ရှစ်မဂ္ဂါဝပ်ရှိ၍ ထုတ်လုပ်ကုမ္ပဏီကြီးများသည် တာဘိုင်စက်တစ်လုံးတပ်ဆင်အင်အား ၁၀ မဂ္ဂါဝပ်အထိ တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ ၂၀၃၅ ခုနှစ်ကုန်တွင် လေစွမ်းအင်တာဘိုင်စက်တစ်လုံး ၁၀ မဂ္ဂါဝပ်ဖြင့် လေစွမ်းအင်ကဏ္ဍမှ ကမ္ဘာ့စွမ်းအင် ထုတ်လုပ်မှု၏ ၁၅ ရာခိုင်နှုန်း ဖြည့်ဆည်းရရှိနိုင်မည်ဖြစ်သည်။ ဒီဇိုင်းပုံစံသစ်များဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်ဖက်စေရန် ရည်ရွယ်လုပ်ဆောင်ကြမည်ဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်ကုန်တွင် ကမ်းလွန် လေစွမ်းအင်နယ်ပယ်သည် ကြီးမားကျယ်ပြန့်လာနိုင်၍ တာဘိုင်စက်တပ်ဆင်အင်အား ၅၀ မဂ္ဂါဝပ်နှင့် မြင့်မားသော တာဝါတိုင်များ ထွက်ပေါ်လာမည်ဖြစ်သည်။ ကမ္ဘာမြေပြင်အတွက် တွဲလောင်းကျနေသော လေအားတာဘိုင်စက်များ မြန်နှုန်းမြင့်စွာဖြင့် ပုံမှန်လေတိုက်နှုန်း ထိန်းချုပ်နိုင်မည့် သုတေသနအောင်မြင်မှုများ ပေါ်ထွက်လာရန် မျှော်မှန်းသည်။ ကမ္ဘာ့နိုင်ငံများအနက် အိုက်စလန် (Iceland) နိုင်ငံသည် ရေအားလျှပ်စစ် (Hydropower) နှင့် ဘူမိအပူ စွမ်းအင် (Geothermal) တို့မှ လျှပ်စစ်ထုတ်ယူသုံးစွဲမှု ၁၀၀ ရာခိုင်နှုန်းရှိသည်။ ယင်းအပြင် နော်ဝေ (Norway)၊ ဆွီဒင် (Sweden)၊ ဖင်လန် (Finland) နှင့် ဒိန်းမတ် (Denmark) နိုင်ငံများသည်လည်း နေရောင်ခြည်စွမ်းအင် (Solar Power) နှင့် လေစွမ်းအင် (Wind Power) တို့အပါအဝင် အကောင်းဆုံးပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးနိုင်ငံများအဖြစ် သဘာဝအခြေအနေပေးမှုအရ လည်းကောင်း၊ စီးပွားရေးနှင့် နည်းပညာခိုင်မာတောင့်တင်းမှုအရ လည်းကောင်း ရပ်တည်လျက်ရှိနေသည်။

**(ဂ) နေရောင်ခြည်စွမ်းအင်၏ ခေတ်သစ်အနာဂတ်**

**(A New Age Of Solar Power)**

နေသည် ကမ္ဘာမြေပြင်မှ သန်း ၁၅၀ ကီလိုမီတာဝေးကွာသော ဒေသရှိ ကြီးမားသော ဓာတ်အားပေးစက်ရုံကြီးဟုဆိုလျှင် မှားမည်မဟုတ်ပါ။ ကောင်းမွန်ဈေးချိုသာသော နေရောင်ခြည်သုံး ဆဲလ်များ (Solar Cells)၊ ရောင်ခြည်များအား ထိရောက်စွာ အသုံးချနိုင်မှုကြောင့် ဖြစ်သည်။ နေရောင်ခြည်သည် ကမ္ဘာ့သက်ရှိလူသားများအကျိုးအတွက် သန့်ရှင်းသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ဖြည့်ဆည်းပေးသည်။ ယနေ့ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် ဆိုလာရောင်ပြန်ပြား ၁၇၃၅၀၀ ချပ်မှ ဆိုလာတာဝါတိုင် သုံးခုသို့ ပို့လွှတ်ရာမှ ကမ္ဘာ့အကြီးမားဆုံး စက်တပ်ဆင်အင်အား ၃၉၂ မဂ္ဂါဝပ်ထွက်ရှိလျက်ရှိသည်။

သို့ရာတွင် နေရောင်ခြည်စွမ်းအင်သည် ကြမ်းတမ်းသော ခရီးရှည်ကြီးကို ချီတက်ဖြတ်သန်းရင်းရုပ်ကြွင်းလောင်စာ ရေနံ၊ ဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို အစားထိုးနိုင်ရေးခက်ခဲစွာ ကျော်ဖြတ်ရဦးမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာစွမ်းအင် အေဂျင်စီ (International Energy Agency - IEA) ၏ ခန့်မှန်းချက်စာရင်းများအရ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများဖြင့် ဆောင်ရွက်လုပ်ကိုင်သည်ပင်ဖြစ်စေကာမူ နေရောင်ခြည်စွမ်းအင်ကဏ္ဍမှ လိုအပ်ချက်၏ ၂၇ ရာခိုင်နှုန်းကိုသာ ၂၀၅၀ ပြည့်နှစ်ကုန်တွင် ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။ နေရောင်ခြည်စွမ်းအင် နည်းပညာကို ၁၈၈၃ ခုနှစ်တွင် အမေရိကန်လူမျိုး Charles Fritts က ဒီဇိုင်းပုံစံပြုလျက် ပထမဆုံး နေရောင်ခြည်သုံးစွမ်းအင်ကို ကမ္ဘာနှင့်မိတ်ဆက်ခဲ့သည်။ နောက်ပိုင်း နှစ်အတန်ကြာတွင် ၁၉၅၈ ခုနှစ်တွင် အမေရိကန်ဂြိုဟ်တုများ (Vanguard I) မှ စတင် လွှတ်တင်ခဲ့ရာ နေရောင်ခြည်သုံးစွမ်းအင်မှာ အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ နေရောင်ခြည်သုံးစွမ်းအင်၏ နောက်ပြန်ဆွဲ (Drawback) မှာ နေ့ခင်းပိုင်းတွင်သာ လျှပ်စစ်ရရှိနိုင်၍ ဝန်အားအမြင့်ဆုံးအသုံးပြုချိန် ညဥ့်ပိုင်းတွင် မရရှိနိုင်ခြင်းပင်ဖြစ်သည်။ ယင်းပြဿနာကို ယနေ့ဆန်းသစ်သော တီထွင်မှုများဖြင့် နေရောင်ခြည် စွမ်းအင်ကို သိုလှောင်ထား၍ (Energy Storage) လိုအပ်ချိန်တွင် အလွယ်တကူ ထုတ်ယူအသုံးပြုနိုင်ရန် သုတေသနပြုကြံဆတီထွင်လျက်ရှိနေကြသည်။

**(ဃ) မြစ်ချောင်းများပေါ်ရှိ ရေအားများ**

**(Bringing Water Power On Rivers And Streams)**

အရှိန်အဟုန်ဖြင့် စီးဆင်းနေသော နော်ဝေနိုင်ငံမြစ်များ၏ ရေကျများ (Fast-moving Norwegian Rapids)၊ ထုထည်ပမာဏများပြားစွာဖြင့် ဒလဟော စီးဆင်းနေသော တရုတ်နိုင်ငံ မြစ်ကြီးများ (Gushing Chinese Rivers) နှင့် မြင့်မားမတ်စောက်ကြီးမားလှသော တောင်အမေရိက ရေတံခွန်များ (Giant South American Waterfalls) တို့သည် ကြီးမားသော ရေအားအမြင့်စွမ်းအင် (Kinetic Energy) သိုက်များဟု ခေါ်ဝေါ်နိုင်ပြီး ယင်းကို တာဘိုင်တစ်ခုခုရှိရုံဖြင့် လျှပ်စစ်အဖြစ် ပြောင်းလဲထုတ်ယူနိုင်ပေသည်။ အများသိရှိကြသည့်အတိုင်း အရှိန်ဖြင့် စီးဆင်းသောရေအားသည် တာဘိုင်ဒလက်များ (Turbine Blades) ကို လည်ပတ်စေခြင်းဖြင့် စက်မှုစွမ်းအင် (Mechanical Energy) အဖြစ် ပြောင်းလဲကာ ဂျင်နရေတာများ (Generators) ကို မောင်းနှင်လည်ပတ်စေလျက် လျှပ်စစ်ဓာတ်အားထွက်ရှိလာခြင်းဖြစ်သည်။ အနာဂတ်တွင် ရေအားလျှပ်စစ်ကို ပင်လယ်ကြမ်းပြင်တွင် ချထားတာဘိုင်စက်များ (Underwater Turbines) ဖြင့်လည်း လျှပ်စစ်ထုတ်ယူနိုင်မည်ဖြစ်သည်။

**မြစ်များ၊ ရေလှိုင်းများနှင့် ဒီရေများ အသုံးချလျှပ်စစ်ထုတ်ယူခြင်း ပါဝင်မှုအခန်းကဏ္ဍ**

**(Role Of Rivers, Waves And Tides Generating Electricity)**

ကမ္ဘာ့ဒေသအနှံ့တွင် မြစ်ကြီးများသည် ကြီးမားသော ရေထုစီးနှုန်းခွန်အားဖြင့် စီးဆင်းလျက်ရှိနေရာ ယင်းခွန်အားကို စွမ်းအား (Power) အဖြစ် ပြောင်းလဲအသုံးချနိုင်သည့်နည်းတူ ရွေ့လျားမှုနိယာမ ရေလှိုင်းရွေ့လျားမှုများ (Wave Movements) နှင့် ဒီရေအတက်အကျ ရွေ့လျားမှုများ (Tidal Movements) တို့သည်လည်း စွမ်းအင်မြောက်များစွာ ထုတ်ယူနိုင်စွမ်း ပေးနိုင်ကြသည်။

တရုတ်နိုင်ငံအလယ်ပိုင်း ယန်စီမြစ် (Yangtze River) ပေါ်တွင် ၂၀၀၆ ခုနှစ်က ပြီးစီးခဲ့သော တမံအမြင့် ၂၀၀ မီတာ၊ တမံအလျား ၂၃၃၇ မီတာနှင့် စက်တစ်လုံးလျှင် ၇၀၀ မဂ္ဂါဝပ်ရှိ စက် ၃၂ လုံး၊ စုစုပေါင်းစက်တပ်ဆင်အင်အား ၂၂၅၀၀ မဂ္ဂါဝပ်ရှိ ကွန်ကရစ်တမံအမျိုးအစား Three Gorges Dam သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးတမံ ဖြစ်သည်။ တရုတ်နိုင်ငံ၏ လူဦးရေအထူထပ်ဆုံး




ရှန်ဟိုင်းမြို့တော် (Shanghai) အပါအဝင် ပြည်နယ် ၂၃ ခု ရှိသည့်အနက် ၉ ခုကို လျှပ်စစ်မီး လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်သော စီမံကိန်းဖြစ်သည်။ ကမ္ဘာ့ဒေသအတော်များများတွင် အခြားလျှပ်စစ်ထုတ်ယူနိုင်သည့် နည်းလမ်းများထက် သမားရိုးကျ ရေအားမှ လျှပ်စစ်ထုတ်ယူမှုကို ဦးစားပေးကျင့်သုံးလျက်ရှိပြီး ရရှိရေထုထည်ပမာဏကြီးမားများပြားခြင်းနှင့်အတူ လျှပ်စစ်ရရှိပမာဏမှာလည်း ထိုက်ထိုက်တန်တန်လုံလောက်စွာ ထုတ်လုပ်ရရှိနိုင်သည်ကို တွေ့ရှိနိုင်ပေသည်။ ဥပမာ-ဘရာဇီးလ် (Brazil) နိုင်ငံ၏ Tocantins မြစ်ပေါ်တွင် ၂၀၁၀ ပြည့်နှစ်က တည်ဆောက်ပြီးစီးခဲ့သော Tucurui Dam မှ လျှပ်စစ်စက်တပ်ဆင်အင်အား ၈၃၇၀ မဂ္ဂါဝပ်ကိုလည်းကောင်း၊ ဗင်နီဇွဲလား(Venezuela) နိုင်ငံ၏ Caroni မြစ်ပေါ်တွင် အလျား ၇၄၂၆ မီတာရှိ Guri Dam မှ လျှပ်စစ်တပ်ဆင်အင်အား ၁၀၂၃၅ မဂ္ဂါဝပ်ကိုလည်းကောင်း၊ တရုတ်နိုင်ငံ Jinsha River မြစ်ပေါ်တွင် တည်ဆောက်ပြီးစီးခဲ့သော Xiluodu Dam မှ လျှပ်စစ်တပ်ဆင်အင်အား ၁၃၈၆၀ မဂ္ဂါဝပ်နှင့်အတူ အောက်ပိုင်းရေကြောင်းသွားလာရေး ရေလမ်းကြောင်း တိုးတက်အထောက်အကူပြုမှုကိုလည်းကောင်း၊ ဘရာဇီးလ် (Brazil) နှင့် ပါရာဂွေး (Paraguay) နိုင်ငံများ နယ်ခြားတွင် ၂၀၁၃ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သော Parana River ပေါ်ရှိ Itaipu Dam မှ လျှပ်စစ်စက်တပ်ဆင်အင်အား ၁၄၀၀၀ မဂ္ဂါဝပ်ကိုလည်းကောင်း အသီးသီး ထွက်ပေါ်ခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်ပညာရေးတက္ကသိုလ်
# အကြိမ်(၅၀)မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၁၅-၂၀၁၆ ပညာသင်နှစ်နှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ PhD၊ MEd၊ MPhil၊ MA(TEFL)၊ BEd(ပဥ္စမနှစ်) ၂၀၁၁ အောင်၊ BEd (ပဥ္စမနှစ်) အမှတ်စဉ် ၁၆၊ BEd(စာပေးစာယူ)၊ PGDMA အမှတ်စဉ် ၁၇ နှင့် Dip (ELTM) သင်တန်းအောင်မြင်ခဲ့ကြသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**ကျင်းပမည့်ရက်** - ၁၆-၁၂-၂၀၁၇ ရက် (စနေနေ့)နှင့် ၁၇-၁၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်နေရာ** - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

**ကျင်းပမည့်အချိန်** - ၁၆-၁၂-၂၀၁၇ ရက် (စနေနေ့)
နံနက်ပိုင်း ၉း၀၀ နာရီ
PhD၊ MEd၊ MPhil၊ MA(TEFL)၊ BEd
- ၁၆-၁၂-၂၀၁၇ ရက် (စနေနေ့)
မွန်းလွဲပိုင်း ၁၄း၀၀ နာရီ
Dip(ELTM)၊ PGDMA(17)၊
BEd (စာပေးစာယူ)
မြန်မာစာ၊ အင်္ဂလိပ်စာ (အထူးပြုများ)
- ၁၇-၁၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
နံနက်ပိုင်း ၉း၀၀ နာရီ
BEd (စာပေးစာယူ)
သမိုင်း၊ ပထဝီဝင်၊ ဓာတုဗေဒ၊
ဘောဂဗေဒ (အထူးပြုများ)
- ၁၇-၁၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
မွန်းလွဲပိုင်း ၁၄း၀၀ နာရီ
BEd (စာပေးစာယူ)
သင်္ချာ၊ ရူပဗေဒ၊ ဇီဝဗေဒ(အထူးပြုများ)

**အစမ်းလေ့ကျင့်မည့်ရက်**-၁၅-၁၂-၂၀၁၇ ရက် (သောကြာနေ့)

**အစမ်းလေ့ကျင့်မည့် အချိန်** - နံနက် ၉း၀၀ နာရီ
PhD၊ MEd၊ MPhil၊ MA(TEFL)၊
BEd၊ Dip (ELTM)၊ PGDMA(17)
- မွန်းလွဲ ၁၃း၀၀ နာရီ
BEd (စာပေးစာယူ)ဘွဲ့များ

**ဘွဲ့နှင်းသဘင်ကြေး** - ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

**အဝေးရောက်ဘွဲ့ကြေး** - ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

**လျှောက်လွှာစတင် လက်ခံမည့်ရက်** - ၄-၉-၂၀၁၇ ရက် (တနင်္လာနေ့)

**လျှောက်လွှာပိတ်ရက်** - ၃၁-၁၀-၂၀၁၇ ရက် (အင်္ဂါနေ့)

**မှတ်ချက်**

(၁) လျှောက်လွှာပုံစံများကို ရန်ကုန်ပညာရေးတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် (၁)လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော (၂×၁ ၁/၂)လက်မ ဓာတ်ပုံ(၂)ပုံ ပူးတွဲလျှောက်ထားရမည်။ နောက်ခံအပြာနုဖြစ်ရမည်။ သတ်မှတ်ချက်နှင့်ညီညွတ်သော ဓာတ်ပုံ(၂)ပုံ၏ နောက်ကျောတွင် အမည်၊ ခုံအမှတ်၊ မှတ်ပုံတင်အမှတ် ပီသစွာရေး၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့်အတူ သတ်မှတ်သောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(၂) ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(၃) နယ်မှလျှောက်ထားသူများသည် ဘွဲ့နှင်းသဘင်ကြေးများကို ရန်ကုန်ပညာရေးတက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြရမည့်အပြင် လျှောက်ထားသူ၏ အမည်၊ စာမေးပွဲအောင်မြင်သည့် ခုနှစ်၊ လ၊ စာမေးပွဲ ခုံအမှတ်၊ အထူးပြုဘာသာရပ် နေရပ်လိပ်စာအပြည့်အစုံ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

(၄) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံပြည့်နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာထဘီ၊ အင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ခွင့်ပြုသည်။

(၅) ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၆-၁၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)မှစတင်၍ ရန်ကုန်ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ထုတ်ပေးပါမည်။

(၆) အသေးစိတ်ကို ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် စုံစမ်းနိုင်ပါသည်။ (ဖုန်း-၀၁-၅၃၄၂၇၃)

**(စန္ဒာထွန်း)**
**လ/ထ မော်ကွန်းထိန်း**

---

## ပုဂံမြို့သစ်၊ သီရိပစ္စယာရပ် လောကနန္ဒာစေတီတော်မြတ်ကြီး၏
# ရွှေချလုပ်ငန်း ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့သစ် သီရိပစ္စယာရပ်ကွက်ရှိ လောကနန္ဒာစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ပြန်လည်ကပ်လှူမည်ဖြစ်ပါ၍ ရှစ်မြှောက်ကြာခံနှစ်ဆင့်မှ ခရေဖူးတော်အထိ ရွှေလုပ်ငန်းကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွှေလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် တင်ဒါလျှောက်လွှာများကို ၁၂-၉-၂၀၁၇ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားတင်ပြရန်နှင့် ၁၃-၉-၂၀၁၇ ရက် နံနက် ၁၀း၀၀ နာရီတွင် တင်ဒါပွဲကျင်းပမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

တင်ဒါပွဲအတွက် အသေးစိတ်စည်းကမ်းများကို ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့ရုံး ဖုန်း-၀၆၁-၂၄၆၅၃၃၄၊ ၀၉-၂၀၄၂၆၀၉**
**ရွှေချလုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့**
**လောကနန္ဒာစေတီတော်ကြီး၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

---

## ပုဂံမြို့သစ်၊ သီရိပစ္စယာရပ် လောကနန္ဒာစေတီတော်မြတ်ကြီး၏
## ရွှေပြားခတ်၊ ရွှေပြားကပ်လုပ်ငန်းများ ဆောင်ရွက်ရန်
# လေလံကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့သစ် သီရိပစ္စယာရပ်ကွက်ရှိ လောကနန္ဒာစေတီတော်မြတ်ကြီး၏ ထီးတော်အား ရွှေပြားခတ်၊ ရွှေပြားကပ်လုပ်ငန်းများကို ဈေးပြိုင်လေလံစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လိုသူများအနေဖြင့် လေလံလျှောက်လွှာများကို ၄-၉-၂၀၁၇ရက် ရုံးချိန်အတွင်း နောက်ဆုံးထားတင်ပြရန်နှင့် ၅-၉-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီတွင် လေလံပွဲကျင်းပမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လေလံပွဲအတွက် အသေးစိတ်စည်းကမ်းများကို ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့ရုံး ဖုန်း-၀၆၁-၂၄၆၅၃၃၄၊ ၀၉-၂၀၄၂၆၀၉၊**
**ရွှေပြားခတ်၊ ရွှေပြားကပ်လေလံကြီးကြပ်ရေးအဖွဲ့**
**လောကနန္ဒာစေတီတော်ကြီး၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)
## ဟိုတယ်လုပ်ငန်းဆိုင်ရာ ကာလတိုသင်တန်းသားများ ခေါ်ယူခြင်း

အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းလူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေးဟိုတယ်နှင့်သက်မွေး ပညာသင်တန်းကျောင်း)တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံအိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း (Housekeeping Operation Course,Certificate Level I)အား မန္တလေးမြို့၌ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် အခမဲ့ဖွင့်လှစ်သင်ကြားသွားပါမည်။

**လက်ခံမည့်အရေအတွက်**
အပတ်စဉ်တစ်ခုလျှင်(၂၅)ဦး

**ပေးအပ်မည့်လက်မှတ်**
ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း လူ့စွမ်းအားရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့၏ အသိအမှတ်ပြု ကျွမ်းကျင်မှုအဆင့်(၁)လက်မှတ်

**သင်တန်းသားအရည်အချင်းများ**
၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
၂။ အသက်(၁၆)နှစ်မှ (၂၅)နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ လူတွေ့အင်တာဗျူးအောင်မြင်ရမည်။

**သင်တန်းနေရာ**
အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)၊ လမ်း ၇၀နှင့် ၂၈လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**သင်တန်းကာလနှင့် သင်တန်းချိန်**
သင်တန်းကာလမှာ(၄)ပတ် ကြာမြင့်မည်ဖြစ်ပြီး မွန်းတည့် ၁၂း၀၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ တက်ရောက်ရမည်ဖြစ်ပါသည်။

**သင်တန်းလျှောက်လွှာထုတ်ယူရန်နေရာနှင့် စုံစမ်းရန်**
၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)၊ လမ်း ၇၀နှင့် ၂၈လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၉-၇၇၆၆၈၀၂၃၈
၂။ မန္တလေးဟိုတယ်နှင့် သက်မွေးပညာသင်တန်းကျောင်း၊ သိပ္ပံလမ်း၊ ၆၆လမ်းနှင့် ၆၈လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၉-၃၀၀၈၇၅၇၉
၃။ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ၇၈လမ်းနှင့် ၃၄လမ်းထောင့်၊ ရတနာပုံစူပါစင်တာ (စတုတ္ထထပ်) ဖုန်း-၀၂-၆၉၃၂၆
၄။ မန္တလေးမြို့ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း ဖုန်း-၀၉-၇၉၂၀၁၆၃၅၁၊ ၀၉-၄၃၁၀၁၆၆၆

**လျှောက်လွှာတင်ရန်လိုအပ်သောစာရွက်စာတမ်းများ**
၁။ ပတ်(စ်)ပို့ဆိုဒ် ဓာတ်ပုံ(၃)ပုံ
၂။ တက္ကသိုလ်ဝင်တန်းအမှတ်စာရင်း၊ မှတ်ပုံတင်မူရင်းနှင့် မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ

**နောက်ဆုံးလျှောက်ထားရမည့်ရက်**
အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)တွင် ဩဂုတ် ၂၅ရက်(သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပါသည်။

လူတွေ့စစ်ဆေးခြင်းအား ၂၈-၈-၂၀၁၇ရက်မှ ၃၀-၈-၂၀၁၇ရက်အတွင်း လျှောက်ထားသူဦးရေအပေါ်မူတည်၍ ဆောင်ရွက်သွားပါမည်။

---

# ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ် ၁၁၃၊ ကသဲစုအကွက်၊ ဦးပိုင်အမှတ် ၂၈၊ ၂၉၊ ဧရိယာ ဝ.ဒသမ ၁၄၄ ဧကရှိ ဂရန်မြေကို ဒေါ်မြမြဆွေအမည်ဖြင့် မြေငှားဂရန်အသစ်ထုတ်ပေးပါရန် လျှောက်ထားလာသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

---

## ပုဂံမြို့သစ်၊ သီရိပစ္စယာရပ်ကွက်၊
## လောကနန္ဒာစေတီတော်မြတ်ကြီး၏
## ထီးတော် ရွှေစင်၊ ရွှေပြားကပ်လှူခြင်းနှင့်
## လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း
# ပါဝင်လှူဒါန်းနိုင်ပါရန် နိုးဆော်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့သစ် သီရိပစ္စယာရပ်ကွက်ရှိ လောကနန္ဒာစေတီတော်မြတ်ကြီး၏ ထီးတော်ဘုံ(၁၁)ဆင့် ရွှေစင်၊ ရွှေပြားကပ်လှူခြင်းကို အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနိုးဆော်အပ်ပါသည်။

* **ထီးတော်ကြီး ရွှေစင်၊ ရွှေပြားအတွက်**
- (၉×၉)လက်မပတ်လည် (၂)ကျပ်သားရွှေစင်ရွှေပြား(၁)ချပ်= ကျပ် ၁၈၀၀၀၀၀
- ပထမဘုံဆင့် (၉×၉)လက်မပတ်လည် × (၈၅)ချပ်
- ဒုတိယဘုံဆင့် (၉×၉)လက်မပတ်လည် × (၅၅)ချပ်
- တတိယဘုံဆင့် (၉×၉)လက်မပတ်လည် × (၄၅)ချပ်
- စတုတ္ထဘုံဆင့် (၉×၉)လက်မပတ်လည် × (၄၀)ချပ်
- ဆဋ္ဌမဘုံဆင့် (၉×၉)လက်မလတ်လည် × (၃၂)ချပ်

အသေးစိတ်သိရှိလိုပါက လောကနန္ဒာဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လောကနန္ဒာဂေါပကအဖွဲ့ရုံး ဖုန်း-၀၆၁-၂၄၆၅၃၃၄၊ ၀၉-၂၀၄၂၆၀၉**
**လောကနန္ဒာစေတီတော်ကြီး၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

---

## ပုဂံမြို့သစ်၊ သီရိပစ္စယာရပ် လောကနန္ဒာစေတီတော်မြတ်ကြီး၏
# ရွှေမိုက်လေလံကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့သစ်၊ သီရိပစ္စယာရပ်ကွက်ရှိ လောကနန္ဒာစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းပြန်လည်ကပ်လှူမည်ဖြစ်ပါ၍ ရှစ်မြှောက်ကြာခံနှစ်ဆင့်မှ ခေါင်းလောင်းတော်ကြီးရှိ ရွှေမိုက်များကို ဈေးပြိုင်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ ရွှေမိုက်လေလံဆွဲဝယ်လိုသူများအနေဖြင့် လေလံလျှောက်လွှာများကို ၅-၉-၂၀၁၇ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားတင်ပြရန်နှင့် ၆-၉-၂၀၁၇ ရက် နံနက် ၁၀း၀၀နာရီတွင် လေလံပွဲကျင်းပမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လေလံပွဲအတွက် အသေးစိတ်စည်းကမ်းများကို ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့ရုံး ဖုန်း-၀၆၁-၂၄၆၅၃၃၄၊ ၀၉-၂၀၄၂၆၀၉**
**ရွှေမိုက်လေလံကြီးကြပ်ရေးအဖွဲ့**
**လောကနန္ဒာစေတီတော်ကြီး၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ သိုလှောင်ရုံ(၃)လုံးနှင့် မြေ(၂)ကွက်တို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၃)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

**(က) ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၃)လုံးနှင့် မြေ(၂)ကွက်**

| | | |
|---|---|---|
| Lot(1) | (၁) | (ပေ၁၂၀×ပေ၅၀×၁၄ပေ) (သွပ်၊သွပ်၊ကွန်) (၁၇၊၁၈၊၁၉) (၃လုံးတွဲ သိုလှောင်(၁)လုံး၊ နာဂသိုလှောင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ် |
| Lot(2) | (၂) | သိုရုံ ၁၅/၁၆(၂)လုံးတွဲ၊ (၁)လုံး (၁၂၀ပေ×၆၀ပေ×၁၅ပေ) (သွပ်၊သွပ်၊ကွန်)၊ အုပ်စု(၁)၊ နာဂလှိုင်ဂူဝင်း၊ မရမ်းကုန်းမြို့နယ် |
| Lot(3) | (၃) | လျှပ်စစ်ပြင်အလုပ်ရုံဝင်းရှိ ပိုလန်သိုလှောင်ရုံ အမှတ်(၂)၊ (၈၀ပေ×၄၀ပေ×၂၀ပေ) (အုတ်၊အုတ်၊ကွန်)၊ (၀၂)ဝင်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် |
| Lot(4) | (၄) | (၉၀ပေ×၅၀ပေ)နှင့်(၇၉ပေ×၈၂ပေ)ရှိ မြေကွက်လွတ်၊ ဓမ္မသုခကျောင်းလမ်း (ကားရေဆေးဆီထိုးခုံ၊ ကားလေးစက်ပြင်အလုပ်ရုံနှင့် အလိုင်းမင်းအလုပ်ရုံဆောက်လုပ်အသုံးပြုရန်) |

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၈-၂၀၁၇ရက်မှ ၂၀-၉-၂၀၁၇ရက်ထိ
**အချိန်** - နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ

(ဂ) **တင်ဒါစည်းကမ်းများ ရှင်းလင်းခြင်း** - ၂၁-၉-၂၀၁၇ရက် ၁၂း၀၀နာရီ

(ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၉-၂၀၁၇ရက် မွန်းလွဲ ၁၃း၀၀နာရီ

(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။

(စ) **Deposit ပေးသွင်းနိုင်သည့် ဘဏ်များ** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

(ဆ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊နေပြည်တော်

(ဇ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်။

၂။ အဆိုပါ သိုလှောင်ရုံ(၃)လုံးနှင့် မြေ(၂)ကွက်တို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၀၄၃၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

# မိခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် (အလက-၁၅)၊ သတ္တမတန်း(ဂ)မှ မအေးမြတ်မွန်၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းမော် ၈/မကန(နိုင်)၂၄၁၉၇၃ ဖြစ်ပါကြောင်း။

**ဒေါ်သင်းသင်းမော်**

---

# ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁)၊ နဝမတန်း(င)မှ မောင်ရဲဇော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၅/တဆန(နိုင်)၀၅၇၈၇၅ ဖြစ်ပါကြောင်း။

**ဦးမြင့်နိုင်**

---

# တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ရွာစဉ်ကျေးရွာနေ ဦးလူရ၏သား ဦးထွေးလွင်နှင့် ဦးဌေးလွင် ၅/ခဉန(နိုင်)၀၁၆၅၅၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွေးလွင်(ခ)ဦးဌေးလွင်**

---

# ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁)၊ စတုတ္ထတန်း(B)မှ မသင်းရနံ့ဆူး၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းနိုင် ၅/တဆန(နိုင်)၁၅၈၇၁၇ ဖြစ်ပါကြောင်း။

**ဦးကျော်မင်းနိုင်**

---

# တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် နဇတ-၁၁၀ ဖြင့် အောင်မြင်ခဲ့သော မသဲနုနုစိုးနှင့် မသဲနုစိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မသဲနုနုစိုး(ခ)သဲနုစိုး**

---

# ဖခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ဒလန့်ချွန်ကျေးရွာ၊ အထက(ခွဲ)၊ သတ္တမတန်း(B)မှ မောင်ပိုင်းမနား၏ ဖခင်အမည်မှန်မှာ ဦးမနားလိန်း ၄/ကပလ(နိုင်)၀၀၈၁၅၅ ဖြစ်ပါကြောင်း။

**ဦးမနားလိန်း**

---

# ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မခင်ပြည့်ပြည့်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၉/ပမန(နိုင်)၁၃၄၁၇၃ ဖြစ်ပါကြောင်း။

**ဦးဝင်းလှိုင်**

---

# ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ ထက်ခွဲ လ(၂)ကျောင်း စတုတ္ထတန်းမှ နော်ရူမေဖော၏ ဖခင်အမည်မှန်မှာ စောလယ်ဖော ဖြစ်ပါကြောင်း။

---

# အမည်ပြောင်း

ရွှေပြည်သာမြို့နယ်၊ အောင်သုခ (ကိုယ်ပိုင်) အထက်တန်းကျောင်း Grade(VII)မှ (ဘ)ဦးမင်းမင်းဝင်း၏ သား စည်သူအောင်အား ယနေ့မှစ၍ မောင်ဇေယျာလင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

---

# ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ် ထခွဲ လ(၄) တက္ကသိုလ်ဝင်တန်းမှ မောင်ဘိုဘို၏ ဖခင်အမည်မှန်မှာ ဦးလှမြင့် ဖြစ်ပါကြောင်း။

---

# ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်းမှ မခင်သွယ်ခိုင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးထွန်းအေးကျော် ဖြစ်ပါကြောင်း။

---

# ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ အထက(၁) နဝမတန်းမှ မောင်အောင်သူ၏ ဖခင်အမည်မှန်မှာ ဦးပြည့်ဖြိုးမောင် ဖြစ်ပါသည်။

---

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/4461 Toyota Landcruiser Prado, S/W (4×4)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၅/ဗမန(နိုင်)၀၄၈၂၇၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉/က၊ မြေကွက်အမှတ်-၂၆၈/ခ၊ မြေကွက်တည်နေရာအမှတ်-၂၆၈/ခ၊ မောင်းမကန်ကမ်းသာယာလမ်း၊ ဒဂုံ/တောင် ဒေါ်အေးအေးဦး ၉/မရမ(နိုင်)၀၂၆၁၇၁ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်အေးအေးဦး ကွယ်လွန်သွားသောကြောင့် ခင်ပွန်း ဦးမြင့်သိန်း ၉/မရမ(နိုင်)၀၂၆၂၈၆ မှ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ၂၆-၁၂-၂၀၁၆ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ သန်းခေါင်စာရင်းနှင့် မြေရာဇဝင်မှတ်ချက်ပါ ကန့်ကွက်ထားသူ ဒေါ်လှငွေမှ ကန့်ကွက်ချက်ရုပ်သိမ်းကြောင်းများ တင်ပြ၍ မြေပြင်ကွင်းဆင်းရာ မြေကွက်လပ်ဖြစ်ကြောင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ရေဝတီဘဏ်၏ တည်ထောင်ခြင်း (၇)နှစ်ပြည့်အခမ်းအနားကို အောင်မြင်မှုပေါင်းများစွာဖြင့် ကျင်းပဆင်နွှဲ






ရေဝတီဘဏ်၏ ဘဏ်တည်ထောင်ခြင်း (၇)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဘဏ်၏အောင်မြင်မှုမှတ်တိုင်များကို ဂုဏ်ပြုသည့်အနေနှင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၁၁ ရက် (သောကြာနေ့) တွင် ဘဏ်၏ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးပိုင်းအကြီးအကဲများသည် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်၍ ပန်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ဝေယျာဝစ္စများဖြင့် ကုသိုလ်ပြုကြသည်။ ထို့နောက် ကျောက်တံတားမြို့နယ်ရှိ ရေဝတီဘဏ်ရုံးချုပ်ရှေ့တွင် သံဃာတော်အရှင်သူမြတ်အပါး (၅၀)ကို တန်းဆွမ်းလောင်းလှူပြီးလျှင် ရုံးချုပ်၌ပင် ပင့်သံဃာ(၅)ပါးကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။ နေ့လယ်တွင် ရေဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော် ကြီးမှူး၍ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘဏ်ဝန်ထမ်းများ၊ ဘဏ်စတင်တည်ထောင်ချိန်မှစ၍ ယခုအချိန်အထိ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုပ်သက်ရင့်ဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီး နေ့လယ်စာထမင်းလက်ဆုံစားပွဲ ကျင်းပခဲ့သည်။ ပြီးနောက် ဩဂုတ်လဖွား လုပ်ဖော်ကိုင်ဖက်များ၏မွေးနေ့ကို ဘဏ်(၇)နှစ်ပြည့်အထိမ်းအမှတ်နှင့်အတူ ပျော်ရွှင်စွာဆင်နွှဲပြီး ဥက္ကဋ္ဌက ဤကဲ့သို့ (၇)နှစ်တိုင် အောင်မြင်မှုများရရှိခဲ့သည်မှာ ဘဏ်ကို အစဉ်တစိုက်အားပေးနေသော သုံးစွဲသူ ထမင်းရှင် အများပြည်သူကြောင့်ဖြစ်ကြောင်း၊ အခြားသောပါတနာများ၊ အစုရှယ်ယာဝင်များ၊ ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်းနှင့် နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ရပါကြောင်း၊ မိမိတို့ရေဝတီဘဏ်အနေနှင့်လည်း ဝန်ဆောင်မှုအကောင်းဆုံးပေးလျက်ရှိကြောင်း၊ ကျော်ကြားပြီးသားဂုဏ်သတင်းနှင့် အသင်းအဖွဲ့စိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်းထားစေလိုကြောင်း၊ ထို့အတွက်လည်း ဝန်ထမ်းများကို ကျေးဇူးတင်ရကြောင်း အမှတ်တရစကားပြောကြားခဲ့သည်။ ပြီးနောက် အခမ်းအနားတွင် အဆိုတော် R ဇာနည်၏ ဖျော်ဖြေတင်ဆက်ခြင်းဖြင့် ဝန်ထမ်းများ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။ ရေဝတီဘဏ်၏ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်၊ တိုင်းဒေသကြီးများရှိ ဘဏ်ခွဲများတွင်လည်း ဘဏ်သို့လာရောက်သည့် သုံးစွဲသူအများပြည်သူကို စတုဒိသာဖြင့် ဧည့်ခံကာ လက်ဆောင်ပစ္စည်းများပေးအပ်၍ ဘဏ်(၇)နှစ်ပြည့် အခမ်းအနားကို ရင်းနှီးခင်မင်စွာဖြင့် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ဘဏ်(၇)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နှစ်စဉ် ဇီဝိတဒါနအလှူအခမ်းအနားကို ရန်ကုန်မြို့ရှိ အမျိုးသားသွေးလှူဌာန၌ သတ္တမအကြိမ်မြောက်ကျင်းပရာ ရေဝတီဘဏ်ဝန်ထမ်းမိသားစု စုစုပေါင်း ၃၀၀ က လှူဒါန်းခဲ့သည်ဖြစ်သည်။

လွန်ခဲ့သော (၇)နှစ်၊ ၂၀၁၀ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ရေဝတီဘဏ်သည် ပထမဦးဆုံးဘဏ်ခွဲအနေနှင့် နေပြည်တော် တိုင်းဒေသကြီးဘဏ်ခွဲကို ဝန်ထမ်းအင်အား ၁၀၀ ခန့်သာနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများ စတင်ပေးခဲ့သည်။ နိုင်ငံတော်အတွင်း ကြီးမားသောအပြောင်းအလဲများရှိသော်လည်း သုံးစွဲသူအများပြည်သူ၏ အပ်နှံငွေများ၊ ချေးငွေများနှင့် ကြိုတင်ချေးငွေများ၊ ဘဏ်၏ငွေလုံးငွေရင်းပမာဏ တိုးပွားလျက်ရှိသော ဘဏ်ခွဲပေါင်းများစွာ၏အရေအတွက်နှင့် ဘဏ်ဝန်ဆောင်မှုသုံးစွဲသူဦးရေပမာဏ စသည်တို့အရ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးအပြင် လူကြိုက်အများဆုံးဘဏ်အနေနှင့် ရပ်တည်လျက်ရှိသည်။

ရေဝတီဘဏ်သည် ပွင့်လင်းမြင်သာမှုရှိခြင်း၊ စီမံခန့်ခွဲမှုအုပ်ချုပ်ရေးစနစ်ကောင်းမွန်ခြင်းနှင့် တီထွင်ကြံဆနိုင်ခြင်းတို့တွင် ဂုဏ်သတင်းကျော်စောသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ရေဝတီဘဏ်သည် IFRS (ခေါ်) အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးစာရင်းအစီရင်ခံစာတင်ပြမှု စံချိန်စံနှုန်းနှင့်ကိုက်ညီစွာ ဘဏ္ဍာရေးအစီရင်ခံစာကို တင်ပြနိုင်ခဲ့သည့်အပြင် ISA(ခေါ်) အပြည်ပြည်ဆိုင်ရာစာရင်းစစ်ခြင်း စံချိန်စံနှုန်းနှင့်အညီ စာရင်းစစ်ခြင်းကို ဆောင်ရွက်ခဲ့သည်။ ယခုဆိုလျှင် ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် သုံးနှစ်ဆက်တိုက်တွင် ရေဝတီဘဏ်သည် IFRS ခေါ်သည့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးစာရင်းအစီရင်ခံစာတင်ပြမှု စံချိန်စံနှုန်းနှင့်ကိုက်ညီစွာ အစီရင်ခံစာတင်ပြနိုင်သော မြန်မာနိုင်ငံအတွင်းရှိ တစ်ခုတည်းသော ဘဏ်ဖြစ်သည်။

နည်းပညာပိုင်းတွင်လည်း ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ပင်မဘဏ္ဍာရေးနည်းပညာစနစ်ကို စတင်အသုံးပြုသည့်ဘဏ်ဖြစ်ပြီး ဘဏ်၏ ATM (ခေါ်) အလိုလျောက်ငွေရေစက်များနှင့် ဘဏ်ခွဲများစွာကို အလျင်အမြန်တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ပြီးပြည့်စုံသော မိုဘိုင်းဘဏ်လုပ်ငန်းစနစ်၊ အင်တာနက်ဘဏ်လုပ်ငန်းစနစ်နှင့် ငွေရေးကြေးရေးစီမံခန့်ခွဲမှုနည်းပညာနည်းလမ်းများကို မြန်မာပြည်တစ်ဝန်း တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဘဏ်ခွဲတိုင်းရှိ သုံးစွဲသူပြည်သူအပေါင်းကို ပေးအပ်နိုင်ခဲ့သည်။ ထို့ကြောင့် ရေဝတီဘဏ်သည် မြန်မာနိုင်ငံတွင် ရန်ကုန်မြို့တွင်းရှိ ဘဏ်ခွဲများနှင့်အတူ ဝေးလံသီခေါင်သောအရပ်ဒေသများရှိ ဘဏ်ခွဲများတွင်ပါ တူညီသောဝန်ဆောင်မှုများနှင့် ဘဏ်ထုတ်ကုန်များကို တစ်ပြိုင်နက်ပေးသော ပထမဦးဆုံး ဘဏ်ဖြစ်သည်။

ပြည်တွင်းရှိ ဘဏ္ဍာရေးကိန်းဂဏန်းများကို ထုတ်ပြန်ခြင်းမရှိခဲ့သောကြောင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်များအတွင်း ထုတ်ပြန်ခဲ့သော အခြားသောထုတ်ပြန်ချက်များမှ သိရှိရသည်မှာ ပုဂ္ဂလိကဘဏ်များ၏အပ်ငွေများ၊ ချေးငွေနှင့် ကြိုတင်ချေးငွေများ၏ နှစ်စဉ်ဖွံ့ဖြိုးတိုးတက်နှုန်းသည် ၃၈ ရာခိုင်နှုန်းနှင့် ၄၄ ရာခိုင်နှုန်း အသီးသီးရှိသည်။ ယင်းခုနှစ်များအတွင်းတွင် ရေဝတီဘဏ်၏အပ်နှံငွေများ ဖွံ့ဖြိုးတိုးတက်နှုန်းသည် ၈၉ ရာခိုင်နှုန်းနှင့် ချေးငွေနှင့် ကြိုတင်ချေးငွေများ၏ ဖွံ့ဖြိုးတိုးတက်နှုန်းသည် ၈၄ ရာခိုင်နှုန်း အသီးသီးရှိခဲ့သည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်တွင် အပ်နှံငွေများသည်လည်းကောင်း၊ ချေးငွေနှင့်ကြိုတင်ချေးငွေ နှစ်မျိုးလုံး၏ဖွံ့ဖြိုးတိုးတက်နှုန်းသည် ၈၄ ရာခိုင်နှုန်းရှိသည်။ တစ်ဖန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရေဝတီဘဏ်သည် အတိုးတက်ဆုံး ဘဏ်ဖြစ်ပြီး အပ်ငွေများ၏ ဖွံ့ဖြိုးတိုးတက်နှုန်း ၄၄ ရာခိုင်နှုန်းနှင့် ချေးငွေနှင့်ကြိုတင်ချေးငွေများ ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ၃၉ ရာခိုင်နှုန်း အသီးသီးရှိသည်။

ရေဝတီဘဏ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် လက်လီ တစ်သီးပုဂ္ဂလဝန်ဆောင်မှုများ၊ အသေးစား၊ အလတ်စား စီးပွားရေးများအတွက် ဝန်ဆောင်မှုများနှင့် ကုမ္ပဏီကြီးများအတွက် ဝန်ဆောင်မှုများကို သုံးစွဲသူအမျိုးမျိုးတို့ကိုပေးခြင်းဖြင့် ရရှိထားခြင်းဖြစ်သည်။

ရေဝတီဘဏ်သည် လူ့စွမ်းအားအရင်းအမြစ်တွင် အစွမ်းကုန်ရင်းနှီးမြှုပ်နှံထားသည်။ ကျွမ်းကျင်သူဝန်ထမ်းများ ရှားပါးနေသောဈေးကွက်တွင် ၂၀၁၄ ခုနှစ်က ဝန်ထမ်း ၂၅၀၀ သာရှိသော်လည်း ယခုအခါ ဝန်ထမ်းပေါင်း ၈၂၀၀ ကို ခန့်ထားပြီးဖြစ်သည်။ ဝန်ထမ်းများ၏ ပျမ်းမျှအသက်သည် (၂၇)နှစ်အောက်ဖြစ်ပြီး အမျိုးသမီးဝန်ထမ်းဦးရေ ၅၈ ရာခိုင်နှုန်းရှိသည့်အတွက် ကျား မ ခွဲခြားခြင်းမရှိသော ဝန်ထမ်းခန့်ထားရေးမူဝါဒကို ထားရှိသည်။ ဝန်ထမ်းအများစု၏ ပထမဦးဆုံးသောအလုပ်အကိုင်သည် ရေဝတီဘဏ်ဖြစ်သောကြောင့် လေ့ကျင့်သင်ကြားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ဘဏ်၏အဓိကကျသော မဟာဗျူဟာတစ်ရပ်ဖြစ်၍ လုပ်ငန်းခွင်အတွင်း အလုပ်သင်အဖြစ် သင်တန်းပေးသည့်အပြင် လက်တွေ့လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်းလေးခုထားရှိလျက် ဝန်ထမ်းကောင်းများစွာ မွေးထုတ်ပေးလျက်ရှိသည်။ ရေဝတီဘဏ်က အထူးလေ့ကျင့်သင်ကြားပေးထားသော ဝန်ထမ်းများ မွေးထုတ်ပေးရာတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်တွင် တတ်သိကျွမ်းကျင်သော လူငယ်လူရွယ်များ ပေါ်ထွန်းလာနိုင်ရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဘဏ်သည် ဝန်ထမ်းများကို မြဲမြံစွာ တစိုက်မတ်မတ် အလုပ်ကြိုးစားလုပ်ကိုင်စေသည့် ဂုဏ်သတင်းကိုလည်း ဘဏ်လုပ်ငန်းကဏ္ဍအတွင်း အောင်မြင်စွာရယူထားသည်။ ခေတ်မီ၍ သုံးစွဲသူစိတ်ကြိုက် နည်းလမ်းများကို အစဉ်တစိုက်ပေးလျက်ရှိသော ရေဝတီဘဏ်သည် အကောင်းဆုံးအလုပ်ခွင်တစ်ခုဖြစ်ပြီး ငယ်ရွယ်ကျွမ်းကျင်သောဝန်ထမ်းများနှင့် အတွေ့အကြုံအများအပြားရှိသော အုပ်ချုပ်ရေးတို့နှင့်အတူ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာကို ယခုထက်ဖွံ့ဖြိုးတိုးတက်စေရန် သန္နိဋ္ဌာန်ချမှတ်ထားသည်။

ရေဝတီဘဏ်သည် ဘဏ်ခွဲကွန်ရက်ကို ဆက်တိုက်တိုးချဲ့လျက်ရှိရာ ၂၀၁၄ ခုနှစ် မတ်လတွင် ဘဏ်ခွဲပေါင်း ၆၄ ဘဏ်သာရှိသော်လည်း ယခု ၂၀၁၇ ခုနှစ် ဇူလိုင်လကုန်တွင် ဘဏ်ခွဲပေါင်း ၂၂၅ ဘဏ် ရှိပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ပင် ဘဏ်ခွဲပေါင်း ၁၀၄ ဘဏ်ရှိသည်။ ယင်းအချိန်ကာလအပိုင်းအခြား၌ပင် သုံးစွဲသူဦးရေ ၃၀၀၀၀၀ ခန့်မှ ယခုအခါတွင် ၁ ဒသမ ၂ သန်းကျော်သို့ တိုးပွားကာ နိုင်ငံတော်ရည်မှန်းချက်ဖြစ်သော ဘဏ္ဍာရေးကဏ္ဍတွင် လူတိုင်းပါဝင် ပတ်သက်လာနိုင်ရေးကို ဦးတည်လျက်ရှိသည်။

၂၀၁၇ ခုနှစ်တွင် နည်းပညာပိုင်းဆိုင်ရာစီမံချက်အဖြစ် ပင်မဘဏ်လုပ်ငန်းနည်းပညာစနစ်အသစ် Finastra (ယခင်Misys)ဟူသော ကမ္ဘာ့စံချိန်မီစနစ်သို့ စတင်အသွင်ကူးပြောင်းလျက်ရှိသည်။ ယင်းခေတ်မီစနစ်သည် လက်ရှိအသုံးပြုလျက်ရှိသော ပင်မဘဏ်လုပ်ငန်းနည်းပညာစနစ်ကို အစားထိုးသွားမည်ဖြစ်ပြီး ယခုကိုယ်ကာယစိုက်ထုတ်၍ဆောင်ရွက်နေသော လုပ်ငန်းမှန်သမျှကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲလျက် လုပ်ငန်းများ ပိုမိုတွင်ကျယ်စေမည့်အပြင် ဘဏ်ရှိ လက်လီ တစ်သီးပုဂ္ဂလများအတွက် ဘဏ်လုပ်ငန်း၊ အသေးစား အလတ်စားစီးပွားရေးများအတွက် သီးသန့်ဘဏ်ဝန်ဆောင်မှုများနှင့် စီးပွားရေးလုပ်ငန်းကြီးများ၊ ကုမ္ပဏီကြီးများအတွက် သီးခြားဘဏ်လုပ်ငန်းများကို အသုံးပြုသူများက ဝန်ဆောင်မှုများနှင့်ကုန်ပစ္စည်းများကို လိုအပ်သလို စိတ်ကြိုက် လျင်မြန်ချောမွေ့စွာ အသုံးပြုသွားနိုင်မည်ဖြစ်သည်။

လူငယ်လူရွယ်အများအပြားကို လေ့ကျင့်သင်ကြားပေးနိုင်ခြင်း၊ ဘဏ်ခွဲပေါင်းများစွာကို အချိန်တိုတိုအတွင်းတွင် ဖွင့်လှစ်လျက် ဘဏ်ခွဲကွန်ရက်ကို ကြီးမားစွာချဲ့ထွင်လျက်ရှိခြင်း၊ နောက်ဆုံးပေါ် ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာနည်းပညာစနစ်ကို အသုံးပြုလျက်ရှိခြင်း၊ အဖွဲ့အစည်းကြီးတစ်ခု၏ နည်းစနစ်ကျနစွာ စီမံခန့်ခွဲမှုရှိခြင်း၊ အပြည်ပြည်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့်ကိုက်ညီစွာ ဆောင်ရွက်နိုင်ခြင်းများနှင့် ဝန်ထမ်းများ၏ဖော်ရွေပျူငှာမှု၊ ဝန်ဆောင်မှုကောင်းခြင်းတို့သည် အခြားဘဏ်များမှ ခွဲထွက်လျက် ရေဝတီဘဏ်၏ ပြောင်မြောက်ထူးချွန်သောအချက်များဖြစ်သည်။

တစ်ကြိမ်တည်းမှာပင် ရေဝတီဘဏ်သည် တီထွင်ကြံဆမှုများနှင့် အကောင်းမွန်ဆုံးသော အပြည်ပြည်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ စံချိန်စံနှုန်းများကို လိုက်နာကျင့်သုံးသည့်နေရာတွင်လည်း တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသော မှတ်တမ်းများရှိသည်။ အောက်ပါတို့သည် ထူးခြားစွာအောင်မြင်ခဲ့သော မှတ်တိုင်များဖြစ်သည်။

- နေ့စဉ်အတိုးနှုန်းပုံမှန်ပေးခဲ့သော ဘဏ်ဝန်ဆောင်မှုကို ပထမဦးဆုံးပေးခဲ့သည့်ဘဏ်။
- ချေးငွေအမျိုးအစားများဖြစ်သည့် စီမံကိန်းချေးငွေ၊ နှစ်ချုပ်ချေးငွေနှင့် အစုအဖွဲ့ချေးငွေ စသည်ဖြင့်ချေးငွေပေါင်းများစွာကို အသေးစား၊ အလတ်စား စီးပွားရေးများကိုသာမက ကုမ္ပဏီကြီးများကိုပါ ထုတ်ချေးပေးနေသောဘဏ်။
- ငွေလွှဲငွေထုတ်ဝန်ဆောင်မှုများကို နိုင်ငံနှင့်တစ်ဝန်းတွင် လျင်မြန်စွာဆောင်ရွက်ပေးနေလျက် ငွေအသွင်းအထုတ်များကို အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားပေးပြီး ငွေလက်ခံရရှိရာစာရင်းများကိုလည်း အလိုအလျောက်နည်းပညာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဝန်ဆောင်မှုပေးနေသော ပထမဦးဆုံးသောဘဏ်။
- ဝန်ဆောင်မှုနှင့်ထုတ်ကုန်(၄)မျိုးဖြစ်သည့် ငွေစာရင်းစာအုပ်၊ MPU ငွေထုတ်ကတ်၊ အင်တာနက်စာရင်းနှင့် မိုဘိုင်းဖုန်းပေါ်မှစာရင်းတို့ကို အကောင်းဆုံးတီထွင်ကြံဆကာ တစ်ကြိမ်တည်းပေးသောဘဏ်။
- မြန်မာနိုင်ငံတွင် အင်တာနက်နှင့် မိုဘိုင်းဖုန်းပေါ်တွင်ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို ပထမဦးဆုံးပေးသောဘဏ်။
- မိမိဝယ်ယူလိုသောပစ္စည်းကို ဘဏ်နှင့်ချိတ်ဆက်ကာ အရစ်ကျငွေချေ၍ ဝယ်ယူခွင့်ပေးသောဘဏ်။
- စည်ပင်သာယာအခွန်များကို ဘဏ်ဝန်ဆောင်မှုတစ်ဆင့် ပေးနိုင်စေရန် ပထမဦးဆုံးစီမံပေးသောဘဏ်။
- Visa အကြွေးဝယ်ခွင့်ကတ်သုံးမျိုးလုံးကို တစ်ပြိုင်နက်ဈေးကွက်အတွင်းသို့ မိတ်ဆက်လိုက်သောဘဏ်။
- လူ့အခွင့်အရေးဆိုင်ရာစာရင်းစစ်ခြင်းကို မိမိဆန္ဒအလျောက် စာရင်းစစ်ခြင်းခံသောဘဏ်။
- အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့က အကြံပေးချက်များဖြစ်သည့် မသမာသူများကို အသိပေးခြင်းနှင့် အသားအရောင်၊ လူမျိုးရေး၊ ဘာသာရေး ခွဲခြားမှုကင်းစင်ခြင်း လူ့စွမ်းအားအရင်းအမြစ်မူဝါဒကို ကျင့်သုံးသော ပထမဦးဆုံးဘဏ်။
- ကျား မ မခွဲခြားဘဲ တန်းတူလုပ်ငန်းအကျိုးခံစားခွင့်များပေးလျက်ရှိသော ပထမဦးဆုံးဘဏ်။
- အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးစာရင်းတင်ပြသော စံချိန်စံနှုန်းကို လိုက်နာလျက်ရှိသော ပထမဦးဆုံးနှင့် တစ်ခုတည်းသောဘဏ်။
- အပြည်ပြည်ဆိုင်ရာ စာရင်းစစ်ခြင်း စံချိန်စံနှုန်းများနှင့်အညီ ကမ္ဘာ့ထိပ်တန်း စာရင်းစစ်ကုမ္ပဏီကြီး(၄)ခု၏ စာရင်းစစ်ခြင်းကို ခံယူနေသော ပထမဦးဆုံးနှင့် တစ်ခုတည်းသောဘဏ်။
- အများပြည်သူခရီးသွားများ ခရီးသွားစဉ် အသက်အန္တရာယ်ကင်းရှင်းစေရန် ထိုင်ခုံခါးပတ်ပတ်ရေးလှုံ့ဆော်သော၊ မိမိနေထိုင်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အသိပညာပေး လှုံ့ဆော်နေသော ပထမဦးဆုံးဘဏ်။

သုံးစွဲသူအမျိုးမျိုး၏ မတူကွဲပြားခြားနားသော လိုအပ်ချက်များကို သိရှိနားလည်ထားသည့်အလျောက် AYA Financial Group မှတစ်ဆင့် ရေဝတီဘဏ်၊ AMI ရေမြန်မာအာမခံကုမ္ပဏီ၊ AYA Trust Securities (ခေါ်) စတော့ဈေးကွက် အာမခံစာချုပ်များ စသည်တို့က ချေးငွေများ၊ ကုမ္ပဏီအစုရှယ်ယာများ၊ အသက်အာမခံနှင့် အခြားအထွေထွေအာမခံများ စသည့်ကျယ်ပြန့်သော ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် ကုန်ပစ္စည်းများကို လက်လီ တစ်ဦးချင်း၊ အသေးစား၊ အလတ်စား စီးပွားရေးများအပြင် လုပ်ငန်းကြီးများ၊ ကုမ္ပဏီခွဲပေါင်းများစွာဖြင့် ဖွဲ့စည်းထားသော ကုမ္ပဏီကြီးများကို လိုအပ်သလို ဝန်ဆောင်မှုများပေးလျက်ရှိသည်။ AYA Financial Group ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားတက်သရော အထောက်အကူပြုလျက် တိုင်းပြည်၏ ဘဏ္ဍာရေးကဏ္ဍ အလျင်အမြန်တိုးတက်ပြောင်းလဲရန် တစ်တပ်တစ်အား ပါဝင်ကူညီခြင်းဖြစ်သည်။

ရေဝတီဘဏ်သည် အလျင်မြန်ဆုံး ပြောင်းလဲတိုးတက်လျက်ရှိသည့် စီးပွားရေးကဏ္ဍများထဲမှ တစ်နေရာတွင် အလျင်မြန်ဆုံးဖွံ့ဖြိုးတိုးတက်နေသည့် ဘဏ်ဖြစ်သည်သာမကဘဲ အပြည်ပြည်ဆိုင်ရာအကောင်းဆုံးလုပ်ထုံးများ၊ စံချိန်စံညွှန်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းပိုင်းဆိုင်ရာ စံချိန်စံညွှန်းများကို အပြည့်အဝ လိုက်နာလျက်ရှိသော လူအများ စိတ်ချယုံကြည်ဖွယ်ရာ ဘဏ်ဖြစ်သည်။

## ကျေးဇူးတင်ရှိခြင်း
## ဒေါ်ကင်းရှိန် (မုဒုံ)
**အထက(၁)အင်းစိန်၊ အထက(၇)မင်္ဂလာတောင်ညွန့်၊ အထကရွှေညောင်၊ အထက(၁၀)မော်လမြိုင်၊ အထက ရေးမြို့၊ အထက(၂)မုဒုံ**
**အသက်(၈၃)နှစ်**

၇-၈-၂၀၁၇ရက်(တနင်္လာနေ့)တွင် ကွယ်လွန်ခဲ့သော ဒေါ်ကင်းရှိန် နာမကျန်းဖြစ်စဉ်က အစွမ်းကုန်ကုသပေးခဲ့ကြသော ပင်လုံဆေးရုံ၊ အောင်ရတနာဆေးရုံတို့မှ ပါမောက္ခများ၊ ဆရာဝန်၊ ဆရာမများ၊ ကွယ်လွန်ပြီးနောက် စာနာစိတ်ဖြင့် ကူညီနှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးများ၊ မိတ်ဆွေ၊ တပည့် ကျောင်းသား/သူဟောင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများ၊ အိမ်နီးချင်းများနှင့် ရပ်ကွက်နာရေးကူညီမှု အသင်း အားလုံးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ လိုအပ်ချက်များ ရှိခဲ့ပါက ခွင့်လွှတ်ပေးကြပါရန် အနူးညွတ်ပန်ကြားအပ်ပါသည်။

**ကျေးဇူးတင်စွာဖြင့်**
**ကျန်ရစ်သူမိသားစု**

---

## ဦးအောင်မြိုင် (စည်ပင်-ငြိမ်း) အသက်(၈၁)နှစ်
**ဌာနခွဲမှူး(ပန်း/ဥယျာဉ်-ငြိမ်း) မြို့တော်စည်ပင်**

ထန်းတပင်မြို့နယ်၊တော်လတဲ့ကျေးရွာနေ(ဦးသာရှင်-ဒေါ်သန့်)တို့၏သား၊ ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊တိုက် ၂၄၂၊ အခန်း၅နေ (ဒေါ်မူမူ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှကြည်-ဒေါ်ညွန့်ရင်တို့၏ညီ၊ ဦးသန်းမြင့်-ဒေါ်နုနုလွင်၊ဦးသန်းလွင်-(ဒေါ်ခင်မာကြည်)တို့၏အစ်ကို၊Indiana ပြည် နယ်၊Fort Wyne မြို့ (USA) နေ ဦးဉာဏ်အောင်-MrsChristine Aung ၊ ဦးအောင်ကျော်စိုး-ဒေါ်တင်တင်အောင်၊(ဦးဆန်းမော်)၊ ဦးနေမျိုးထွန်း(2 nd Engr Woqot Marine Management Qatar)-ဒေါ်မြတ်မြင့်သိန်း၊ ဦးဝေလင်းထွန်းတို့၏ချစ်လှစွာသော ဖခင်၊Andrea Aung၊AlexiaAung မောင်ထက်အာကာ(Second Year UCSY)၊ မောင်ဘုန်းမြင့်ပြည့်စုံ(Grade-10) အထက-၂၊ ဗဟန်း၊မောင်စွမ်းလရောင်ထွန်း (Grade-3 )အမက-၁၊ဗဟန်းတို့၏အဘိုးသည် ၁၄-၈-၂၀၁၇ ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၂၀နာရီတွင်ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၇ရက် (သောကြာနေ့)ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်လင်း
**မန္တလေးအဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တိုးချဲ့ရပ်ကွက်၊ အမှတ် (၁/၃၂)နေ ဒေါ်စန်းရီ၏ချစ်လှစွာသောခင်ပွန်း ဦးစိန်လင်း အသက်(၇၉)နှစ် သည် ၁၂-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်လှလှနွယ်၊ ဒေါ်ခင်သူ၊ ဦးစိန်ဌေး-ဒေါ်ဆွေဆွေဦး၊**
**ဦးထိန်ဝင်း-ဒေါ်ခင်ဌေး**

---

## ဝမ်းနည်းကြေကွဲခြင်း

OTS(၆၉) သူရတပ်ခွဲမှ ကသ ၁၃၈ ဗိုလ်ကြီးမြင့်ဦး(ငြိမ်း) သည် ၁၃-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ(၆၉)မှ သူငယ်ချင်းများ**

---

## ဦးခင်မောင်အေး
**အသက်(၇၀)**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ ယင်းမာမြိုင် ၂လမ်း၊ အမှတ်(၆၅/A) နေ(ဦးဘို-ဒေါ်ခင်မေ)တို့၏သား၊ ဒေါ်ယဉ်ယဉ်နွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်မောင်ဦး - ဒေါ်စန်းစန်းမြင့်)တို့၏မောင်၊ ဒေါ်ခိုင်သစ္စာ၊ ဦးမျိုးမင်း-ဒေါ်နွယ်နွယ်အေး၊ ဦးမျိုးတင့်-ဒေါ်မိုး မြင့်စံ၊ ဦးခင်မောင်သန့်-ဒေါ်အေးပွင့်ဖြူ တို့၏အစ်ကို၊(ရဲလင်းနောင်)၊(ဇော်မင်းမင်း)၊ ပွင့်နဒီမောင်(ရုပ်ရှင်သရုပ်ဆောင်) တို့၏ဖခင်၊ ဟန်နီလင်း၏အဘိုးသည် ၁၆-၈-၂၀၁၇ရက် နံနက် ၂း၂၀နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈- ၂၀၁၇ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အထူးကျေးဇူးတင်ရှိပါကြောင်း

ဦးဇော်မင်းဦး (အထွေထွေအတွင်းရေးမှူး-မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊Chairman MTG Group of Company)-ဒေါ်အိဟန်နီဌေး (MD-MTGDC Co.,Ltd) တို့၏ဖခင် ဦးစိန်တင် အသက်(၇၇)နှစ် [ဌာနခွဲစာရေးကြီး(ငြိမ်း)၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန]သည် ၃-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပြီး ဖခင်ကြီး မကျန်းမာစဉ်မှစ၍ ဆေးကုသပေးခဲ့သော ပါမောက္ခဒေါက်တာဒေါ်မိုးမိုးစမ်း၊ ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းဆွေ၊ ဗဟိုစည်ဆေးရုံမှတာဝန်ခံဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းများ၊ နာရေးကိစ္စကို အဘက်ဘက်မှဝိုင်းဝန်းကူညီခဲ့သော ဆွေမျိုးများ၊ မိတ်ဆွေများနှင့် အနယ်နယ်အရပ်ရပ်မှ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း၊ Facebook၊ Messenger တို့မှ ဝမ်းနည်းကြောင်း အားပေးနှစ်သိမ့်သူများ၊ သတင်းစာမှ ဝမ်းနည်းကြောင်း ထည့်သွင်းဖော်ပြသူများ၊ ပန်းခြင်းဖြင့်ဖြစ်စေ၊ သတင်းမေးမြန်းကြသော မိတ်ဆွေများအပါအဝင် အဘက်ဘက်မှဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်လင်း
**မန္တလေးအဝေးသင်တက္ကသိုလ်၊ ပါမောက္ခချုပ်(ငြိမ်း)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) တိုးချဲ့ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၁/၃၂ နေ ဆရာကြီးဦးစိန်လင်းသည် ၁၂-၈-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများနှင့်တပည့်များ (မန်းတက္ကသိုလ်-ဓာတုဗေဒ)**
**ဦးခင်မောင်ညွန့်-ဒေါက်တာမိမိသင်း**
**ဦးတင်မောင်-ဒေါ်ခင်မြမြ(သူရိန်နန်း)**
**ဦးခင်မောင်ကြီး-ဒေါက်တာခင်မေလင်း**
**ဦးတင်ထွန်း၊ ဦးအောင်သိန်း(ညို)**
**ဒေါက်တာခင်ဝင်းအေး၊ ဒေါက်တာဝါဝါခင်၊**
**ဒေါ်စောရှိန်၊ ဒေါ်ညွန့်ညွန့်ဟန်**

---

## ဦးစက်တင် (ကျောက်ဆည်)
**ညွှန်ကြားရေးမှူး-ငြိမ်း (ပို့/ဆက်)**
**အသက် (၇၆)နှစ်**

ကျောက်ဆည်မြို့၊ ကံဦးရပ်နေ (ဦးပု+ဒေါ်သန့်) တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်ရီရီမြင့်၏ ခင်ပွန်း၊ (ဦးအောင်ကျော်ဇော(ခ)ဦးကျော်ဆွေ)၊ ဦးသိန်းဖေ+ ဒေါ်ယဉ်ချောဖြူ ဒေါ်ခင်နန်းအိတို့၏ ဖခင်၊ မခင်စံပယ်ဖြူသိန်း၏ အဘိုးဖြစ်သူ ဦးစက်တင်သည် ၁၁-၈-၂၀၁၇ ရက် (သောကြာနေ့ )တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုဿာန်၌ သဂြိုလ်ပြီးဖြစ်ပါကြောင်းနှင့် ၁၇-၈-၂၀၁၇ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သူအားရည်စူး၍ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဖခင်အမည်မှန်

၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် အထက(ပေါင်)မှ ခုံအမှတ် ညပ-၈၁၅ ဖြင့် အောင်မြင်ပြီးသူ မမှူးမှူးအိမ် ထူး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ ဦးဆန်နီ ၁၀/ပမန(နိုင်) ၀၀၂၂၃၈ ဖြစ်ပါကြောင်း။ **ဦးဆန်နီ**

---

## ဖခင်အမည်မှန်

ပေါင်မြို့နယ် အထက(ခွဲ)(ထန်းပင်ချောင်ကြီး) ပဉ္စမတန်းမှ မင်းဆန်းထက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးဘိုးတင် ၁၀/မဒန(နိုင်)၁၂၉၁၈၅ ဖြစ်ပါကြောင်း။ **ဦးဘိုးတင်**

---

### ဖောင်းကြွပျောက်
### လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/7612 ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အရှေ့စည်းရွာနေ ဦးညိုဝင်း-ဒေါ်ချောလွင်တို့၏သမီး မဝါဝါအောင် ၅/ကလထ(နိုင်)၁၈၈၁၈၉ အသက်(၂၆)နှစ်သည် ၆-၈-၂၀၁၇ ရက် နံနက် ၁၁ နာရီခန့်တွင် စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ရှမ်းတောလမ်းခုနစ်လွှာမှ ထွက်သွားရာ ယနေ့ချိန်အထိ ပြန်ရောက်မလာသဖြင့် လေးနှစ်သမီးအရွယ် သမီးလေးသည် နေမကောင်းဖြစ်နေပြီး ခင်ပွန်းဖြစ်သူ မောင်ဇော်ထွန်းဦးမှ စိတ်ပူနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ လက်ခံထားသူအား အရေးယူမည်။

**မောင်ဇော်ထွန်းဦး**
**ဖုန်း-၀၉-၇၇၆၁၁၁၁၂၀၊ ၀၉-၂၆၄၄၂၂၃၀၀**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ထီးတော် ဒါယကာကြီး
## ဦးအောင်မျိုးမြင့် (ဖိုးချို) အသက်(၅၆)နှစ်
**PRIMACY MYANMAR CO.,LTD.**

ရန်ကုန်မြို့နေ ဖဆပလခေတ်၊ စက်မှု၊ သတ္တုတွင်း၊ စီးပွား/ကူးသန်းဝန်ကြီးဟောင်း၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်(ဦးကျော်မြင့်လေး-ဒေါ်ရင်ရင်နွဲ့)တို့၏သား၊ [ဦးကျင်စိန်-ဒေါ်ညွန့်ညွန့်ဝင်း(ရွှေဟသ်ာ Electronics)]တို့၏သားသမက်၊ ဦးသန်းမြင့်(ရွှေဟသ်ာElectronics)-ဒေါ်မြမြသန်း၊ ဦးမောင်ရွှေ-ဒေါ်စံပယ်နိုင်တို့၏ညီ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ကုန်းမြင့်ရိပ် သာ၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၂၅၆၇နေ ဒေါ်မိုးမိုးဝင်း (PRIMACY MYANMAR CO.,LTD.)၏ချစ်လှစွာသောခင်ပွန်း၊ ကိုစစ်ပိုင်ဖြိုး(PRIMACY MYANMAR CO.,LTD.)၊ မစိမ့်ယုနွယ်(3rd MB,UM2)တို့၏ချစ်လှစွာသောဖခင်၊ ကိုမျိုးမင်းထွန်း-မမြသန္တာစိုး(ရွှေဟသ်ာ Electronics)၊ ကိုစိုးမင်းသူ-မဆောင်းဒီပါနွယ်(ရွှေဟသ်ာ Electronics)၊ မောင်အောင်စည်သူ၊ မောင်ကောင်းမြတ်နိုင်၊ မောင်အောင်ပြည့်ပြည့်၊ မောင်ကောင်းထက်နိုင်တို့၏ဘကြီး၊ မသံသာသူ၊ မောင်ဆက်ဝေလျှံထွန်းတို့၏ဘိုးဘိုးကြီးသည် ၁၆-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၂၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၇ရက် (သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ထီးတော် ဒါယကာကြီး
## ဦးအောင်မျိုးမြင့် (ဖိုးချို) အသက်(၅၆)နှစ်
**PRIMACY MYANMAR CO.,LTD.**

ရန်ကုန်မြို့နေ ဖဆပလခေတ်၊ စက်မှု၊ သတ္တုတွင်း၊ စီးပွား/ကူးသန်းဝန်ကြီးဟောင်း၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်(ဦးကျော်မြင့်လေး-ဒေါ်ရင်ရင်နွဲ့)တို့၏သား၊ [ဦးသက်ဆွေ(စက်မှု-၁၊ ငြိမ်း)]-ဒေါ်ယဉ်ယဉ်မြင့်(အထက-၁၊ ဒဂုံ-ငြိမ်း)၊ [ဒေါ်စိန်စိန်မြင့်(စက်မှုစားကုန်-ငြိမ်း)]၊ ဦးအေးမြင့် (MRTV-ငြိမ်း)-ဒေါ်စုစု(ရက္ခဗေဒဌာန-ငြိမ်း)၊ ဒေါ်လှလှမြင့်(PISM/CISM)၊ ဦးစိုးမြင့် (ရာဇာဥပဒေသင်တန်း)-ဒေါ်ခင်ကြူကြူလှိုင်၊ ဒေါက်တာဇော်မြင့်(FRIENDLY HOST TOURISM)၊ (ဦးနောက်နှင့်အာရုံကြောအထူးကုသမားတော်ကြီး ဒေါက်တာဦးတင်ဦး)-ဒေါက်တာဖြူဖြူမြင့်(PRIDE ISM)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၇)မိုင်၊ ကုန်းမြင့်ရိပ်သာ၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၂၅၆၇နေ ဒေါ်မိုးမိုးဝင်း(PRIMACY MYANMAR CO.,LTD.)၏ခင်ပွန်း၊ ကိုစစ်ပိုင်ဖြိုး(PRIMACY MYANMAR CO.,LTD.)၊မစိမ့်ယုနွယ်(3rd MB,UM2) တို့၏ချစ်လှစွာသောဖခင်၊ Captain ဦးအောင်မျိုးသက်-ဒေါ်မေဦးဟန်၊ C/O ဦးဇော်မျိုးသက်-ဒေါ်နန်းအေးသီတာကို၊ ဦးအေးမျိုး-ဒေါ်မေဇင်သက်(Australia)၊ Mark Covardale-ဒေါ်ခိုင်ဇင်စိုး(Singapore)၊ ဒေါက်တာချိုဇင်စိုး(UK)၊ ကိုခန့်ဖြိုးထက်၊ ကိုအောင်ကျော်ထက်-မခင်စန္ဒီစိုး(Australia)၊ ကိုပြည်စိုး(PISM)တို့၏ဦးလေးသည် ၁၆-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၂၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၇ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### အမည်ပြောင်း

ဦးစောမြင့်၏သမီး စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်နေ စာပန်းအိမ်ကိုယ်ပိုင် အထက်တန်းကျောင်း၊ ပြင်ဦးလွင်၊ တက္ကသိုလ်ဝင်တန်း(D)မှ မစောစန္ဒာခိုင်အား ညွှန်းသဒ္ဒါအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **ညွှန်းသဒ္ဒါအောင်**

---

## ဖခင်အမည်မှန်

ပေါက်တောမြို့ (အထက) ဒုတိယတန်း(A)မှ မောင်စည်သူစိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့်ထွန်း ဖြစ်ပါကြောင်း။ **ဦးစိုးမြင့်ထွန်း**

---

## ဒေါ်ခင်ပု (မြိတ်) အသက်(၉၀)

မြိတ်မြို့၊ ကံခေါင်းရပ်နေ(ဦးဘချင်-ဒေါ်ထူးမေ)၊ (ဦးရွှေကြာ)တို့၏သမီး၊ မြိတ်မြို့၊ ဈေးတန်းရပ်နေ(ဦးထွန်းမြ-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ သဇင်မြိုင်လမ်း၊ အမှတ်(၁)နေ [ Capt. ဦးရွှေတင်-ကျောင်းအုပ်ကြီး(ငြိမ်း)ရေကြောင်းပညာသိပ္ပံကျောင်း ]၏ ချစ်လှစွာသောဇနီး၊ [ဦးကျော်စိုး(ဒါရိုက်တာဘိတ်ကလာတဲ့ ငံပြာရည်)-ဒေါ်အေးအေးညွန့်]၊ ဦးလှရီ-(ဒေါ်နွဲ့နွဲ့)တို့၏ညီမ၊ အစ်မ၊ ဉူးနန္ဒဝံသ(သပြေချောင်းကျောင်း၊ ထားဝယ်မြို့)၊ ဒေါ်နွယ်နီတင်၊ (ဦးဇာနီတင်)၊ ဦးတင်နေဝင်း(ခ)ဘိုဘို-Manger, padonmar Restaurant တို့၏ ချစ်လှစွာသောမိခင်သည်၁၆-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၇ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်ပု (မြိတ်) အသက်(၉၀)

မြိတ်မြို့၊ ကံခေါင်းရပ်နေ (ဦးဘချင်-ဒေါ်ထူးမေ)၊ (ဦးရွှေကြာ)တို့၏သမီး၊ မြိတ်မြို့၊ဈေးတန်းရပ်နေ (ဦးထွန်းမြ-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သဇင်မြိုင်လမ်း၊ ပါရမီရိပ်သာ၊ အမှတ် ၁နေ [Capt.ဦးရွှေတင်(ကျောင်းအုပ်ကြီး-ငြိမ်း)၊ ရေကြောင်းပညာသိပ္ပံကျောင်း]၏ချစ်လှစွာသောဇနီး၊ ဦးသက်ခင်-ဒေါ်မြင့်ကျော်စိုး၊ ဒေါက်တာထွန်းသန်းထွန်း-ဒေါ်ချိုကျော်စိုး၊ ဦးတင်သိန်း-ဒေါ်သက်ကျော်စိုး၊ ဦးစိုးဝင်းနိုင်-ဒေါ်မြတ်ကျော်စိုး(ခေတ္တ USA)၊ ဒါရိုက်တာသီဟကျော်စိုး၊ Mr.Kanno Terualit-ဒေါ်သီကျော်စိုး(ခေတ္တ Japan)၊ (ဦးစိုးမိုးသူ)၊ မသင်းသင်းရီ၊ ဦးကိုကိုရီ-Mrs.Sumi Nae Suto(ခေတ္တ Japan)၊ မစန်းစန်းရီ၊ ကိုသန်းအောင်-မစိမ့်စိမ့်ရီတို့၏အဒေါ်၊ မြေး၁၄ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၁၆-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်ညွန့် အသက်(၈၂)နှစ်

မိတ္ထီလာမြို့၊ အင်ပင်ဝကျေးရွာနေ(ဦးတုတ်ကျော်-ဒေါ်ငွေရင်)တို့၏ချွေးမ၊ ကွမ်းခြံကုန်းမြို့၊ တော်ခရမ်းကြီးကျေးရွာနေ (ဦးညီငယ်-ဒေါ်အေးကြည်)တို့၏ သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ(၁၂)လမ်း၊ အမှတ်(၂၆၃)နေ ဦးကြည်မြ၏ ချစ်လှစွာသောဇနီး၊ ဒုအရာခံဗိုလ်ထွန်းထွန်းနိုင် (ကကထုတ် နေပြည်တော်)-မတင်နွယ်ဦး၊ ကိုဇော်ဝင်းနိုင်-မသန်းသန်းအေး(ခ) မညိုညို၊ ကိုကျော်စွာဝင်း+မစန်းစန်းညွန့်(ကညန၊အင်းစိန်)၊ ဒုရဲအုပ်သာမောင် (မောင်တော)+မတင်တင်ချို၊ ဦးဇော်ဇော် (စိန်စီတာယာရောင်းဝယ်ရေး)+မမော်မော်စန်းတို့၏မိခင်၊မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၆-၈-၂၀၁၇ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှဝင်း
## DSA 9th Intake
## ဗိုလ်လောင်းအမှတ်(၃၉၁)
## အသက်(၇၂)နှစ်

သူငယ်ချင်း ဦးလှဝင်းသည် ၁၆-၈-၂၀၁၇ ရက် နံနက် ၂ နာရီတွင် လှိုင်ကော်မြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်း ကြေကွဲရပါသည်။

**DSA 9th Intake မှ**
**သူငယ်ချင်းများ**

---

## ဒေါ်နှင်းနှင်းရီ (နယ်လီ)
**B.A (Myanmar)**
**အလယ်တန်းပြ(ငြိမ်း)၊ အထက(၃)ဗဟန်း**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရတနာလမ်းနေ (ဦးထွန်းအောင်-ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ဒေါ်ရှိစီခွမ်(စာရင်းစစ်မှူး-ငြိမ်း)၊ဦးမြင့်ခိုင် (အငြိမ်းစား ဗိုလ်မှူး၊ တပ်မတော်-ရေ)-(ဒေါ်ခင်လေးမြင့်)ဒေါ်ခင်မမ၊ ဦးအောင်ကျော်(MD T.SS. Co.,ltd)-ဒေါ်အေးကြည်၊ (ဒေါက်တာဘတင်)(ဆေးရုံအုပ်ကြီး-ငြိမ်း) (မ.န.န.လ ဆေးရုံကြီး)-ဒေါက်တာစမ်းစမ်းလှိုင်(ဆေးရုံအုပ်ကြီး-ငြိမ်း)(ရန်ကုန် အရှေ့ပိုင်းဆေးရုံကြီး)တာဝန်ခံဆရာဝန်ကြီး၊ မေတ္တာစမ်းရေဆေးခန်း၊ မိခင်နှင့်ကလေး၊ နေပြည်တော်၊ (ဦးဆန်းလွင်)-ဒေါ်နှင်းနှင်းဝေတို့၏ညီမ၊ ဒေါ်ရီရီခင် (လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)ရန်ကုန်တိုင်းစာရင်းစစ်ချုပ်ရုံး)၏ အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏ ဒေါ်လေးသည် ၁၆-၈-၂၀၁၇ရက် နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၁၇ရက် နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဦးဇော်မင်း
**(ဇော် -အမှုန့်ကြိတ်စက်)**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဒဂုံစက်မှုဇုန်(၂)၊ (၆၃)ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ် ၁၁၃၇နေ [ဦးရွှေထိန်(ဦးဝိသုန္ဒ)]-ဒေါ်အေးမြခင်တို့၏သား၊ ဦးသန်းထိုက်-ဒေါ်ခင် မိုးမိုး၊ ဦးမေအောင်-ဒေါ်ငယ်ငယ်၊ ဦးနိုင်ဝင်း-ဒေါ်စန္ဒာ၊ မောင်ဖိုးဖိုးတို့၏ အစ်ကို၊ (ဒေါ်ရှုလွင်)၏ခင်ပွန်း၊ မောင်ဝေယံထက်ဇော်မင်း၊ မအေးသီတာဇော်မင်း တို့၏ဖခင်သည် ၁၅-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၃း၂၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၇-၈-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ တောင်ဒဂုံစက်မှု ဇုန်(၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဒေါ်စောမေ (မိုးကုတ်မြို့)
**အသက်(၉၉)နှစ်**

မိုးကုတ်မြို့၊ မြို့မရပ်နေ (ဦးဆွတ်-ဒေါ်ခွန့်)တို့၏သမီး၊ (ဦးခင်မောင်)၏ဇနီး၊ (ဦးခင်မောင်သိန်း)-ဒေါ်အမာတို့၏မိခင်၊ ဦးဝင်းမင်းလတ်-ဒေါ်လီလီဝင်း၊ ဦးရဲမင်းလတ်၊ ဒေါ်နေခြည်သိန်းတို့၏အဘွား၊ မထက်သီရိဝင်း၏ဘွားဘွားကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ ဒုတိယထပ်(ယာ)၊ အမှတ် ၅၇ (A)နေ ဒေါ်စောမေသည် ၁၇-၈-၂၀၁၇ရက် မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်(၃)ပုံဒါယိကာမကြီး ဒေါ်စိန်လှ(ကမ္ဘာအေး) အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တံတားကလေးရွာမနေ(ဦးမောင်ဉာဏ်-ဒေါ်အေးကြွယ်)တို့၏သမီး၊ (ဦးပွင့်-ဒေါ်ပန်းမယ်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၅၆၂နေ (ဦးထွန်းရှိန်)၏ဇနီး၊ ဗိုလ်ကြီးငွေးဝင်း(ငြိမ်း)-(ဒေါ်သန်းသန်းဝေ)၊ ဗိုလ်မှူးသန့်ဇင်(ငြိမ်း)-ဒေါ်အေးအေးအောင်၊ (ဦးစန်းလွင်)-ဒေါ်ခင်သက်မော်(အလက-၁၊ မရမ်းကုန်း)၊ ဦးဝေကြည်(စစစ)-ဒေါ်မြင့်မြင့်သန်း(ဖွံ့ဖြိုးဘဏ်)၊ ဦးဝင်းညွန့်-ဒေါ်အေးအေးမြင့်(Gold Power Co.,Ltd.)၊ ဦးကျော်ကျော်နိုင်(ဒါရိုက်တာ၊ ခေတ်သစ်ဘုရင့်နောင်ကုမ္ပဏီ)-ဒေါ်ခင်သူဇာ(ကထိက၊ ပထဝီဝင်၊ ဒဂုံတက္ကသိုလ်)တို့၏ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၇-၈-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၁၇ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်စန်း (ဖျာပုံ၊ အလုံ)
**အသက်(၈၆)နှစ်**

သူငယ်ချင်း ဒေါ်အုန်းရီမြင့် (လက်ထောက် ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)၏ မိခင်ကြီး ဒေါ်ခင်စန်းသည် ၁၅-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**တရားရေးအရာရှိအပတ်စဉ်(၁၀)မှ သူငယ်ချင်းများ**

### ဒုအရာခံဗိုလ်တင်မြင့် (ဒကစ-ကလေး)
**ဦးစီးအရာရှိ၊ နယ်စပ်/စည်ပင်၊ ဖားကန့်မြို့(ငြိမ်း)**
**(ညောင်လေးပင်မြို့)**
**အသက်(၈၀)**

ညောင်လေးပင်မြို့နေ (ဦးအောင်-ဒေါ်ငြိမ်းသင်)တို့၏သား၊ တမူးမြို့နေ (ဦးချစ်ဖေ-ဒေါ်တင်ဥ)တို့၏သားသမက်၊ (ဦးမြ-ဒေါ်ခင်ရီ)၊ (ဦးတင်ဦး-ဒေါ်ခိုင်ခိုင်)တို့၏ညီ/မောင်၊ (ဦးမောင်မောင်အေး)-ဒေါ်နွဲ့တို့၏အစ်ကို၊ (ဒေါ်ခင်မေဘီ)၏ခင်ပွန်း၊ နေပြည်တော်၊ ခရေအိမ်ရာ၊ တိုက် ၁၂၄၊ အခန်း ၂၁နေ ဗိုလ်ကြီးတိုးတိုးဦး(ငြိမ်း)-ဒေါ်စောဥမ္မာမြင့်၊ဦးတင်ထွန်းအောင်-ဒေါ်စောကေသီအောင်(လ/ထ လဝကမှူး၊ ပခုက္ကူမြို့)၊ ဦးကျော်သူရ(UN ocha)-ဒေါ်မြင့်မြင့်လေး၊ ဦးဇော်လင်းထွန်း (လ/ထ ညွှန်ကြားရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)-ဒေါ်ကြည်သာငြိမ်းချမ်းတို့၏ဖခင်၊ တူ/တူမ ၁၆ယောက်တို့၏ဦးလေး၊ မမေမီမိုးမြင့်(ပထမနှစ်-TTU)၊ မဆုဆုမြတ်နိုးတင်(Grade-8၊ အထက-၂၊ ပခုက္ကူ)၊ ဦးညီသုတ(Grade-7၊ အထက-၅၊နေပြည်တော်)၊ မောင်ဖြိုးမင်း ခန့်(Grade-6၊ အထက-၂၊ ပခုက္ကူ)၊ မဇူဇင်မြတ်နိုး၊ မမှုန်နှံ့သာခင်တို့၏အဘိုးသည် ၁၇-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော်၊ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(ခရေအိမ်ရာ၊ တိုက် ၁၂၄၊ အခန်း ၂၁ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### တိန်ချိန်ကန်(ခ)ဦးစိန်အေး
**(ပိန်းကန်၊ခရမ်း)**
**အသက်(၇၈)နှစ်**

ဆန်စပါးကုန်စည်ဒိုင် ဘုရင့်နောင် ဒုဥက္ကဋ္ဌ ဦးမျိုးအောင်-ဒေါ်သန်းသန်းအောင်တို့၏ဖခင် တိန်ချိန်ကန်(ခ)ဦးစိန်အေး အသက်(၇၈)နှစ်သည် ၁၆-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင်**
**ဖွံ့ဖြိုးရေးကော်မတီ**

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### တိန်ချိန်ကန်(ခ)ဦးစိန်အေး (ပိန်းကန်၊ခရမ်း)
**အသက်(၇၈)နှစ်**

ဆန်စပါးကုန်စည်ဒိုင် ဘုရင့်နောင် ဒုဥက္ကဋ္ဌ ဦးမျိုးအောင်-ဒေါ်သန်းသန်းအောင်တို့၏ဖခင် တိန်ချိန်ကန်(ခ)ဦးစိန်အေး အသက်(၇၈)နှစ်သည် ၁၆-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကော်မတီဝင်များ**
**ဆန်စပါးကုန်စည်ဒိုင်**
**ဘုရင့်နောင်**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးချုပ်မြင့်မောင်(ငြိမ်း) ကြည်း-၁၂၈၄၂
**အသက်(၇၂)နှစ်**

သူငယ်ချင်း ဗိုလ်မှူးချုပ်မြင့်မောင်သည် ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသည်။ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာထွန်းကြည်(ဆေးရုံအုပ်ကြီး-ငြိမ်း)-ဒေါက်တာတင်တင်(ကျောက်မဲ)**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ကျောက်တွင်းကုန်းလမ်းဆုံအနီး၊ ဝိနယာရာမကျောင်းတိုက်**
### ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ မဟာထေရ်
**သာသနဓဇ သိရီပဝရ ဓမ္မာစရိယ စေတိယင်္ဂဏ ဓမ္မာစရိယ၊ ဗုဒ္ဓသာသန ဒီဃဘာဏက**
**သက်တော်(၉၀)၊ သိက္ခာတော်(၇၁)ဝါ**

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ကျောက်တွင်းကုန်းလမ်းဆုံအနီး ဝိနယာရာမကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် "ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ" သာသနဓဇ သိရီပဝရ ဓမ္မာစရိယ စေတိယင်္ဂဏ ဓမ္မာစရိယ၊ ဗုဒ္ဓသာသန ဒီဃဘာဏက ဆရာတော်ကြီးသည် (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) ၁၅-၈-၂၀၁၇ရက် (အင်္ဂါနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၂ရက်) ၂၃-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ကျောက်တွင်းကုန်းလမ်းဆုံအနီး ဝိနယာရာမကျောင်းတိုက်၌ဈာပနအခမ်းအနားကျင်းပပြီး ဆင်ဖြူကွင်းသုသာန်သို့ ပင့်ဆောင်ကာ အန္တိမအဂ္ဂိဈာပနပွဲ ကျင်းပပြုလုပ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီဖြစ်မြောက်ရေးအဖွဲ့
တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ
ဝိနယာရာမကျောင်းတိုက်၊ ပဲခူးမြို့

### ဒေါ်မြထူး
**အလယ်တန်းပြဆရာမ(ငြိမ်း)၊ အထက(၁)ရန်ကင်း**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ ကန်သာယာ ၂လမ်း၊ အမှတ် ၉၇၃နေ (ဦးထွန်းအောင်-ဒေါ်မိ)တို့၏သမီး၊ (ဦးပြုံးချို)၏ချစ်လှစွာသောဇနီး၊ ဦးသန်းထွန်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်ယဉ်ယဉ်မေ၊ ဦးမျိုးမင်း(ဆသရ-၃၊ ငြိမ်း၊ မြန်မာ့ဆက်သွယ်ရေး)-ဒေါ်ခင်ခင်လေး (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း)၊ ဒေါက်တာဦးကျော်ဝင်း (စိတ်ရောဂါအထူးကုဆရာဝန်ကြီး၊ ငြိမ်း)-သမားတော်ကြီး ဒေါက်တာဒေါ်ခင်အုံးတင့်(ငြိမ်း)၊ ဒေါ်ဝေဝေကြည်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၈-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၇ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်မာမာ (ဇန်းမောက်)
**အငြိမ်းစားကျောင်းဆရာမ**
**အသက်(၈၀)**

မန္တလေးမြို့၊ မဟာမြိုင်အပိုင်း(၁)နေ(ဦးထွန်းမောင်-ဒေါ်သိန်း)တို့၏သမီး၊ [ဦးစန်းလွင်(လက်ထောက်တိုင်းဦးစီးမှူး၊ လဝက၊ ငြိမ်း)]၏ဇနီး၊ ဦးထွန်းနိုင်သန်း [AGM သစ်မာသစ်လုံးဌာနစု (မြန်မာ့သစ်လုပ်ငန်း)] - ဒေါ်သီသီလွင် (JAT ရန်ကင်း TTC)၊ ဦးထိန်လင်း(လဝကဦးစီးမှူး၊ သပိတ်ကျင်းမြို့နယ်)-ဒေါ်မိုးမိုးလွင်(JAT)၊ ဒေါ်မာမာလွင်(ဦးစီးအရာရှိ၊ လဝက၊ ယင်းမာပင်မြို့)၊ ဦးအောင်မိုးဝင်း(လက်ထောက်ညွှန်ကြားရေးမှူး-၃၊ တည်ဆောက်ရေး-၂၊ ဆည်မြောင်းဦးစီးဌာန) - ဒေါ်ဆွေဆွေလွင်ထူးတို့၏မိခင်၊ မောင်လွှမ်းမိုးအောင်၊ ဗိုလ်ကြီးမြတ်ဘုန်းသစ်-မဆုဝေဖြိုး၊ မောင်ကျော်သီဟထွန်း၊ မမေသူခိုင်၊ မဆုထက်ထက်အောင်၊ မမေသဲသဲအောင်၊ မစိုးသီရိထွန်းတို့၏အဘွားသည် ၁၇-၈-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၃၆-ဘီ၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်သောင်းကြည်
**အသက်(၇၀)**

ပုသိမ်မြို့နေ (ဦးစံငို-ဒေါ်မယ်ငြိမ်း) တို့၏သမီး၊ ရန်ကုန်မြို့၊ ၄၆လမ်းတို၊ အမှတ် ၅၂၊ (ရှစ်လွှာ)နေ(ဦးမောင်စု)၏ဇနီး၊ ဒေါ်ခင်ဆုကြည်၊ ဦးခင်မော်-ဒေါ်ရီရီနွဲ့တို့၏မိခင်၊ မောင်ကောင်းထက်ဇော်၊ မောင်ဟိန်းထက်အောင်တို့၏အဘွားသည် ၁၅-၈-၂၀၁၇ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၁၇ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၈-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်ခင်ပု (မြိတ်)
**အသင်းဝင်အမှတ်(၃၇၁)**
**အသက်(၉၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သဇင်မြိုင်လမ်း၊ ပါရမီရိပ်သာ၊ အမှတ်(၁)နေ (Capt. ဦးရွှေတင်)၏ဇနီးသည်၁၆-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးကျော်ငွေး
**ရန်ကုန်စီးပွားရေးတက္ကသိုလ် (၁၉၇၉)ခုနှစ်**
**Kyaw Family Travel and Tours**
**အသက်(၆၅)နှစ်**

မုံရွာမြို့၊ သပြေပင်တောရလမ်းနေ ဒေါ်အေးအေးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးဇင်ပိုင်ဖြိုး - မအေးသီတာကျော်၊ မောင်မောင်မြင့်ကျော်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် မန္တလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးအံ့ဖေ
**(အငြိမ်းစား) ကြီးကြပ်ရေး ဘူမိဗေဒအရာရှိ၊ မြန်မာ့ရေနံ**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောကျောင်းလမ်း၊ အမှတ် ၁၃၊ လေးလွှာနေ (ဦးလှဖေ-ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးလှရွှေ-ဒေါ်အေးသိန်း)တို့၏သားသမက်၊ ဒေါ်နီလာရွှေ၏ခင်ပွန်း၊(ဦးစစ်လွင်ဦး)-ဒေါ်မိမိ၊ဦးဟန်ကြည်-ဒေါ်မြင့်မြင့်၊ (ဦးရဲမင်း)-ဒေါ်မိမိကြည်တို့၏ညီ/မောင်၊ (ဦးအောင်ကျော်မင်း)-ဒေါ်ခင်သန်းဝင်း၊ ဦးအောင်ချို-ဒေါ်တူးတို့၏အစ်ကို၊ ဦးဖေသီဟန်-ဒေါ်ညိမ်းဆုမိုး၊ ဒေါ်သက်သံသာရွှေ၊ ဒေါ်အေးအိန္ဒြေခင်ခင်တို့၏ ဖခင်သည် ၁၆-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၁၇ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးစိန်ထွေး (ယက္ခန်း)
**အသက်(၉၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်နေ(ဦးစံညွန့်-ဒေါ်နှင်းရင်)တို့၏သား၊ (ဦးပြား-ဒေါ်အုန်းရင်)တို့၏သားသမက်၊ (ဒေါ်သိန်းမြ)၊ (ဦးသိန်းအောင်-ဒေါ်ကျင်ဆွေ့)တို့၏ညီ/မောင်၊ ဦးကျင်ဟုံ-(ဒေါ်ကျင်အေး)တို့၏အစ်ကို၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၂၆/၂၇ (မြေညီထပ်)နေ ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ကြည်ကြည်စိန်၊ ဦးမြင့်ရှိန်၊ ဦးသန့်ဇင် - (ဒေါ်စန်းစန်းငွေး) တို့၏ဖခင်၊ မောင်အေးချမ်းကိုကို B.E (Civil)၊ မမြင့်မြတ်သံသာ(ဒုတိယနှစ်၊ Zool) (ဒဂုံတက္ကသိုလ်)၊ မအေးကျော့မွန် (အထက-ခွဲ၊ လ-၆၊ လှိုင်)တို့၏အဘိုး၊ [ဒေါ်မွှံ(ခ)ဒေါ်စိန်ရီ]၏ချစ်လှစွာသောခင်ပွန်းသည် ၁၆-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၀၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးအောင်ဝင်း
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၄) ရပ်ကွက်၊ မော်တင်လမ်း၊ အမှတ် ၇၆၊ ပထမထပ်နေ (ဦးအင်းစိန်-ဒေါ်လျှံအိန်) တို့၏သား၊(ဦးမောင်မောင်)၊ဒေါ်ရှုအိုင်တို့၏သားသမက်၊ ဒေါ်အေးအေးဝင်း၏ခင်ပွန်း၊ကိုမြင့်သိန်းဦး-မအေးသက်မော်၊ ကိုရဲခိုင်အေး-မဖြူဖြူခိုင်၊ ကိုအောင်မြင့်တို့၏ဖခင်၊မောင်အောင်သွင်ဦး၊ မလင်းရွှေရည်ဦးတို့၏အဘိုးသည် ၁၇-၈-၂၀၁၇ရက် နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
### ဦးစိုးလွင်
**အသက်(၇၄)နှစ်**

(ဦးကျင်စိန်)-ဒေါ်စောဝှာကြီတို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၉၉(စီ)၊ လေးလွှာနေ ဒေါ်စန်းစန်းနိုင် (အလုပ်ရုံခွဲမှူး၊ ငြိမ်း၊ စောင်စက်ရုံအမှတ်-၂)၏ခင်ပွန်း၊ ဦးလှသိမ်း-ဒေါ်တင်တင်မြ၊ ဦးဝင်းမော်-ဒေါ်ပို့ပို့တို့၏မောင်၊ ဦးသိန်းညွန့်-ဒေါ်တင်တင်လှ၊ ဆရာဦးမောင်ဟန် - ဒေါ်လီလျန်ရွှေ၊ PEARL and BRYAN.TIU(USA)၊ ဒေါ်ခင်ခင်ထွေး (USA)တို့၏ အစ်ကိုသည် ၁၆-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၈-၂၀၁၇ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးအောင်သူ
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ တိုက် ၇၆/၁၊ ကမာလမ်း(အနောက်)၊ (၂၄)ရပ်ကွက်၊သုဝဏ္ဏနေ ဦးကြည်ဝင်း-ဒေါ်ခင်မြင့်တို့၏သား၊ (ဦးအေးလွင်)-ဒေါ်သီတာအောင်၊ ဦးသိန်းစိုး၊ ဦးမောင်မောင်အေး-ဒေါ်ခင်အေးမူ၊ ဦးသန့်ဇင်၊ ဦးသန်းထွဋ်(ရိုးမဘဏ်ရုံးချုပ်) - ဒေါ်စန်းစန်းယု၊ (ဒေါ်မဋ္ဌူ)တို့၏တူ၊ ဒေါ်နွေဦးမြင့် (အထက-၂၊ လမ်းမတော်)၏ခင်ပွန်း၊ မောင်ဇင်မင်းခန့်၊ မောင်ဇင်ဘုန်းထက်တို့၏ဖခင်၊ (ဦးလှဝင်းမြင့်)၊ ဒေါ်ကလျာဝင်း(ရိုးမဘဏ် FMI ဘဏ်ခွဲ)တို့၏အစ်ကို၊ မောင်မြတ်မင်းခန့်၊ မအိန္ဒြာချမ်းမြေ့တို့၏ ဘကြီးသည် ၁၅-၈-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
**မဟာဒွါရနိကာယ တေရသမ သာသနာပိုင်**
**အဘိဓဇမဟာရဋ္ဌဂုရု-အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက-သက်တော်ရှည်**
### ဆရာတော် ဘဒ္ဒန္တကုမာရိန္ဒာဘိဝံသ (ဟင်္သာတ)
**သက်တော်(၁၀၁)နှစ်၊ သိက္ခာတော်(၈၁)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ကနောင်စုရပ်ကွက်၊ မဟိတာရုဏ်ကျောင်းတိုက်ကြီး၏ဦးစီးပဓာန(အင်္ဂပူမြို့နယ် ကျောက်ရဲကျေးရွာနေ ခမည်းတော်ဦးကျော်ဇံ-မယ်တော် ဒေါ်နှင်းခက်)တို့၏သား၊ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယဂိုဏ်းကြီး၏ဦးစီးပဓာနမဟာနာယက-ဂဏဥသျှောင်-ဂဏာဓိပတိ-ဆရာတော် ဘဒ္ဒန္တကုမာရိန္ဒာဘိဝံသ မထေရ်မြတ်ကြီးသည် (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) ၁၅-၈-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ဝါခေါင်လကွယ်နေ့) ၂၁-၈-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကျောင်းတိုက်အတွင်းရှိ ဇည့်ခံဓမ္မာရုံစံကျောင်းတော်သို့ပင့်ဆောင်ပြီး(၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၈ရက်) ၂၉-၈-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၉နာရီတွင် သံဃာတော်များပင့်ဆောင်၍ မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တဇဋိလ (ဓမ္မာစရိယ)
**မြို့နယ်သံဃနာယကဥက္ကဋ္ဌ (မဟာဒွါရဂိုဏ်း)**
**အဖျောက်မြို့၊ တိုက်ကြီးမြို့နယ်**
**သက်တော်(၅၈)နှစ်၊ သိက္ခာတော်(၃၈)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ မြို့ဦးသာသနာ့ရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဇဋိလ (ဓမ္မာစရိယ) မထေရ်မြတ်သည် (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ရက်) ၁၆-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်) ၁၄-၁၀-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အဖျောက်မြို့ မြို့ဦးသာသနာ့ရိပ်သာကျောင်းတိုက်၌ ဈာပနအခမ်းအနားကျင်းပပြီး အဖျောက်သုသာန်၌ အန္တိမအဂ္ဂိဈာပန ပူဇာကျင်းပမည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

### ဒေါ်ကြည်ကြည် (သထုံ)
**ဆက်သွယ်ရေးစာတိုက်မှူး၊ အဆင့်(၂)(အငြိမ်းစား)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ ၁လမ်း၊ အမှတ် ၇၉နေ (ဦးခင်-ဒေါ်တင်တင်)တို့၏သမီး၊ ဒေါ်သီသီခင်၏အစ်မ၊ (ဦးရွှေလှိုင်)၏ဇနီး၊ (ဦးသာဦးရွှေ)-ဒေါ်စန္ဒာထွဋ်၊ ဦးကျော်ဝင်း-ဒေါ်သီတာရွှေ၊ ဒေါက်တာခင်ဇော်ကြူး-ဒေါ်မဋ္ဌူရွှေ၊ ဒေါ်မာလာရွှေတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏အဘွားသည် ၁၇-၈-၂၀၁၇ရက် နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
### ဒေါ်ခင်ညွန့် (လဲချားမြို့)
**အသက်(၆၇)နှစ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ ခရစ်ယာန်ရပ်ကွက်နေ [ဦးပေါင်းအင်-ရာငင်းစု(ခ)ဒေါ်မေသိန်းနီ]တို့၏သမီး၊ (ဒေါ်သိန်းနီ)-ဦးရီအောင်၊ (ဦးစိုင်းခင်အောင်)-ဒေါ်မာစီအောင်တို့၏ညီမ၊ (ဦးမောရစ်)-ဒေါ်သိန်းတင်၊ ဒေါ်ထွေးခိုင်-(ဦးရွှေမြင့်)၊ ဒေါ်ရွှေအိမ်-ဦးရှမွေလတို့၏ညီမ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ [ဦးကျော်ထွန်း(ခ)ဦးထွန်းညွန့်]၏ချစ်လှစွာသောဇနီး၊ (ဦးစိုင်းထွန်းညွန့်ဦး)-ဒေါ်နန်းမိုးမိုးခမ်း၊ ဦးစိုင်းခင်ကျော်-ဒေါ်နန်းဟွမ်၊ (နန်းမွေခမ်း)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားသည် ၁၆-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၀နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၈-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ ၇လမ်း၊ တိုက် A-5၊ အခန်း ၁၀၁ နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

### ဦးအေးထွန်းလင်း
**[အနုပညာရှင်(၁)၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတ]**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းကျေးရွာနေ (ဦးကျော်စိန်-ဒေါ်နှင်းလှ)တို့၏သား၊ ဦးထွန်းစိန်-ဒေါ်မြသန်းကြည်တို့၏သားသမက်၊ အရာခံဗိုလ်ဦးမောင်ကြီး၏တူ၊ (ဒေါ်တင်မြ)၊ (ဦးဉာဏ်စိန်)၊ ဒေါ်ကြွေစိ၊ ဒေါ်ခင်ဆုတို့၏မောင်၊ ဦးမြင့်ရွှေ၏အစ်ကို၊ ဒေါ်စန်းတိုး(ခ)ဒေါ်ဘူးသီး၏ခင်ပွန်း၊ မလွဲ့လွဲ့ထွန်း (MRTV)၊ ကိုကျော်ကိုကို(MRTV)တို့၏ဖခင်၊ မရွှေပိုးအိ၏ အဘိုးသည် ၁၇-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် တပ်ကုန်းမြို့ တရော်ပင်အင်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးခိုင်ထူးရှိန်း
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်း၊ ငွေကြာယံရိပ်သာ၊ အမှတ် ၂၀နေ (ဗိုလ်မှူးကြီးရှိန်း-ဒေါ်တင်တင်မြ)တို့၏သား၊ (သံအမတ်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်း-ဒေါ်ခင်တင့်ဆွေ)တို့၏သားသမက်၊ ဒေါ်ကေသီထွန်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုပိုင်ထွန်းရှိန်း(Forver Group Co.,Ltd)၊ မခိုင်ဆည်းဆာထွန်း(Air Bagan Public Co.,Ltd)(MBA 6th Batch CSIS) တို့၏ချစ်လှစွာသောဖခင်၊ (ဦးကျော်မြင့်)-ဒေါ်စောရီ၊ ဦးသောင်းရှိန်း-ဒေါ်နီတာဝင်း၊ Prof: ဦးသိန်းဇော်-ဒေါက်တာအေးအေးရှိန်း၊ ဦးအောင်ကျော်ရှိန်း-ဒေါ်အိအိသွင်၊ ဦးကျော်သူရှိန်း-ဒေါ်ခင်ပြုံးရီ၊ ဦးလင်းထွန်း-ဒေါ်ခင်လှလေးတို့၏ညီ/မောင်၊ ဦးကျော်ကျော်ဝင်း-ဒေါ်ချိုချို(Lucky Lark Trading Co.,Ltd) တို့၏အစ်ကိုသည် ၁၆-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၇ရက် (သောကြာနေ့)ညနေ ၅နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဧရာဝတီနှင့် ချင်းတွင်းမြစ် ရေကြီးမှုအခြေအနေ စိုးရိမ်ရေမှတ်ကျော်လွန်

**နေပြည်တော် ဩဂုတ် ၁၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၌ တစ်ပေခန့်နှင့် ကသာမြို့၌ ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၌ သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ တစ်ပေခွဲခန့်နှင့် မော်လိုက်မြို့၌ နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဖောင်းပြင်မြို့၌ ပေဝက်ခန့်နှင့် မော်လိုက်မြို့၌ တစ်ပေခန့် ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မော်လိုက်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)



# ရန်ကုန်ကားဈေးကွက် ပြန်လည်ဦးမော့လျက်ရှိ

**သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်မော်တော်ကား အရောင်းဈေးကွက်၌ ကားအရောင်းအဝယ် ပြန်လည်ဦးမော့လျက်ရှိကြောင်း လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းရှိ မော်တော်ယာဉ်ရောင်းဝယ်သူများထံမှ သိရသည်။

မော်တော်ယာဉ်ဈေးကွက်အနေဖြင့် ယခုနှစ် ကျောင်းဖွင့်စရာသီတွင် အရောင်းအဝယ် အေးခဲ့သော်လည်း လက်ရှိ ဈေးကွက်အခြေအနေနှင့်ပတ်သက်၍ ယာဉ်အရောင်းအဝယ်ပြုလုပ်နေသည့် ကိုမျိုးမင်းသူက "အခုရက်ပိုင်းလေးတော့ အဝယ်လေးတွေ နည်းနည်း ပြန်လိုက်လာတယ်ပေါ့။ နယ်အဝယ်လေးတွေလည်း ပြန်ဆင်းလာတော့ အရောင်းအဝယ်မဆိုးပါဘူး။ အရင်တုန်းကဆို ကျောင်းဖွင့်စရာသီဆို ကားက အမြဲတမ်းရောင်းရတယ်လေ။ ဒီနှစ်ကျတော့ ကျောင်းဖွင့်စရာသီမှာ ကျောင်းကားတွေ ဘာတွေလုပ်တာနဲ့ဆိုတော့ နည်းနည်းလေးကား အရောင်းအဝယ်အေးခဲ့ပါတယ်။ ခုနောက်ပိုင်းကျတော့ ကားအရောင်းအဝယ် ပြန်ကောင်းလာတဲ့သဘောရှိပါတယ်"ဟု ပြောကြားသည်။

အရောင်းအဝယ်ဖြစ်နေသော မော်တော်ယာဉ်ဈေးနှုန်းများနှင့်ပတ်သက်၍ ဆက်လက်ပြောကြားရာတွင် "ဈေးနှုန်းအနေနဲ့ ပြောရမယ်ဆိုရင် ငွေကျပ်သိန်း ၁၀၀ ကနေ ၁၅၀ ဝန်းကျင် ကားလေးတွေကတော့ ပိုဖြစ်တာပေါ့။ ဒီကြားထဲမှာ စလစ်ကပ်ကားလေးတွေ၊ နံပါတ်ထွက်ပြီးသား ရန်ကုန်လိုင်စင်ကားလေးတွေအဲဒီလိုမျိုး ငွေကျပ်သိန်း ၃၀၀ နဲ့ ၃၅၀ ဝန်းကျင် အစားစားပေါ့။ ရှေ့ငါးတို့ မတ်အိတ်စ်တို့လို ကားအမျိုးအစားပေါ်လိုက်ပြီး crown တို့လို ကားမျိုးလေးတွေတော့ အရောင်းအဝယ်ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

*စာမျက်နှာ ၈ ကော်လံ ၅* ❄



မြန်မာခြင်းလုံးအသင်း ရွှေတံဆိပ်ထပ်မံဆွတ်ခူးပြီးနောက် ပျော်ရွှင်စွာအောင်ပွဲခံနေစဉ်

# မြန်မာခြင်းလုံးအသင်း ရွှေတံဆိပ်ထပ်မံဆွတ်ခူး

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်(ခေတ္တမလေးရှား)**

**ကွာလာလမ်ပူ ဩဂုတ် ၁၇**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းခြင်းလုံးပြိုင်ပွဲ ဒုတိယနေ့ကို ဩဂုတ် ၁၇ ရက်က ကျင်းပရာ မြန်မာခြင်းလုံးအသင်းက ရွှေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာခြင်းလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်သည့် Event-4 ပြိုင်ပွဲကို အသင်းလေးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနှင့်လာအိုအသင်းတို့ ဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် မြန်မာအသင်းသည် လာအိုအသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး ၁၄၉ မှတ်-၁၄၈ မှတ်ဖြင့် တစ်မှတ်အသာရကာ ရွှေဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပထမပွဲတွင် ရမှတ် ၇၀ စီ တူညီနေခဲ့ပြီး ဒုတိယပွဲတွင် မြန်မာအသင်းက ၇၉ မှတ်- ၇၈ မှတ်ဖြင့် တစ်မှတ်သာကာ ပွတ်ကာသီကာဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲအပြီးတွင် လာအိုအသင်းက မြန်မာအသင်းရခဲ့သည့် နောက်ဆုံးအမှတ်နှင့် ပတ်သက်၍ ပွဲအပြီးတွင် ကန့်ကွက်ကြရာ ဆုပေးပွဲအခမ်းအနားကို နောက်ဆုတ်ခဲ့ရပြီး ညပိုင်းမှသာ ကျင်းပခဲ့ရသည်။

မြန်မာခြင်းလုံးအသင်းသည် ယခုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားနှစ်ခုယှဉ်ပြိုင်ခဲ့ရာ Event -2 နှင့် Event-4 ပြိုင်ပွဲနှစ်ခုစလုံးတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့သည်။ မြန်မာခြင်းလုံးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် သုံးကြိမ်ဆက်တိုက် ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။